
www.burmeseclassic.com
ပန်းမြတ်အင်ကြင်း
ပြေသိမ့်ရာ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဖြေသိမ့်ရာ
## ပန်းမြတ်အင်ကြင်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၀၈၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၃၅၀၇၀၇
ထုတ်ဝေသူ
ဒေါ်ပိုင်းသဇင်ဒွေးလှိုင်
(အောင်ပိုင်မင်းစာပေ)
အမှတ်–၂၂၂၊ စက်ရုံလမ်း၊ ဒေါ်ပုံမြို့
အတွင်းနှင့်အဖုံးပုံနှိပ်
ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)
၁၀၆၊ တာမွေလမ်း၊ တာမွေမြို့
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာထုတ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀) ကျပ်

*မလင်းတစ်လင်း ခွဲစိတ်ခန်းတစ်ခု။*

'သား… သား၊ သားကို ရှာပေးပါ'

အသက်ငင်နေသော အန်ကယ်ကြီးကိုကြည့်၍ ကျွန်မ စိတ်ညစ်သွားပြီး အသက်ကယ်နိုင်ရန် အမြန်ကြိုးစားလိုက်သည်။ ဆေးထိုးအပ်အသစ်ကိုဖောက်၍ အသက်ကယ်ဆေး ထိုး၍ အသက်ကယ်ရန် ကြိုးစားလိုက်သည်။

ထိုအန်ကယ်ကြီးက ခံစားနေရသော ဝေဒနာကြောင့်လား၊ ဆေးထိုးအပ်ကြောင်းလား မသိ။ မျက်ရည်တွေ စီးကျလာသည်။ လူကြီးတစ်ယောက် ကျွန်မရှေ့တွင် ဒီလိုဖြစ်နေတော့ ကျွန်မဘယ်လိုမှ မကြည့်ရက်ပါ။

'အန်ကယ်… ကျွန်မ ဘာလုပ်ပေးရမလဲ၊ ဘယ်ကို အကြောင်းကြားပေးရမလဲ'

ကျွန်မက တတ်နိုင်သမျှကူညီရန် ဆုံးဖြတ်ပြီး မေးလိုက်သည်။ လူနာတစ်ယောက် ကျွန်မလက်ထဲသို့ သေလုမျော



www.burmeseclassic.com

www.burmeseclassic.com

ပါး ရောက်လာတာ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။ ကျွန်မက အခုမှ သင်ထောက်ဆရာဝန်ပေါက်စ မဟုတ်လား။

ထိုလူကြီး၏ လက်တွေက ခေါင်းအုံးအောက်မှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ လက်ထဲတွင် ပိုက်ဆံအိတ်တစ်လုံးပါလာသည်။ ကျွန်မက အလိုက်မသိစွာ ထိုအန်ကယ်ကြီး ဘာလုပ်မည်ဟု စောင့်ကြည့်နေမိသည်။

'ဆရာမ… ကယ်ပါ၊ ကယ်… ပါ'

ထိုအန်ကယ်ကြီးက ပိုက်ဆံအိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူပြီး ကျွန်မလက်ထဲသို့ ထည့်ပေးလိုက်သည်။

'ဆရာမ… တွေ့အောင်… ရှာ…'

ဘုရားရေ… အန်ကယ်ကြီး အသက်မရှိတော့ဘူးလား။ ကျွန်မ အမြန်ဆုံးကုသမှုတွေ ထပ်လုပ်လိုက်သော်လည်း အသက် ပြန်မလည်လာတော့ချေ။

တိုက်နယ်ဆေးရုံလေးတစ်ရုံ၏ လက်ထောက်ဆရာဝန်မလေးလက်ထဲတွင် လျှို့ဝှက်ချက်တစ်ခု… ဟု မဟုတ်ဘဲ လူနာတစ်ယောက် လောကကြီးထဲမှထွက်ခွာသွားချေပြီ။


ထိုဆရာဝန်မလေးသည်…

♥ ♥ ♥ ♥ ♥



BURMESE CLASSIC

# အပိုင်း(၁)



www.burmeseclassic.com

လှပအေးချမ်းသော ဆောင်းနံနက်ခင်းလေးတစ်ခု၌ တောင်စောင်းလေးပေါ်တွင် မေးတင်၍ ဆောက်ထားသော အိမ်ကလေးတစ်လုံး၏ရှေ့၌ အမျိုးသမီးလေးတစ်ယောက် ရပ်နေသည်။

နံနက်ခင်း ဆောင်းနှင်းပွင့်တို့နှင့်အပြိုင် အမျိုးသမီးလေး၏အလှအပက ထင်ရှားနေသည်။ လေထဲမှာ သူမ၏ ဆံနွယ်ရှည်တို့က ကပိုကရို တလွင့်လွင့်။ လုံချည်ရှည်ရှည် အနားစတို့ တဖျပ်ဖျပ်နှင့် ရိုက်ခတ်နေသည်။

အမျိုးသမီးလေးက အေးစိမ့်လာဟန်ဖြင့် ဆွယ်တာ အင်္ကျီကို ဆွဲစေ့လိုက်သည်။ ထိုစဉ်မှာပင် မြင်းလှည်းတစ်စီးက အမျိုးသမီးလေးဘေးတွင် ထိုးရပ်သွားသည်။

---



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဆရာမက အံ့စောကြီး ရောက်နေတာကိုး၊ ကျွန်တို့က ဘုရားတာဝန်ခံကြီးနေတာဗျ၊ ရထားက စောရောက်လို့ထင်တယ်'

ရှမ်းသံဝဲနေသောလူကြီး၏အသံကို မနည်းနားထောင်ရင်း ပြုံးလိုက်မိသည်။

'ဆရာမက ဒီမှာနေမလို့လား၊ ဆေးရုံဝင်းထဲမှာ မနေဘူးလား'

'ဒါ… ကျွန်မအိမ်ပဲ၊ ကျွန်မ ကိုယ့်အိမ်မှာပဲ နေချင်တယ်၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ ဆေးရုံမှာပဲ အနေများမှာပါ၊ ကဲ… ဦးကြီး၊ ကျွန်မ မိုးလင်းမှပဲ လာခဲ့မယ်'

ကျွန်မ အထုပ်ကိုကောက်ဆွဲ၍ အိမ်ဘက်သို့ လျှောက်ခဲ့သည်။

ဒီအိမ်ကလေးသို့လာလျှင် ပထမဆုံး တောင်တက်မြေနီလမ်းလေးတွေ့ရမည်။ မြေနီလမ်းလေးမှာ ထင်းရှူးပင်တွေက အစီအရီ။ မြေနီလမ်းလေးမှ တောင်ကုန်းထိပ်သို့ ရောက်သောအခါ သစ်လုံးတွေနဲ့ ခြံခတ်ထားသော ခြံတိုင်အပုလေးတွေနှင့်ခြံကလေးကို တွေ့ရမည်။

ပြီးတော့ ခြံလေးထဲမှာ တောင်ကုန်းအစွန်းကို မှေးတင်





၍ ဆောက်ထားသော သစ်လုံးအိမ်ကလေးကို တွေ့ရမည်ဖြစ်သည်။ အိမ်ကလေးရဲ့တစ်ဘက်မှာ ချိုင့်ဝှမ်းကြီးတစ်ခုရှိ၍ ရေအိုင်ကြီးတစ်အုံ ပည်း ရှိပါသည်။ တောပန်း တောင်ပန်းတွေက အရောင်အသွေးစုံလင်စွာ…။

ကျွန်မ ဒီအိမ်ကလေးကို နေခွင့်ကြုံချေပြီ။ ကျွန်မ စိတ်ကူးယဉ်အိပ်မက်ထဲက အိမ်ကလေးပေါ့။

အိမ်တံခါးဖွင့်လိုက်တော့ လူမနေတာကြာပြီမို့ အသံက ချိုးချိုးချွတ်ချွတ် မြည်နေသည်။ ပစ္စည်းတွေ တစ်ချက်ချ၍ အိမ်ကိုကြည့်လိုက်မိသည်။

လူမနေတာကြာ၍ ဖုန်တွေနှင့် ဟောင်းနွမ်းနေသော ပစ္စည်းများမှအပ အရင်အတိုင်းပင် ဖြစ်သည်။ ကျွန်မသည် ကျေနပ်နှစ်သိမ့်စွာဖြင့် အိမ်တံခါးတွေကို လိုက်ဖွင့်လိုက်သည်။

အနည်းငယ်လင်းရှင်းသွားသော အိမ်ခန်းကိုကြည့်ပြီး ရှင်းလင်းစရာရှိသည်များ ရှင်းလင်းလိုက်သည်။ မီးလင်းဖိုရှိရာသို့ သွားကြည့်လိုက်သည်။ ထင်းစများက ရှိနေဆဲ။

အဘွားကို ဖျတ်ခနဲ သတိရလိုက်သည်။ ဒီအိမ်လေးရဲ့ ရာဇဝင်မှာ အဘွားက အဓိကကျသည် မဟုတ်ပါလား။

ပြတင်းပေါက်မှတစ်ဆင့် ခြံထဲသို့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြက်ရိုင်းပင်တို့က လေထဲတွင် လှုပ်ယမ်းလျက်။ ယခင်ကတော့ ဒီနေရာဟာ ပန်းခင်းလေးပေါ့။ အေးလေ… အားမှပဲ လူတွေခေါ်ပြီး ခြံထဲကို ရှင်းလင်းရဦးမည်။

လောလောဆယ် ရေချိုးရမည်။

အော်… ဒီမှာ ရေချိုးခန်းမှ မရှိတာ။ အနောက်ဘက်မှ ရေကန်စပ်နားသွားရမည်လေ။ ကျွန်မ ရေချိုးဖို့အရေးကိစ္စ နည်းနည်းစိတ်ရှုပ်သွားပြီး မျက်နှာသစ် ကိုယ်လက်သန့်စင်ဖို့ရာသာ ဆုံးဖြတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒီမြို့ကလူတွေရဲ့ အကူအညီကိုတော့ ယူရပါမည်။ မေမေကတော့ ကျွန်မအဖြစ်ကို မြင်ကြည့်၍ ပြုံးနေမည်လား။ ခွင့်လွှတ်ပါ မေမေ။

♥ ♥ ♥ ♥ ♥

'ဒါကတော့ ကျွန်တော်တို့ စိမ်းလန်းသာမြို့လေးကို ပြောင်းလာတဲ့ ဆရာဝန်ဒေါ်မှုံးမျက်ခြယ်ပါ'

မြို့နယ်ဥက္ကဋ္ဌက မိတ်ဆက်ပေးတာကြောင့် ကျွန်မ မတ်တပ်ရပ်၍ အားလုံးကို ပြုံးပြလိုက်သည်။

'ဆရာမကို လိုအပ်တာရှိရင် အားလုံးကူညီပေးကြပါ၊ ဆရာမ… ဒီဘက်က ကျွန်တော်တို့မြို့ရဲ့ ကျောင်းဆရာ ဦးအောင်သစ်ပါ၊ ဒီဘက်က တရားသူကြီးဦးမျိုးခိုင်ပါ၊ ဒီဘက်က…'

မြို့နယ်ဥက္ကဋ္ဌက အားလုံးနှင့် မိတ်ဆက်ပေးသည်။ ကျွန်မ မိန်းမသားတစ်ယောက်တည်းဖြစ်ပြီး ကျန်လူတွေက ယောက်ျားတွေချည်းဖြစ်သည်။ ကျွန်မ အားလုံးကို တည်ငြိမ်စွာ ပြုံးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တဲ့… ကျွန်မတော့ အခုမှပြောင်းလာတာဆိုတော့ လိုအပ်တာတွေ အများကြီးရှိဦးမှာပါ၊ အဲဒါကြောင့် ကျွန်မကို ကူညီကြပါ၊ ကျွန်မမှာ လိုအပ်တာရှိရင်လည်း ပြောကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်ရှင်'

ကျွန်မ အပြုံးချိုချိုနှင့် ပြောလိုက်တာကြောင့် အားလုံးက ကျေနပ်နှစ်သိမ့်သွားကြသည်။ ထိုစဉ်မှာပင် ကျောင်းဆရာလေး ဦးအောင်သစ်က…

'ဆရာမအတွက် ဆေးရုံဝင်းထဲမှာပဲနေရင် ပိုအဆင်ပြေမလားလို့ ကျွန်တော် စဉ်းစားမိတယ်၊ ဆရာမ အခုနေတဲ့ အိမ်က မြို့စွန်လည်းကျတော့ အရေးအကြောင်းဆိုရင် တစ်ယောက်တည်းဆိုတော့…'

ကျွန်မ မျှော်လင့်ထားပြီးသားမေးခွန်းမို့ ကျွန်မက အေးဆေးစွာပင် အဖြေပေးလိုက်သည်။

'အဲဒီအတွက်တော့ စိတ်မပူပါနဲ့ ဆရာလေး၊ ကျွန်မက ဒီအိမ်လေးမှာနေချင်တာပါ၊ ပြီးတော့ ကျွန်မအတွက် အဖော်တစ်ယောက် နောက်တစ်ပတ်လောက်ဆို ရောက်လာမှာပါ'

ကျွန်မက အကျိုးအကြောင်းရှင်းပြလိုက်တော့ကျောင်း





သံသယမဖြစ်ပါ။ အထူးသဖြင့် ခုလို တောင်ပေါ်ဒေသလေးမှာ တစ်ယောက်နှင့်တစ်ယောက် ပိုမိုစည်းလုံးချစ်ခင်ကြပြီး တခြားနယ်မှလာသူကိုလည်း ကူညီစောင့်ရှောက်တက်ကြသည်လေ။

မြင်းခွာသံ ဂလောက်ဂလောက်နှင့် စည်းချက်မှန်စွာ ကျွန်မသည့် မြင်းလှည်းပေါ်၌ တိတ်ဆိတ်စွာ ပါလာသည်။ ဆိတ်ငြိမ်မှုကို ကျွန်မ ကြာရှည်သည်းမခံနိုင်တော့…

'ရှင်က ဒီမြို့ကလား'

'ဆိုပါတော့၊ ကျုပ်က မြို့ထဲလာလိုက်သွားလိုက်ပါပဲ၊ ဆရာမ ဒီမှာနေမယ်ဆိုရင် စက်ဘီး ဒါမှမဟုတ် ဆိုင်ကယ်တစ်စီးရှိသင့်တယ်လို့ ကျုပ်ထင်တယ်'

သူက ကျွန်မ သွားရေးလာရေး ခက်ခဲမည်စိုး၍ ပြောဆန်တူသည်။ ညိုမောင်းသော သူ့အသားရောင်ကိုပဲ မြင်ခွင့်ရပြီး မျက်နှာကိုတော့ မြက်ဦးထုပ်ကြီး ခပ်ငိုက်ငိုက်ဆောင်းထားတာကြောင့် မြင်ခွင့်မရပါ။

'ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်လဲ'

ထိုသူက ခေတ္တ ငြိမ်သွားသည်။ နာမည်မေးတာ ဒီလောက်မကြာသင့်ဟု ကျွန်မ ထင်သည်။ ခဏကြာမှ ထိုသူက သက်ပြင်းရှိုက်သံနှင့်အတူ…



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်နာမည်ကို မသိချင်ပါနဲ့၊ သိလည်း ဘာမှမထူးပါဘူး၊ လမ်းကြုံလို့ ကူညီလိုက်တာပါ'

ကျွန်မက မဲ့ပြုံးလေးတစ်ချက် ပြုံးပြီး ဘာမှပြန်မပြောတော့ဘဲ ငြိမ်သက်နေမိသည်။ ယခင်ကလို စိတ်မျိုးနှင့်ဆိုလျှင်တော့ 'နာမည်လေးမေးတာတောင် ရှင်ကပဲတစ်ငြင်းနဲ့ တွန့်တိုနေလား' ဟု ရန်တွေ့မိမည်။ ယခုတော့ ကျွန်မဟာ ဆရာဝန်မကြီးဖြစ်နေပြီ။ အရာရာကို သည်းခံရင့်ကျက်ရမည်လေ။

ထို့နောက် လမ်းတစ်လျှောက်လုံး ထိုသူနှင့်ကျွန်မ စကားမပြောမိတော့။ ထိုသူက ကျွန်မ အိမ်ရှေ့မှာ မြင်းလှည်းကို ရပ်လိုက်ရင်း…

'ကဲ… ရောက်ပြီ'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ နာမည် မှုးမျက်ခြယ်ပါ'

ကျွန်မက သူ့ကို တည်ငြိမ်စွာကြည့်ရင်း ပြောလိုက်သည်။ ပြီးမှ လှည်းပေါ်မှ ဆင်းလိုက်သည်။

'ကဲ… ကျွန်မ သွားမယ်'

'ဆရာမ…'

သူက ကျွန်မကို လှမ်းခေါ်တာကြောင့် နောက်သို့





ပြန်လှည့်ကြည့်လိုက်သည်။

'ကျုပ်… ဆရာမနာမည် သိပြီးသားပါ၊ ကျုပ်နာမည်ကိုလည်း တစ်နေ့ ဆရာမကို ပြောပြမှာပါ'

ဘာအဓိပ္ပာယ်မှန်း ကျွန်မ မသိပေမယ့် ထိုသူ့အသံတွေက အေးစက်စက်ဖြစ်နေသလို ကျွန်မခံစားရသည်။ ကျွန်မ ဘာမှ ပြန်မပြောနိုင်ဘဲ ရပ်ကြည့်နေမိသည်။

မြင်းလှည်းက ကျွန်မရှေ့မှ ဖြည်းညင်းစွာ စတင်ထွက်ခွာသွားသည်။ မြင်းလှည်းကို မျက်စိတစ်ဆုံး လိုက်ကြည့်နေမိပြီးမှ အိမ်ထဲဝင်ရန် သတိဝင်လာတော့သည်။

ဒီလူ ဘာကြောင့်များ ကျွန်မ နာမည်နှင့်အိမ်ကို သိရပြန်တာလဲ။ အိုး…ဒီမြို့လေးက ကျဉ်းကျဉ်းလေးပဲလေ။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ သိတာနေမှာပေါ့ဟု ကိုယ့်ဘာသာမေး ကိုယ့်ဘာသာ ပြန်ဖြေလိုက်မိသည်။

ကျွန်မသည် အိမ်လေးထဲတွင် လုပ်စရာရှိသည်များကို အမြန်ရှင်းလင်းပြီး အခန်းလေးတစ်ခန်းထဲတွင် အိပ်ယာခင်းရသည်။ ညက မှောင်စပြုလာပြီဖြစ်၍ မီးလင်းဖိုလေးဖိုရသည်။

ရန်ကုန်မှ ကျွန်မနေသော အိမ်ကြီးနှင့် တခြားစီပြီပေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို သဘောကျမိသည်။ အိမ်ထဲမှာ တီဗွီမရှိ။ [illegible]ရှိ။ ထွန်းပျူတာမရှိ။ မြို့ပွန်ဘက်မို့ လျှပ်စစ်မီး [illegible] ရှိသေး

အိပ်ရည်း ခပ်ကောင်းကောင်းပါပဲ။ ညဘက် စောစော အိပ်ပြီး မနက်စောစောထလို့ရတာပေါ့ဟု တွေး..မိုက်သည်။ ကျွန်မတို့ယ်တိုင်ကလည်း ထိုအဆောင်အယောင်တွေကြားမှ ပြေးထွက်လာခဲ့ခြင်းသာ ဖြစ်သည်။ ကျွန်မကိုကြည့်၍ သူငယ်ချင်းများက အပြစ်တင်သည်။

'သူများတွေက နယ်မကျချင်လို့၊ နင့်အလှည့်ကျမှပဲ နယ်စွန်နယ်ဖျားကို တောင်းလျှောက်ရတယ်လို့'

သူငယ်ချင်းတွေ အပြစ်တင်သမျှကို ကျွန်မ ပြုံးပြုံးလေး တုံ့ပြန်သည်။ ထိုအဖြစ်ကို မေမေက သိသွားသောအခါ -

'သမီးက တမင် နယ်ကိုတောင်းပြောင်းတာဆို၊ ဟုတ်လား'

ဟု မယုံကြည်နိုင်သောမျက်ဝန်းဖြင့်မေးသည်။ ကျွန်မလည်း လိမ်ညာရန်မစဉ်းစားဘဲ ညင်သာစွာ ခေါင်းညိတ်ပြရင်း...

'ဟုတ်ပါတယ် မေမေ၊ သမီးကိုယ်၌က ပြောင်းချင်လို့ပါ၊ နယ်တောင်းလိုက်တာပါ'

'သြော်... မေမေက သူ့ဘာသာသူ ကျတယ်ထင်လို့၊ ငါ့သမီးက နယ်တောင် ပြောင်းယူတာကိုး၊ ဟင်း... ဟင်း'

မေမေ့ရယ်သံက အခ်ပ္ပာယ်တစ်မျိုးပါနေတာကြောင့် ကျွန်မ နေရထိုင်ရကျဉ်းကြပ်သွားသည်။

'သမီး နယ်သွားတာ မကြိုက်ဘူးလား မေမေ'

'ကြိုက်တယ် မကြိုက်ဘူးဆိုတာ မရှိပါဘူး၊ ဒါပေမဲ့ သမီးနဲ့မေမေ မလိုက်နိုင်ဘူးဆိုတာ သိပါတယ်နော်၊ မေမေက မွေးကတည်းက ရန်ကုန်မှာပဲနေလာတာကွဲ့၊ နယ်ဆိုတာ ခဏ တဖြုတ်ပဲ ကောင်းတယ်'

မေမေက စကားကို ဆက်မပြောတော့ဘဲ ငြိမ်သက်နေသည်။ စိန်ပွဲစားလုပ်နေသော စိန်ရောင်ဝဏ်ရောင် တောက်နေသော မေမေသည် နယ်စွန်နယ်ဖျားကို မကြိုက်နှစ်သက်ခြင်းမှာ အထူးအဆန်းတော့ မဟုတ်ပါ။

'ရပါတယ်၊ မေမေ့ကို သမီး အပူမပေးပါဘူး၊ သမီး ရောက်တဲ့နယ်ကို ကိုယ့်ဘာသာကိုယ်သွားပြီး တာဝန်ကျေအောင် ထမ်းဆောင်မှာပါ'

မေမေ့ကို ဆန့်ကျင်ပြောချင်တာ မဟုတ်ပေမယ့်







www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရင်ထဲမှ မွန်းကြပ်မှုတွေကို ဒီလိုနည်းနှင့်သာ ဖြေဖျောက်ရမည် မဟုတ်ပါလား။

ခွင့်လွှတ်ပါ မေမေ။

ထိုနေ့က တင်းမာခက်ထန်နေသော မေမေ့မျက်နှာကို ကျွန်မ မြင်ယောင်ဆဲ ဖြစ်သည်။

♥ ♥ ♥ ♥ ♥

အားကိုးတကြီး မော့ကြည့်နေသော မျက်နှာတစ်ခု။ ဘာလုပ်ရမှန်း မသိ။ ပျာယာခပ် သွေးပျက်နေသော ကျွန်မ။

ထိုလူကြီးက စကားတစ်ခွန်းပြောရန် အတော် အားယူနေရသည်။ နေဦး။ ဒီလူကြီးကို ဘယ်လိုကုသမှုပေးမလဲ။ ကျွန်မဦးနှောက်ထဲမှ အကာနှံ့ပေါင်းများစွာ အလုပ်လုပ်နေသည်။

ထိုလူကြီးပါးစပ်မှာ ဖြည်းညင်းစွာ လှုပ်လာသည်။ ကျွန်မ အနားကပ်၍ နားထောင်လိုက်သည်။

'ဆရာမ··· ကယ်ပါ၊ ကယ်··· ပါ'

ဘုရား။ ဒါ ကျွန်မကို အားကိုးတကြီး ပြောနေပြီ။ သူ့အသက်ကိုကယ်ရန် ကျွန်မလက်ထဲသို့ယုံကြည်စွာ သူ့အသက်ကို အပ်နှင်းလေပြီ။


www.burmeseclassic.com

www.burmeseclassic.com

ဒီအဆောင်းတလင်း ခွဲစိတ်ခန်းအောက် ကျွန်မ၏ချွေး [illegible] တစ်စက်ချင်းကျနေသည်။ ကျွန်မကို အားကိုး [illegible] ကျွန်မကို တာဝန်တွေအပ်နှင်းပြီး ထွက်သွား [illegible]ကြီး၏ ယုံကြည်ကိုးစားမှု။

ဘုရားရေ။ ကယ်ပါ။ ကျွန်မကို ကယ်ပါ။ ကျွန်မ ကြောင့် ဒီလူကြီး ဘာမျှ မဖြစ်ပါစေနဲ့။ ကျွန်မ ရင်ထဲမှ စိုးထိတ်မှုများ။ ထိုလူကြီးရဲ့ အသက်ငင်နေသော မျက်နှာ။

အသက်ကယ်ဆေးတစ်လုံး။

'တွေ့… အောင်… ရှာ'

'အား…'

ချွေးတွေ။ တစ်ကိုယ်လုံး ချွေးတွေနှင့် ရွှဲနစ်နေသည်။

အိပ်မက်ဆိုးတွေ မက်နေပြန်ပြီ။

'မဟုတ်ဘူး၊ ကျွန်မကြောင့် မဟုတ်ရပါဘူး၊ ကျွန်မ လုပ်တာ မဟုတ်ဘူး'

အကြိမ်ပေါင်းများစွာ ရေရွတ်နေမိသော စကားကို ထပ်၍ ရေရွတ်မိပြန်သည်။ အရမ်းမြန်နေသော နှလုံးခုန်သံတွေကို ပြေပျောက်စေသောငှာ ရေသောက်၍ အိပ်ယာထဲမှ ကျုံးထလိုက်သည်။





'အား…'

ကျွန်မတစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်ပျော့ခွေနေသည်။ အ ယ်သောခံစားချက်များ။ ပြီးတော့ ကြောက်ရွံ့မှုများ။ ခွင့်လွှတ်ပါ။ ခွင့်လွှတ်ပေးပါ။

ကျွန်မသည် ရှိသမျှအင်အားတွေ ဆုတ်ယုတ်လာသလို ခံစားရသည်။ မျက်ရည်တို့က တစ်ပေါက်ချင်း လိမ့်ဆင်းလာသည်။ တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းများ အေးစက်နေသောလက်များ။ ဆိတ်ငြိမ်တိတ်ဆိတ်ခြင်းများအားလုံးက ကျွန်မကို နှိပ်စက်နေသည်။

ဒီလက်ပေါ်မှာ… အို… ဒီလက်တွေနဲ့ ကျွန်မ လူနာကို ဘယ်လိုကုရမလဲ။ ဒီလက်တွေနဲ့…။

ကျွန်မသည် လက်ဆယ်ချောင်းကို တုန်ယင်စွာထောင်ကြည့်လိုက်သည်။

မတွေးနဲ့။ ဒါတွေ မတွေးနဲ့တော့။ ကျွန်မသည် ခုတင်ပေါ်မှ အားကုန်ထလိုက်သည်။ ပြီးနောက် ရေဘူးရှိရာသို့ အလျင်စလိုသွားပြီး ရေဘူးကို တစ်ဟုန်ထိုးမော့ချလိုက်သည်။

ရင်ထဲမှာ အနည်းငယ် အေးသွားသလိုတော့ ခံစားရသည်။ နံနက်ခင်းလေးက မလှပတော့ပါ။ ကျွန်မအတွက်တော့



www.burmeseclassic.com

www.burmeseclassic.com

မောလျှော နိုးသာခဲ့ပြီ။

ဒီခံစားချက်ကြီးက ဘယ်တော့မှ လွတ်မြောက်မှာလဲ။

ကျွန်မသည် ခေါင်းထဲမှ အတွေးတွေကို အမြန်ဆုံး ဖယ်ထုတ်လိုက်ပြီး လုပ်စရာရှိသည်များကို အမြန်ဆုံး လုပ်နိုင်ရန် ကြိုးစားလိုက်သည်။

မျက်နှာသစ်၊ မီးသွေးမွေး၊ ရေနွေးကျို၊ ထမင်းအိုးတည်။ ကျွန်မအတွက်တော့ လုပ်စရာတွေက များလှသည်။ အိမ်မှာ မေမေချက်ပေးသော ထမင်းဟင်းကို အဆင်သင့်စားခဲ့သော ကျွန်မကို မေမေသိလျှင် သနားနေမည်လား။ ရယ်မောနေမည်လား။

မေမေနှင့်ကျွန်မတို့သားအမိက အရမ်းပျော်ဖို့ကောင်းသလို ခဏခဏလည်း ရန်ဖြစ်ရသည်။ အဲဒါက မေမေ ကျွန်မကို သိပ်မချစ်ဘူးလို့ထင်ရင်ပေါ့။ ကျွန်မက မေမေ့အချစ်ကို အရမ်းခံစားချင်သူလည်း ဖြစ်သည်။

ကျွန်မ နောက်ဆုံးနှစ်ရောက်သည်အထိ မေမေ့ပေါင်ပေါ်တွင် ခေါင်းအုံးပြီးအိပ်လျက် မေမေက ကျွန်မဆံနွယ်တွေကို ခပ်ဖွဖွကိုင်ပြီး 'မေမေ့သမီးက ကလေးလုပ်ချင်တုန်းပဲကိုး' ဟု ပြောနေကြဖြစ်သည်။ အခုတော့ တစ်နယ်တစ်ကျေးမှာ





ကျွန်မတစ်ယောက်တည်းပါ။

အို… ဒီလမ်းက ကျွန်မရွေးချယ်ခဲ့တဲ့ လမ်းပဲလေ။ ကျွန်မ လျှောက် ှာပေါ့။

ကျွန်မသည် ချမ်းစီးသောနံနက်ခင်းတွင် လုပ်စရာရှိသည်များ အဆက်မပြတ်လုပ်၍ ကြိမ်ခြင်းလေးဆွဲပြီး ဆေးရုံဘက်သို့ လျှောက်ခဲ့သည်။

'ဟာ… ဆရာမ အစောကြီးပဲ'

လမ်းတွင် သားဖွားဆရာမလေး နော်အဲမူနှင့်တွေ့၍ ကျွန်မဆွဲခြင်းကို အတင်းလုဆွဲသည်။

'မဆွဲပါနဲ့ မနော်ရယ်၊ အားနာစရာကြီး၊ ဖယ်…ဖယ်'

'အို… ဆရာမကလည်း ကြုံတုန်း ဆွဲပေးပါရစေ၊ နောက်ဆို ကျွန်မက ရွာတွေလှည့်ပြီး သွားရဦးမှာဆိုတော့ ဆရာမနဲ့က ကြုံဖို့မလွယ်ဘူးလေ'

'ဟုတ်သားပဲနော်၊ ဆရာမ လိုအပ်တာတွေ ဆေးရုံက ယူသွားနော်၊ အရေးပေါ်လူနာရှိရင်လည်း အမြန်ဆေးရုံကိုပို့ပေးဖို့ ရွာတွေကလူတွေကို မှာခဲ့ဦး'

'ကောင်းပါပြီ ဆရာမ'

နယ်ကလူတွေက ဆေးရုံကို လာရမှာ အရမ်းကြောက်



www.burmeseclassic.com

www.burmeseclassic.com

ကြတာကြောင့် ဆေးရုံသွားဖို့ကိုပင် တိုက်တွန်းနေရသည်လေ။

'ဪ… ဆရာမလေးတို့ပါလား၊ ကျွန်တော် အခုပဲ မြင်းလှည်းလွှတ်လိုက်တော့မလို့ ဆရာမရဲ့'

ကျောင်းဆရာလေး ဦးအောင်သစ်က မြင်းလှည်းဂိတ်နားမှ နှုတ်ဆက်သည်။

'ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဒါပေမဲ့ ကျွန်မက ဒီလို လမ်းလျှောက်ရတာကိုပဲ သဘောကျတယ်၊ ဒါမှ သွေးနွေးသွားပြီး အချမ်းသက်သာတာလေ'

ဦးအောင်သစ်ကို ကျွန်မက ကျေးဇူးတင်စကားလည်း ပြောလိုက်ရင်း ခဏရပ်လိုက်သည်။

'ဆရာမ စားရေးသောက်ရေးရော အဆင်ပြေရဲ့လား၊ ဒီမှာ ဈေးနေ့က နှစ်ရက်၊ သုံးရက်မှ တစ်ခါလေ'

'ဪ…ဒီလိုလား၊ ဒါဆိုရင်တော့ ဈေးနေ့ကို မှတ်ထားရဦးမယ်၊ ကဲ… ဆရာရေ… သွားပြီနော်'

'ကောင်းပါပြီ ဆရာမရယ်'

ကျွန်မက ဦးအောင်သစ်ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ နော်အဲမူက ဆရာဦးအောင်သစ်ကိုကြည့်ပြီး အဓိပ္ပာယ်ပါသောအပြုံးနှင့် ပြုံးတာကြောင့်…





'. ဘာပြုံးတာလဲ မနော်ရဲ့'

'ဪ… ဆရာဦးအောင်သစ်က ဆရာမအပေါ် ဖော်ရွေတယ်လို့ တွေးမိလို့ပါ'

'မနော်ရယ်… ကျွန်မက အခုမှလာတာဆိုတော့ ကိုယ့်နှမလေးလို စောင့်ရှောက်တာနေမှာပါ'

ကျွန်မက အေးချမ်းစွာပင် တုံ့ပြန်ပြောဆိုလိုက်တော့ နော်အဲမူ ဘာမှ ထပ်မပြောတော့ချေ။

'မနော်… ဘာဆေးတွေ ဘယ်လောက်ယူသွားမယ်ဆိုတာ ကျွန်မကို သေချာစာရင်းလုပ်ပေးနော်'

'ဟုတ်ကဲ့ပါ ဒေါက်တာ'

'ကျွန်မလည်း ရွာတွေကို ကွင်းဆင်းဖို့လိုက်ချင်တာ၊ ဆေးရုံကလည်း ပစ်ထားလို့ မရပြန်ဘူးလေ'

'နောက်ထပ် ဆရာဝန်တစ်ယောက် ရောက်လာတော့မှပဲ ဒေါက်တာလိုက်ပေါ့၊ ရွာတွေကို သွားရတာ သိပ်ပျော်ဖို့ကောင်းတာ ဒေါက်တာရဲ့၊ ကဲ… ကျွန်မလည်း သွားလိုက်ဦးမယ် ဒေါက်တာ'

မနော်က သူ့ရဲ့ဆေးအိတ်ကြီးကို ဆွဲပြီး ထလိုက်တာကြောင့် ကျွန်မလည်း လူနာတွေကိုကြည့်ရန် နားကြပ်ယူလိုက်ပြီး…


www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း ရောင်း(လ်)လိုက်ဦးမယ်၊ ကောင်းသောခရီးဖြစ်ပါစေ'

ဆေးအိတ်လေးနှင့် ထွက်သွားသော ဆရာမ နော်အဲမူကိုကြည့်ပြီး ကျွန်မ သက်ပြင်းခပ်ဖွဖွ ရှိုက်လိုက်သည်။ ဆရာမလေးတို့လည်း အတော်ပင်ပန်းလှသည်။ ဒီလို ဆရာဝန်ဆရာမရှားပါးသော တောင်ပေါ်ဒေသလေးသို့ပြောင်းလာမိတာ ပထမဆုံးအကြိမ်အဖြစ် ပီတိဖြစ်သွားမိသည်။

တကယ်လိုအပ်တဲ့နေရာမှာ လာပေးတာဟာ တကယ့်ကို ကုသိုလ်ရပါသည်။

ကျွန်မလည်း ဆေးရုံပေါ်မှ လူနာတွေကို တစ်ယောက်ချင်း ဂရုတစိုက် လိုက်လံကုသပေးသည်။ တချို့ကလည်း တော်တော်နွမ်းပါးကြသည်။

'ဆရာမ… ကျွန်မယောက်ျားကို သေချာကုပေးပါဆရာမရယ်၊ ကယ်ပါနော်၊ ကျွန်မ ဆရာမ ကျေးဇူးကို မမေ့ပါဘူး၊ စပါးပေါ်ရင် စပါးနဲ့ လာကန်တော့ပါ့မယ်'

မိန်းမကြီးက ကျွန်မလက်ကိုဆွဲပြီး ပြောနေတာကြောင့် ကျွန်မမှာ ရယ်လည်းရယ်ချင်။ တောခလေ့ကို တွေးပြီးစိတ်ထဲမှာ တစ်မျိုးလည်း ခံစားရသည်။ သူတို့ဆီမှာ ငွေကို





အမိကမင( း)ကြတာတော့ တစ်မျိုးကောင်းပါသည်။

ကျွန်မက လူနာရှင်တွေရော၊ လူနာတွေပါ နှစ်သိမ့်ရသည်။ ကျွန်မတို့ကျောင်းတက်တုန်းက ဆရာကြီးပြောသလို

'နှစ်သိမ့်ခြင်း၊ အားပေးခြင်းဟာလည်း ကုသခြင်းတစ်မျိုးပဲ' ဟူသောစကားကို ကြားယောင်လာမိသည်။ ထို့ကြောင့် လူနာတွေကိုတက်နိုင်သလောက် နှစ်သိမ့်အားပေးခြင်းဟာလည်း မမှားဟု ကျွန်မ ထင်ပါသည်။

နေ့လယ် ထမင်းစားချိန်ရောက်တော့ ကျွန်မ ရုံးခန်းထဲတွင် ထမင်းချိုင့်ကလေးဖွင့်ပြီး စားဖို့ပြင်သည်။ ထိုစဉ်မှာပင် အမျိုးသမီးတစ်ယောက်အသံ ကြားရသည်။

'ဆရာမ… ကျွန်မ ဝင်ခဲ့မယ်နော်'

ဟင်းခွက်တစ်ခွက်ကို ကျွန်မစားပွဲပေါ် ချပေးရင်း…

'ဆရာမ စားဖို့ပါ၊ ကျွန်မ ကိုယ်တိုင်ချက်ပြီး ဖယ်ထားတာပါ'

'အို… အားနာစရာ အစ်မရယ်၊ မလုပ်ပါနဲ့'

'စားပါ ဆရာမရယ်၊ ဒါမှ ကျွန်မလည်း ဝမ်းသာရမှာ၊ ကျွန်မတို့က ဒါပဲ တတ်နိုင်လို့ပါ'

ကျွန်မလည်း လာပို့သူကျေနပ်အောင် လက်ခံထားရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ထိုအမျိုးသမီးထွက်သွားပြီး လူတစ်ယောက် ဝင်လာပြန်သည်။

'ဒေါက်တာမလေး စားဖို့ပါ'

'အို… နေပါစေ'

'ဒေါက်တာမလေးက မစာဥပေးတဲ့ ဟင်းကျတော့ ယူပြီး၊ ကျုပ် ဟင်းကျတော့…'

ထိုလူကြီးစကားကြောင့် ကျွန်မရယ်ချင်သွားပြီး ဟင်းခွက်ကို လှမ်းယူလိုက်သည်။

'ယူမယ်၊ ယူမယ်၊ ကျေးဇူးတင်ပါတယ်ရှင်'

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ဟင်းခွက်တွေ လာပို့လိုက်တာ ကျွန်မ စားပွဲလေးတစ်ခုလုံး ပြည့်လျှံသွားသည်။ ကျွန်မမှာ ဟင်းခွက်တွေကိုကြည့်ပြီး ရယ်လည်းရယ်ချင်။ ကျွန်မအပေါ် စေတနာရှိကြတာကိုလည်း ဝမ်းသာပီတိဖြစ်မိပါတော့သည်။

♥ ♥ ♥ ♥ ♥

နေရဲတိုက်သည် ကားကိုမောင်းနေတာ အတန်ကြာမှ လမ်းကြောင်းမှားနေမှန်း သတိရပြီး ကားကို ပြန်ကွေ့လိုက်သည်။

'ကျွတ်…'

သူ့ကိုယ်သူလည်း အားမလို အားမရဖြစ်မိသည်။ သူ့ရဲ့ကားလေး ဘာကြောင့်မို့ ဒီလမ်းကိုပဲ ဦးတည်နေရတာလဲ။ သူ့ကိုယ်သူ အပြစ်တင်ပြီး ကားကို ဆေးရုံရှေ့၌ ရပ်လိုက်သည်။

'ဟော… ရဲတိုက်၊ မင်းကွာ၊ နောက်ကျလိုက်တာ၊ မင်းကြည့်ရတာလဲ ငေါင်တောင်တောင်နဲ့၊ ဘာလဲ စာတွေ အကျက်လွန်နေပြန်ပြီလား'

ထင်အောင်က သူ့ပခုံးကို ခပ်ဖွဖွပုတ်ရင်း စသည်။ သူဘာမှ မပြောဘဲ ဂျူတီကုတ်ကို ဝတ်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com

'ဒီနေ့ ဘာကေ့စ်တွေ ရှိလဲ၊ ငါ ဘာလုပ်ရဦးမလဲ'

'ဘာမှမလိုပါဘူးကွ၊ ဆရာကြီး ရောင်း(လ်)မှပဲ ငါတို့လည်း လိုက်ကြတာပေါ့၊ ဒီနေ့ ဆေးရုံကြီးက အေမီတို့လည်း လာမယ်ကွ၊ ငါတို့ ကျွေးရမှာ'

ဆေးကျောင်းတုန်းက အတူတက်ခဲ့ကြကာကြောင့် သူတို့ သူငယ်ချင်းတွေအားလုံးနီးပါး ချစ်ခင်စည်းလုံးကြသည်။ ဒီလိုပဲ ရန်ကုန်မှာရှိတဲ့လူတွေဆုံပြီး စားကြသောက်ကြသည်။

အင်း… တစ်ယောက်သောသူကတော့ အဖွဲ့ထဲမှာ လစ်လပ်နေဦးမည်။ မတွေးတော့ပါဘူးဟု စိတ်တင်းထားသည့်ကြားထဲမှ သူမအကြောင်း တွေးမိပြန်သည်။ သူမအကြောင်း တွေးမိလျှင် သူ့ရင်ထဲ အလိုလိုနွမ်းလျသွားရသည်။

'ဟော့ကောင်… ဘာငေါင်သွားတာလဲ၊ ငါ သိတယ်နော်၊ ဟဲ… ဟဲ… လာစမ်းပါကွာ၊ လူနာတွေ သွားကြည့်ရအောင်'

ထင်အောင်၏ အတင်းဆွဲခေါ်မှုကြောင့် သူ နားကြပ်ကို လည်ပင်းချိတ်၍ လူနာတွေ ဝပ်ဒ်ထဲ ရောက်သွားသည်။ အဲဒီနောက်မှာတော့ လူနာတွေကို ဂရုတစိုက်စမ်းသပ်ရင်းဦးနှောက်ထဲမှ သူမအကြောင်း ပျောက်ကွယ်သွားသည်။





တစ်ခါတစ်ခါ ချောမောလွန်းသော သူနာပြုဆရာမလေးတွေကို တွေ့လျှင် ဖျတ်ခနဲ သူ တွေဝေသွားရပြန်သည်။ အဘယ်ကြောင့်ဆိုသော် သူမသည်လည်း ဆရာဝန်မပုံစံနှင့် မလိုက်ဖက်စွာ ချောမောလှပနေသည် မဟုတ်ပါလား။

သူမ၏ ချောမောလှပမှု၊ ကြင်နာတတ်မှုတို့ကြောင့် လူနာတွေရဲ့ ရောဂါတစ်ဝက်တောင် သက်သာသွားသည်ဟု ဟောက်စ်ဆင်းတုန်းက ပြောစမှတ်ပြုကြသည် မဟုတ်ပါလား။

'ဟော့ကောင်… ငမ်းမနေနဲ့'

'မဟုတ်ပါဘူးကွာ'

သူက အမြန်ငြင်းပစ်၍ တွေဝေမှုတွေ ပြေပျောက်ကာ အလုပ်ဆက်လုပ်ရပြန်သည်။ ခုဏာရုံးခန်းထဲ ပြန်နားတော့ ထင်အောင်၏ဟမ်းဖုန်းက ထမြည်လာပြီး အောက်ထပ်မှာ အေမီတို့အုပ်စု ရောက်နေပြီဖြစ်ကြောင်း သိရသည်။

'ဟော့ကောင်… အောက်ထပ်က ကန့်တင်းမှာ အေမီတို့အုပ်စု ရောက်နေပြီ၊ ငါ ဆရာဝန်ကြီးကို သွားပြောမယ်၊ နှစ်ယောက်လုံး ပျောက်သွားရင် မကောင်းဘူး၊ မင်းသွားနှင့်လိုက်'

နေရဲတိုက် ခေါင်းညိတ်ပြီး ဂျူတီကုတ်ချွတ်ကာ



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့သည်။

'ရဲတိုက်ကြီး··· ထင်အောင်ရော'

'လာလိမ့်မယ်၊ ဆရာဝန်ကြီးကို ခဏသွားပြောတယ်'

'နင်တို့က သိပ်လိမ္မာနေကြတယ်ပေါ့၊ ဟုတ်လား'

သူငယ်ချင်းတွေရဲ့ ကောင်းချီးပေးကြောင့် သူ ပြုံးလိုက်မိသည်။ အားလုံးက လက်ထောက်ဆရာဝန်တွေ ဆေးတက္ကသိုလ်မှာ ကထိကတွေနှင့် လူကြီးတွေဆန်ကုန်ကြပေမယ့် အားလုံးပြန်တွေ့တော့ တကယ့်လူငယ်လေးတွေပမာ ပြန်ဖြစ်ကုန်ကြသည်။

'ဟေ့··· ထင်အောင်၊ နင်အခုတော့ မော်ကျူရီထဲလည်း ဝင်ရဲနေပြီပေါ့၊ ဟုတ်လား'

ကျောင်းတုန်းကလို တစ်ယောက်ရဲ့ ငယ်ကျိုးငယ်နာတွေ ပြန်ဖော်ပြီး စနောက်ရယ်မောနေကြသည်။

'ဟေ့··· တိုးတိုး၊ နင်တို့က နင်တို့နေရာမဟုတ်တိုင်းလာသောင်းကျန်းမနေကြနဲ့၊ ငါနဲ့ ရဲတိုက်ကြီး သိက္ခာကျကုန်မယ်ဟေ့၊ တော်ကြာ နပ်စ်မလေး ချောချောလေးတွေက ငါတို့ကို နင်တို့နဲ့ တစ်မျိုးထင်ကုန်ပြီး အရောမဝင်တော့ရင် ဘယ်လိုလုပ်မလဲ'





'ထင်အောင် နှာဘူး၊ ရှက်လည်း မရှက်ဘူးဟေ့'

သူငယ်ချင်းမသုံးယောက်က ထင်အောင့်စကားကြောင့် ဝိုင်းပြီး ဆူပူပြောဆိုကြပြန်သည်။ တကယ်ဆို သူတို့အုပ်စုကြီးက ခုနစ်ယောက်ပါ။ နှစ်ယောက်ကတော့···။

အတွေးကြောင့် နေရဲတိုက် ငြိမ်သက်သွားမိသည်။

'ဟဲ့··· ရဲတိုက် ငြိမ်လိုက်တာ၊ ဘာလဲ၊ ကျောင်းတုန်းကလို စာတွေစွတ်ကျက်ပြီး အူနေပြန်ပြီလား'

အေမီက လှမ်းစတော့ ကေကေက တံတောင်နှင့်တွတ်၍···

'သူ့ရောဂါ နင်မသိဘူးလား၊ လွမ်းနာလေ၊ လွမ်းနာတဲ··· ဟဲ··· ကုရာနတ္ထိ'

'အေးလေဟယ်၊ မှူးကလည်း မပြောမဆို ရန်ကုန်ကိုတစ်ခေါက်တောင် ပြန်မလာဘူး'

အေးမြစကားကြောင့် အားလုံး ငြိမ်သက်သွားကြသည်။ သူတို့အားလုံး လစ်လပ်နေသော သူငယ်ချင်း နှစ်ယောက်ကို သတိရမိသွားကြသည်။

'ငါတို့အဖွဲ့ထဲမှာ သူတို့နှစ်ယောက်ပဲလိုတယ်၊ ဒီလိုနေ့မျိုးဆိုတာ အားလုံးဆုံကြရမှာ'

www.burmeseclassic.com



'အေးလေ၊ မြတ်ထွန်းကလည်း ဘာတွေ အတွေး ပေါက်ပြီး နိုင်ငံခြားထွက်သွားလည်း မသိဘူး'

အားလုံးရင်မှာ ကျောင်းတက်တုန်းက အကြောင်းတွေ ပြန်သတိရနေမိကြသည်။ ကျောင်းတုန်းက စာကျက်လျှင်အတူ ချစ်ချစ်ခင်ခင်စုစည်းကျက်ကြသလို သောင်းကျန်းတုန်းက လည်း အုပ်စုလိုက်ကြီး သောင်းကျန်းကြသည်လေ။

ခက်ခဲပင်ပန်းလှန်းသော ဆေးကျောင်းစာများကို လည်း အတူတကွ ဖြတ်သန်းကြရသည် မဟုတ်ပါလား။

'အေးမြတ်ထွန်းကတော့ ဆရာဝန်အလုပ်ကို ဝါသနာ မပါလို့ ထားပါတော့၊ မျိုးက ဘာကိစ္စ ဒီလောက်ဝေးလံခေါင် သီတဲ့နေရာကို ဘာလို့ တောင်းပြောင်းသွားလဲ ငါစဉ်းစားလို့ မရဘူး'

'အေး… ဟုတ်တယ်၊ မျိုးက ရန်ကုန်ကို ဒီလောက် သဘောကျတာ၊ သူဘာလို့များ စိတ်ကူးပေါက်သွားတာလဲ'

အားလုံး၏စိတ်က မျိုးမျက်ခြယ်ဆိုသည့် သူငယ်ချင်း မလေးဆီသို့ ရောက်သွားကြသည်။ အားလုံးထဲမှ သူက အဆိုး ဆုံးပေါ့။ သတိရလွန်းလို့ သူရှိုးတောင် ရှိုးတော့မယ် ထင်ပါရဲ့။

'အေး… ပြောင်းသွားတာ တစ်လလောက်ရှိပြီ၊ ဘာ





အဆက်အသွယ်မှ မရကြဘူးလား၊ နင်တို့ဆီရော အဆက် အသွယ် မလုပ်ဘူးလား'

ထင်အောင်က အားလုံးကို မေးလိုက်သည်။ ဟုတ်ပါ ရဲ့။ မျိုးရယ်… နေနိုင်လိုက်တာ။ နင် ဖုန်းလေးတောင် မဆက် ဘူးနော်။

'အေး… ငါတို့ကို မပြောနဲ့၊ သူ့မေမေဆီ အဆက် အသွယ်မလုပ်ဘူးတဲ့၊ ငါ ဟိုနေ့က မျိုးမေမေဆိုင်မှာ ပစ္စည်း သွားဝယ်ရင်းနဲ့ မေးလာတာ၊ သူ့မေမေတောင် မျိုးကို စိတ်ဆိုး နေတယ်'

ကေကေက ဝင်ပြောတာကြောင့် အားလုံး ငြိမ်သက် သွားကြပြန်သည်။ မျိုးက ဘာရယ်လို့များ ဒီလိုလုပ်ရတာလဲ။

'ဟဲ့… နင်တို့တွေ မျိုးကို စိတ်ဆိုးအောင်လုပ်ကြ သေးလား'

ကေကေက အားလုံးကို မေးလိုက်တော့…

'ကြဲကြဲဖန်ဖန် မိကေရာ၊ ငါတို့က ဘာလုပ်ရမှာလဲ၊ အဲ… ဟိုကောင် ရဲတိုက်နဲ့တော့ မသိဘူး'

ပြဿနာက သူ့ဘက်သို့ မြှားဦးလှည့်လာပြန်သည်။ အေမိကပါ ဝင်ထောက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ် ရဲတိုက်၊ ဒီလောက် ဆက်သွယ်ရေး ထောင်နေတဲ့ခေတ်ကြီးမှာ မှူးက ငါတို့ကို အဆက်အသွယ် မလုပ်ဘူးဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲ၊ ရဲတိုက် နင် ငါ့သူငယ်ချင်းကို ဘာများ စိတ်နာအောင် လုပ်လိုက်လဲ'

အားလုံးက မယုံသင်္ကာ မျက်ဝန်းတွေနှင့် လှမ်းကြည့်ကြတော့ သူ အမြန်ငြင်းပယ်ရသည်။

'နင်တို့ကလည်းဟာ ငါ့ကိုပဲ ဘာလို့ဝိုင်းပြောနေကြတာလဲ၊ ငါကဘာလို့ ငါ့သူငယ်ချင်း စိတ်ဆင်းရဲအောင် စိတ်နာအောင်လုပ်ရမှာလဲ၊ တကယ်ဆို ငါက မှူးကို နင်တို့ထက်တောင် ပိုပြီး စိတ်ချမ်းသာစေချင်သူပါဟာ'

သူ့စကားကြောင့် ကေကေက မျက်စောင်းထိုးလိုက်ပြီး...

'နင် အခုမှ ဒီစကားတွေ ပြောရလား၊ အရင်ကတည်းကသာ ဒီလိုပြောခဲ့ရင် ဒီလိုတွေဖြစ်လာမှာမဟုတ်ဘူး၊ ကျောင်းတက်တုန်းကတော့ ကျောက်ရုပ်ကြီးလိုလို စာကြမ်းပိုးလိုလိုနဲ့'

'အေးလေ...'

'ဟော့ကောင်ရေ... ပြဿနာအားလုံးရဲ့ တရားခံကမင်းဖြစ်နေပြီထင်တယ်'





ထင်အောင်က သူ့ပခုံးကိုပုတ်ပြီး ပြောသည်။ သူကသည်း သူ့အပြစ်နှင့်သူပါ။ ကျောင်းတက်တုန်းက မျက်မှန်တစ်လက်နှင့်စာအုပ်ပေ ကြားမှာသာ အချိန်ကုန်ခဲ့သည်။ မိန်းမလှသူငယ်ချင်းမလေးကို စိတ်မဝင်စားမိ။ ဂရုမစိုက်မိအောင်နေခဲ့သည် မဟုတ်လား။

ယခုတော့...။

ခွဲခွာရကာမှ အလွမ်းဆိုတာကို သိခွင့်ရတော့သည်။

'အေးလေဟာ... ငါကို အီးမေးလ်ပို့ပါလို့ ဒီလောက်သေချာမှာလိုက်ရဲ့သားနဲ့၊ အခုတော့ ဖုန်းလေးတစ်ချက်တောင် မဆက်ဘူး၊ သူတို့မြို့က ဖုန်းနံပါတ်လည်း ငါမသိဘူး'

သူကလေးလည်း စွာပြောလိုက်သည်။

'သူ ဟိုမှာ အထိုင်မကျသေးလို့လည်း ဖြစ်ပါလိမ့်မယ်'

'ဘယ်လိုပဲဖြစ်ဖြစ်ဟာ၊ နင်တို့ဆီ သူအဆက်အသွယ်လုပ်ရင် ငါ့ဆီ ဖုန်းဆက်ပေးဖို့နဲ့ သူ့ဖုန်းနံပါတ်တောင်းလိုက်ဖို့ မမေ့ပါနဲ့၊ ငါ့မှာ သူ့ကို ပြောစရာစကားတွေ အများကြီးရှိတယ်'

နေရဲတိုက် အားလုံးကိုကြည့်ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်မှာ တောင်းပန်စရာတွေ အပြည့်နဲ့ပေါ့ သူငယ်ချင်း မလေးရယ်။

♥ ♥ ♥ ♥ ♥

'စာကြွမ်းပိုး၊ မှန်ကြောင်၊ လေးလုံး'

ကော်ရစ်ဒါရှေ့မှာ နေရဲတိုက်ဖြတ်တော့ အော်သံတွေ စီပြီးထွက်လာသည်။ ပထမတော့ သူ့ကိုပြောနေသည်ဟုမထင်ချေ။ ထို့နောက် အသံတွေက ပိုပိုကျယ်လာတာကြောင့် သူ့ခြေလှမ်းတွေ ရပ်သွားရသည်။

'ဟဲ့… ရပ်သွားပြီဟဲ့၊ နားတော့ ကောင်းတာပေါ့နော်၊ ဒါဆို…'

'အေး… ငါက နားပါမကောင်းဘူးလို့ ထင်နေတာဟဲ့'

ဒီတော့မှ သူ့ကိုပြောနေတာ သေချာသွားပြီမို့ ချာခနဲလှည့်ကြည့်လိုက်သည်။ ပြောင်စပ်စပ်မျက်နှာလေးတွေနှင့် ကောင်မလေးတွေကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်··· ကြည့်တယ်တော့'

ထိုထဲကမှ အချောဆုံးဟု ထင်ရသော ကောင်မလေး ထဲမှ ပထမဆုံးအသံထွက်ပေါ်လာသည်။ ပြီးနောက် ရယ်သံတွေ စီညံထွက်လာတာကြောင့် နောက်ဆုံးမှာ သူကပဲ အရှုံးပေး လိုက်ရပြီး မျက်နှာပူပူနှင့် ထိုရှေ့မှလှည့်ထွက်ခဲ့သည်။

'သွားပြီတော့၊ တို့ကို ဒီလိုပဲ ထားခဲ့တော့မှာလား'

ကောင်မလေးတွေရဲ့အသံက အုပ်စုလိုက်ကြီး ဝေး မသွားဘဲ သူ့နောက်မှ ကပ်ပါလာသည်။ သူ့နောက်မှလိုက်လာတာလား။ နေရဲတိုက် ထူပူပြီး ဘာလုပ်ရမှန်းမသိတော့။ အမြန်ဆုံးနှုန်းနှင့်သာ အတန်းထဲသို့ လျှောက်လာခဲ့သည်။

ယောကျ်ားလေးဖြစ်ပေမယ့် တစ်ယောက်တည်းဆိုတော့လည်း အားငယ်တာပေါ့၊ နောက်မှာက မိန်းကလေးတွေက အုပ်စုလိုက်ကြီးလေ။

အခန်းထဲရောက်တော့ ထင်အောင်ဘေးမှာ အမြန်ဝင်ထိုင်လိုက်သည်။ အမောတကြီးဖြစ်နေသော သူ့ကို ထင်အောင်က ကြည့်၍

'ဟော့ကောင်··· ရဲတိုက်၊ ဘာဖြစ်လာတာလဲ၊ မင်းကြည့်ရတာ အမောတကောနဲ့'





သူခေါင်းတစ်ချက် ခါပြလိုက်သည်။ သူဘာဖြစ်လာတာလဲ။ ပြောပြလို့မှ မကောင်းတာ။ ယောကျ်ားကြီးဖြစ်ပြီး မိန်းကလေးတွေစတာ ခံလာရတယ်လို့ဆိုပြီး သူပဲ အရှက်ကွဲမည်လေ။ ထိုစဉ်···

'ဟဲ··· ခုံက သုံးယောက်ထိုင်ခုံလေ၊ လေးယောက်ထိုင်တော့ ကြပ်နေတာပေါ့'

'နင် ဟိုဘက်နည်းနည်းတိုး'

အမောပြေမယ်မှ မကြံသေး။ အနောက်ဘက်ဆီမှ စီညံလာသောအသံတို့ကြောင့် ရဲတိုက် လန့်သွားမိသည်။ ဒီကောင်မလေးတွေ မိန်းကလေးတွေဖြစ်ပြီး ရဲတင်းလိုက်တာ။ ဒီခေတ်မိန်းမလေးတွေဟာ ဒီလိုပဲ ထင်ပါရဲ့။

'ဟဲ့···ဟိုရှေ့မှာ နှစ်ယောက်ပဲရှိတယ်၊ တစ်ယောက်သွားထိုင်ပါလား'

'မထိုင်ရဲပါဘူး'

သူ့ကို တစ်ချက်လှမ်းကြည့်၍-

'မင်း ဒီဘက်ကိုတိုးပေးလိုက်လေ၊ ဟိုမှာ မိန်းကလေးတွေကြပ်နေတာ၊ ညီမတို့ ဒီမှာ တစ်ယောက်လာထိုင်လေးရတယ်'



www.burmeseclassic.com

www.burmeseclassic.com


ထင်အောင်ကို ဘာမှန်းမသိဘဲ ဝင်ပြော၍ သူစိတ်တိုသွားသည်။

'တောက်··· ဘာလို့ တိုးပေးရမှာလဲကွ၊ တခြားမှာနေရာတွ အများကြီးပဲ၊ ရှုပ်တယ်ကွာ၊ ငါတခြားမှာပဲ သွားထိုင်တော့မယ်'

သူက စာအုပ်တွေယူပြီး ဝိုန်းခနဲထရပ်ကာ နောက်ဆုံးခုံတန်းအလွတ်တွေဆီကို လျှောက်သွားလိုက်သည်။

'စိတ်ကြီးလိုက်တာကွယ်'

ချိုအီပျော့နွဲ့သော အသံလေးက သူ့နားထဲမှတစ်ဆင့် အသည်းနှလုံးထဲသို့ ထိုးဖောက်ဝင်ရောက်သွားပြီဖြစ်ကြောင်း နောက်များမှ သိခွင့်ရခဲ့သည်။

'မင်းလုပ်ပုံ သိပ်ရိုင်းတာပဲကွာ ရဲတိုက်'

အတန်းပြီးတော့ ထင်အောင်က သူ့ကို အပြစ်တင်စကားပြောသည်။

'ငါ အဲဒါတွေ စိတ်မဝင်စားဘူး ထင်အောင်၊ ငါ့ဘာသာငါ စာလုပ်ဖို့ပဲ စိတ်ဝင်စားတယ်၊ ငါ့ဆရာဝန် ဘယ်လိုမြန်မြန်ဖြစ်အောင်လုပ်ရမလဲပဲ စိတ်ဝင်စားတယ်'

'မင်း တယူသန်လွန်းနေပြီ'



မြတ်ထွန်းကပါ ဝင်ပြောတာကြောင့်···

'အဲဒီလိုပြောကြေးဆို ငါ့ကို တစ်လမ်းလုံးနှောင့်ယှက်လာကြတာရော၊ မိန်းကလေးတွေဖြစ်ပြီး'

'အဲဒါကတော့ ခင်လို့စတာပဲကွာ၊ မင်းက စာမှစာဖြစ်နေတော့ သူတို့မပြောနဲ့ ငါတို့တောင် အမြင်ကပ်မိတယ်'

'သွားပါတော့ကွာ၊ ငါ ဒါတွေ မသိချင်ဘူး'

'ဟိုမှာ မင်းကိုတောင်းပန်ချင်လို့ စောင့်နေတယ်'

မြတ်ထွန်းက မေးငေါ့ပြလိုက်တော့ မချောလေးယောက်ကို တွေ့ရသည်။ ထိုထဲမှ အချောဆုံးကောင်မလေးက သူ့ကို ခပ်စိုက်စိုက်ကြည့်နေသည်။

မင်း ငါ့ကို အဲလိုမကြည့်စမ်းပါနဲ့၊ အဲလိုအကြည့်တွေကို ငါကြောက်တယ်။

'မလိုပါဘူးကွာ၊ ငါ့ကို နောက်ဒါမျိုးမနှောင့်ယှက်ရင်ပြီးတာပဲ၊ သူတို့တောင်းပန်တာလည်း မခံချင်ဘူး၊ သူတို့နဲ့လည်း မသိချင်ဘူး'

သူက ပြတ်သားစွာပြောလိုက်သည်။ အခုရှုပ်မှ နောင်[illegible]လေ။

'မင်းဟာ တစ်ယူသန်ကြီးပဲ'



www.burmeseclassic.com

'အေးကွာ၊ ငါ့စိတ်က အဲလိုပဲ၊ ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ချင်ဘူး၊ အဓိကက ငါ့ဘာသာငါ အေးအေး စာ လုပ်ဖို့ပဲ'

ရဲတိုက်က ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။ သူ့ကို ဘယ်သူမှ သိပ်ပြီး အခေါ်အပြောမလုပ်တော့ သူဟာ ဆက်ဆံ ရေးမကောင်းသူ၊ တင်းမာလွန်းသူ၊ စာမှလွဲ၍ ဘာမှမသိသော သူအဖြစ် လူတွေက သတ်မှတ်ကြသည်။

မြတ်ထွန်းနှင့် ထင်အောင်ကတော့ ထိုကောင်မလေး တွေနှင့် အဖွဲ့ကျကာ နေနေတော့သည်။ တစ်ခါတစ်ရံ သူ့ကို ခေါ်ချင်သော ထိုအုပ်စုထဲမှ မျက်လုံးရူးရူးလေးတစ်စုံကို သ[illegible] ပြုမိပေမယ့် မသိချင်ယောင်ဆောင် ဘာသိဘာသာနေခြင်းမျ[illegible] ဖြင့် အချိန်တွေ ကုန်လွန်လာခဲ့ပြီ။

သူကတော့ ဆေးကျောင်း၏ ခက်ခဲလှစွာသော စာ တွေထဲမှာပင် ပျော်မွေ့နေပြီဖြစ်သည်။ အဲဒီမျက်ဝန်းလေးတစ်စုံ ကို မေ့ပျောက်ထားပါသော်လည်း တစ်ခါတော့ [illegible] ကြည့်မိပါသည်။

ပထမနှစ် စာမေးပွဲကြီးပြီးသည့်နေ့မှာတော့ သူမလေး နှင့် မဖြစ်မနေ သိခွင့်ရခဲ့သည်။ အဲဒီနေ့က စာမေးပွဲပြီးသည့်[illegible]





မို့ သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးနေသည်။

ကော်ရစ်ဒါထဲမှ သူ့ကားထားသည့်ဆီကို သွားမည် အလုပ် မိုးက ဆိုင်းမဆင့်ပါဘဲ ရွာချလိုက်သည်။ ရဲတိုက် မိုးကိုကြည့်ရင်း စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သူက မိုးရေစိုဖို့ ကိစ္စမရှိပါ။ စာအုပ်တွေ...

မထူးပါဘူးကွာ။ ဆေးစာအုပ်တွေကို ကျောပိုးအိတ် ထဲဆန့်အောင်အတင်းထိုးထည့်လိုက်သည်။ ပြီးနောက် မိုးရေထဲ ထွက်ပြေးလိုက်သည်။ သူ စာမေးပွဲပြီးလို့ ခြေကုန်လက်ပန်းကျ အနားယူချင်နေပြီလေ။

'မပြေးနဲ့...'

အသံနှင့်အတူ သူ့ပေါ်ကျနေသော မိုးရေစက်တို့က ရပ်တန့်သွားသည်။ သူ့ကို ထီးမိုးပေးသူကို လှည့်ကြည့်လိုက် သည်။ ကြင်နာတတ်သော မျက်ဝန်းအစုံဖြင့် သူ့ကိုငေးစိုက် ကြည့်နေသော သူမကို တွေ့ရသည်။

သူမ မျက်ဝန်းတွေနှင့် ရင်းနှီးနေပေမယ့် သူမနာမည် လေးကိုတောင် ခုချိန်အထိ သိခွင့်မရသေးပါ။

'တို့ကို စိတ်မဆိုးပါနဲ့နော်၊ မိုးတွေ တအားစိုနေမှာစိုး လို့ ထီးဆောင်းပေးတာပါ၊ ကားနားအထိ လိုက်ပို့ပါရဲ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com

မိုးရွာထဲမှာ အသံကို အကျယ်ကြီးအော်ပြောနေရသော သူမကို သူအားနာသွားသည်။

'မဆိုးပါဘူးကွာ၊ မင်းကိုလည်း မိုးရေတွေ စိုကုန်ပြီ'

အမှန်တကယ်ပင် သူမဆံနွယ်တို့က စိုတစ်ဝက် ခြောက်တစ်ဝက်။ သူမမျက်နှာနုနုလေးမှာလည်း မိုးရေစတွေ သီးခိုနေပြီ။ သူမကို မိုးရေထဲမှာ သူအကြာကြီး စိုက်ကြည့်နေမိပြီးမှ သူ့စိတ်ကိုသူထိန်းရင်း…

'သွားကြစို့'

သူက သူမလက်ထဲမှ ထီးကိုလှမ်းယူလိုက်ပြီး သူမကို မိုးတွေတအားစိုမှာစိုး၍ သူမဘက် ပိုတိုးဆောင်းပေးလိုက်သည်။

'ရပါတယ်၊ တို့က ကိစ္စမရှိဘူး၊ ရဲတိုက်ပဲ လုံအောင်ဆောင်းပါ၊ တို့က မိုးရေချိုးနေကျလေ'

ကောင်မလေးက ခပ်မြူးမြူးပြောလိုက်တော့ ရဲတိုက် အံ့သြသွားသည်။ သူ့နာမည်ကိုတောင် ဒီမချောလေးက သိနေပါလား။ ကားနားရောက်တော့ သူမလေးကို မိုးရွာထဲမှာ တစ်ယောက်တည်း မထားခဲ့ရက်နိုင်ပါ။

ကားထဲဝင်ဖို့ သူတွန့်ဆုတ်လေးလံနေသည်။ နောက်





ဆုံးမှာတော့ သူ သူမကို လိုက်ပို့ရန် ဆုံးဖြတ်ချက်ချလိုက်ပြီ။

'ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါ၊ မင်း မိုးရေတွေ စိုကုန်လိမ့်မယ်'

'စိုပါစေ၊ တို့ မိုးရေချိုးပြီးပြန်မှာမို့ တမင်ကြီးကိုနေခဲ့တာ'

'မရဘူး၊ ကျွန်တော့်ကားနဲ့လိုက်ခဲ့ပါ၊ ခင်ဗျားကို မိုးရွာထဲမှာ မထားခဲ့နိုင်ဘူး'

သူ့ရဲ့အမိန့်သံဆန်သော စကားကြောင့် သူမ ခပ်လှဲ့လှဲ့ ပြုံးလိုက်သည်လား မဆိုနိုင်ပါ။

'ဟိတ်… ကားပေါ်တက်လေ'

ဒီတစ်ခါတော့ သူမ မငြင်းဆန်တော့။ ကားထဲဝင်သည်။

'ကျွန်တော့်ကို ထီးနဲ့လိုက်ပို့ပေးလို့ ခင်ဗျားကို အိမ်ပြန်ပို့ပေးမှာ၊ ခင်ဗျားအိမ် ဘယ်မှာလဲပြော'

နေရဲတိုက်က သူ့ရဲ့ဖော်ရွေမှုအတွက် ဖုံးကွယ်သလိုနှင့်ပြောတော့ သူမက ခပ်လှဲ့လှဲ့ပြုံးလိုက်သည်။

'ရပါတယ်၊ စေတနာမပါလည်း မပို့ပါနဲ့၊ ကိုယ့်ဘာသာပြန်မယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း မခံပါ။ သူ့ကို ချက်ချင်းတုံ့ပြန်တာကြောင့်…

'အိုး… ကျွန်တော်က မင်းကိုစေတနာတွေ အများကြီး အများကြီးပါတဲ့ဗျာ၊ ကဲ… ကျေနပ်ပြီလား'

ကောင်မလေးက ဘာမှ ပြန်မပြောဘဲ ငြိမ်သက်စွာထိုင်နေတာကြောင့် သူပြုံး၍ ကားစက်နှိုးလိုက်သည်။

'အခုမှသိတဲ့ လူတစ်ယောက်ကို မင်းက ယုံတယ်နော်'

'ဘာလဲ အထင်သေးတာလား'

'မဟုတ်ပါဘူး၊ ကျွန်တော်က မင်းရဲ့ လူတွေကိုယုံကြည်တဲ့စိတ်ကလေးကို ပြောတာ စိတ်မဆိုးပါနဲ့'

'ဒါဆို ရှင်ကရော ဘယ်သူ့ကိုမှ မယုံကြည်ဘူးပေါ့'

သူဘာမှ ပြန်မပြောမိတော့ချေ။ သူမ ညွှန်သောလမ်းအတိုင်းသာ သွားမိတော့သည်။ ရေတွေစွတ်စိုနေသော သူမကို တစ်ချက်ကြည့်၍…

'မင်း မချမ်းဘူးလား'

'ဘာလဲ၊ ဆေးတက္ကသိုလ်ပထမနှစ်ချင်းအတူတူ ဆေးကုဦးမလို့လား'





'မဟုတ်ပါဘူးကွာ၊ ကျွန်တော်က စေတနာနဲ့ သိပ်ချမ်းနေရင် ဆေးခန်းတစ်ခု ဝင်ပြပေးမလို့ပါ'

သူ သူမအပေါ်မှာ စေတနာတွေ သိပ်ပိုသွားပြီ ထင်ပါရဲ့ဟု တွေးပြီး တိတ်ဆိတ်နေလိုက်သည်။

'ရှေ့က ခြံက ကျွန်မတို့ခြံပဲ၊ ခြံရှေ့မှာပဲ ရပ်လိုက်ပါ၊ လိုက်ပို့တဲ့တွက် ကျေးဇူးတင်ပါတယ်'

သူက ရုတ်တရက် သူမကို ထွက်မသွားစေချင်သေးပါ။

'မိန်းကလေး…ထီးဆောင်းပေးတဲ့အတွက်ကျေးဇူးပဲ'

'အို… မလိုပါဘူး၊ ကျွန်မကိုခင်ရင်ပြီးရော'

'ကောင်းပြီလေ၊ ဒါဆို ကျွန်တော်တို့ သူငယ်ချင်းဖြစ်သွားပြီပေါ့'

ကောင်မလေးက ခေါင်းတစ်ချက်ညိတ်ပြသည်။

'ဟို… ဒါနဲ့ နာမည်က'

'အိုး… နင်တော်တော်ညံ့တာပဲ၊ ဆေးတက္ကသိုလ်ရဲ့ ကွင်းနာမည်တောင် မသိဘူး၊ မှုံးမျက်ခြယ်တဲ့၊ တစ်သက်လုံး မှတ်ထားလိုက်'

မိုးရေထဲမှာ ထီးမဆောင်းဘဲ ပြေးထွက်သွားသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို သူကြာရှည်စွာ ငေးမောကြည့်နေမိတော့သည်။

ထိုနေ့မှစ၍ သူ့ရင်မှာ မှုးမျက်ခြယ်ဆိုသည့်နာမည်က ကမ္ဘည်းတွင်ရစ်လေပြီ။

♥ ♥ ♥ ♥ ♥

စာတိုက်ကိုတွေ့တော့ အိမ်ကိုဖုန်းဆက်ရန် သတိရသည်။ ပြီးတော့ သူငယ်ချင်းတွေ…။ မဖြစ်သေးပါဘူး။ ဖုန်းဆက်လျှင် အားလုံးက ကျွန်မကို ပြန်လာဖို့ခေါ်မည်။ ကျွန်မ မပြန်နိုင်ပါ။ ကျွန်မခြေလှမ်းတွေ စာတိုက်ရှေ့မှာ တွံ့လို့သွားသည်။

ရဲတိုက်…။

သွားခါနီး ဖုန်းဆက်ရန်၊ အီးမေးလ်ပို့ရန် အတန်တန်မှာလိုက်တာကို ကျွန်မ ဖျတ်ခနဲ သတိရမိသည်။

ရဲတိုက်ရယ်… ငါ့ကိုခွင့်လွှတ်ပါ။ နင်ဟာ ငါ့ရင်ထဲမှာ အမြဲရှိနေမှာပါ။ ဒါပေမဲ့ နင့်အသံကြားရရင် ငါဆက်ပြီး ဒီမှာ မနေနိုင်တော့ဘဲ နင့်ဆီအပြေးလာချင်မိမှာ။ ဒါ့ကြောင့် ငါ ဖုန်းမဆက်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် စာတိုက်ရှေ့တွင် မြဲမြံစွာ ရပ်နေမိသော ခြေထောက်တွေကို အားတင်း၍ ပြန်လှည့်လျှောက်မိသည်။ ရင်မှာ သတိရတမ်းတခြင်းများစွာ…။

ရစ်ဝဲလာသော မျက်ရည်များကို ပွတ်ခဲ့ရင်း ကိုယ့်ကိုယ်ကိုယ် မနည်းထိန်းချုပ်နေရသည်။

မဖြစ်ဘူး။ ကျွန်မ လဲပြိုလို့မဖြစ်ဘူး။ ကျွန်မဘဝမှာ ပေးဆပ်စရာတွေ အများကြီးရှိတယ်။ ကျွန်မ တာဝန်မကျေလို့ မဖြစ်ဘူး။ တာဝန်ကျေရမယ်။ လူတစ်ယောက်ကို ပေးထားတဲ့ ကတိတည်ရမယ်။ ကျွန်မရဲ့ အမှားအတွက်…။

ဟင့်အင်း… ကျွန်မ အမှားမဟုတ်ပါဘူး။

ရှုပ်ယှက်ခတ်နေသော အတွေးနှင့်အတူ မျက်ရည်တစ်ပွင့် ကြွေလွင့်သွားသည်။

'ဒေါက်တာ…'

'ဩော်… ဆရာ'

ကျွန်မရဲ့ မျက်ရည်တွေကို ဆရာဦးအောင်သစ် မြင်သွားမှာစိုး၍ ခေါင်းငုံ့ချလိုက်သည်။ ကျွန်မရဲ့ မျက်ရည်တွေကို သူတစ်ပါး မမြင်စေချင်ပါ။ ကျွန်မရဲ့ ပျော့ညံ့နေသော စိတ်တွေကို ချက်ချင်းပြန်ပြင်လိုက်သည်။





'ဘယ်သွားမလို့လဲ ဒေါက်တာ'

'ကျွန်မလား၊ အိမ်ကို ဖုန်းဆက်မလို့လာတာ၊ အခု လူတွေကြပ်နေ… မဆက်တော့ပါဘူး၊ အရေးကြီးကိစ္စ မရှိဘူးလေ'

'ဒါဖြင့် ဆရာမအားရင် ကျွန်တော့်ကျောင်းကို လိုက်ခဲ့ပါလား၊ ကျောင်းသားတွေက ဒေါက်တာ့ကို သိပ်တွေ့ချင်နေကြတာ'

'ဩော်… အင်းလေ'

ကျွန်မသည် စိတ်ညစ်စရာများကို တွေးမိပြီး ဝမ်းနည်းကြေကွဲနေမည့်အတူတူတော့ ဆရာဦးအောင်သစ်ရဲ့ ကျောင်းကို လိုက်သွားပြီး ဖြူစင်တဲ့ကလေးတွေကို ကြည့်မည်။

'ကောင်းပြီလေ၊ သွားကြတာပေါ့၊ ဆရာတို့ကျောင်းနဲ့ နီးပြီလား'

'ဆိုပါတော့၊ မန္တလေး တစ်ပြပေါ့'

'ဆရာ… တော်တော်နောက်တာပဲ'

ဆရာဦးအောင်သစ်သည် တစ်လမ်းလုံး တွေ့သမျှသူတွေကို နှုတ်ဆက်။ ကျွန်မနှင့်မိတ်ဆက်ပေးတာကြောင့် ကျွန်မမှာ တစ်ချိန်လုံး ပြုံးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မမှာ ပြုံးရလွန်းလို့ ပါးစပ်တွေတောင် ညောင်းလာပြီ ဆရာ'

'ပြုံးတာ ကောင်းတာပေါ့ ဒေါက်တာရဲ့၊ အသက်ရှည်တယ်လေ'

ကျွန်မ ဆရာဦးအောင်သစ်ကို ဘာမှပြန်မပြောမိဘဲ ငြိမ်သက်စွာ လိုက်ခဲ့မိသည်။ ဒီမြို့မှာရှိတဲ့ တစ်ခုတည်းသော အ·ထ·ကကျောင်းလေးကို ရောက်သင့်ပါသည်။

'ဟိုမှာ မြင်နေရတဲ့ ကျောင်းလေ ဒေါက်တာရဲ့'

'ဆရာက စာသင်ချိန်မှာ...'

'ဟုတ်တယ်၊ ကျွန်တော့်ကျောင်းသားလေးတစ်ယောက် နေမကောင်းလို့ သွားမေးတာပါ'

'ကျောင်းသားတွေရော အခြေအနေ ကောင်းရဲ့လား'

'မဆိုးပါဘူးလို့ပဲပြောရမှာပေါ့၊ ရောက်တော့ ဒေါက်တာ တွေ့ရမှာပေါ့ဗျာ၊ ကျွန်တော်တို့ဆီက ကျောင်းသားတွေက သနားဖို့ကောင်းပါတယ်ဗျာ'

ကျွန်မကို ဆရာဦးအောင်သစ်က သူ့ရုံးခန်းထဲတွင် ခဏထိုင်နိုင်းထားသည်။

'ဆရာမ ခဏထိုင်ဦးနော်၊ ကျွန်တော် ကျောင်းသား





တွေကို တစ်ချက်သွားကြည့်လိုက်ဦးမယ်၊ တော်ကြာမှ ဒေါက်တာ လိုက်ကြည့်ပေါ့'

ကျွန်မ ဆရာဦးအောင်သစ်၏ ရုံးခန်းလေးထဲက ပြတင်းပေါက်မှတစ်ဆင့် စိမ်းလန်းလှပသော ပြင်ပရှုခင်းများကို ငေးမောကြည့်မိသည်။

မှိုင်းပြာနေသော တောင်တန်းကြီးများကို နောက်ခံထား၍ စိမ်းလန်းစိုပြည်နေသော ပန်းခင်းကြီးကိုလည်း တွေ့ရသည်။ ပန်းခင်းတွေသာမက သီးပင်စားပင်တွေလည်း စိုက်ပျိုးထားသည်။ အထူးသဖြင့် လိမ္မော်သီးတွေ။ ဝါရွှေနေသော လိမ္မော်သီးတွေက စားချင်စဖွယ်။

လတ်ဆတ်သော ပန်းရနံ့လေးက ကျွန်မရဲ့စိတ်ကို ကြည်လင်လန်းဆန်းစေပါသည်။

'ဒေါက်တာ...'

'သြော်... ဆရာ၊ ကျွန်မ သဘာဝပန်းချီကားချပ်ထဲ နစ်မြောနေတာ၊ ဆရာရောက်နေတာတောင် သတိမထားမိဘူးလေ'

'ဘယ်လိုလဲ၊ ဒေါက်တာ သဘောကျသွားပြီလား၊ ကျွန်တော့်ရုံးခန်းက သိပ်မထူးဆန်းပါဘူး၊ ထူးဆန်းတာက



www.burmeseclassic.com

www.burmeseclassic.com

ဟောဟိုက လိမ္မော်ခင်းတွေ'

'ပြောပါဦး ဆရာရဲ့'

ကျွန်မက ဆရာဦးအောင်သစ်ကို စကားထောက်ပေးလိုက်သည်။

'အဲဒါ ကျွန်တော်နဲ့ ကျွန်တော့်ကျောင်းသားတွေ စိုက်ထားပျိုးထားတဲ့ အပင်တွေလေ၊ ဒေါက်တာ အပြန်ကျရင် ကျွန်တော် ခူးပေးလိုက်ပါ့မယ်'

'အို... နေပါစေ ဆရာရယ်၊ ဒီအခင်းတွေက ဆရာတို့ စိုက်ထားတာပေါ့လေ၊ ကျွန်မက တခြားလူတွေရဲ့ အခင်းတွေ ထင်လို့'

'ကျွန်တော် တော်တာမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ကျောင်းသားတွေရဲ့ စည်းလုံးမှုတွေကြောင့်ပါ'

ဆရာဦးအောင်သစ်က ဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ပြောသည်။

'ကဲ... ကဲ... ကျွန်မတို့ ကျောင်းသားတွေ သွားကြည့်ရအောင်'

'ဒေါက်တာ့ကို ဆယ်တန်းကျောင်းသားတွေနဲ့ အရင်မိတ်ဆက်ပေးမယ်၊ သူတို့က တက္ကသိုလ်ဝင်တန်းဖြေကြမှာလေ'





အခန်းတစ်တန်းထဲတွင် စာကျက်နေသော ကျောင်းသားလေးငါးဆယ်ယောက်ကို တွေ့ရသည်။ ကျွန်မတို့ ဝင်သွားတော့ ကျောင်းသားတွေက မတ်တပ်ရပ်လိုက်သည်။

'မင်္ဂလာပါ ဆရာ'

'ကဲ... ကဲ... ဒါ တို့မြို့က ဆေးရုံကိုပြောင်းလာတဲ့ ဒေါက်တာ၊ ဒေါက်တာ့ကို နှုတ်ဆက်လိုက်ပါဦး'

'မင်္ဂလာပါ အန်တီဒေါက်တာ'

'အို... ထိုင်ကြပါ၊ ထိုင်ကြပါ'

ကျွန်မက တစ်ခါမှ ထိုသို့နှုတ်ဆက်တာ မခံရဖူး၍ ရှိန်းတိန်းဖိန်းတိန်းဖြစ်နေသည်။

'ကဲ...သားတို့သမီးတို့ ဒီကဒေါက်တာ့လို ဒေါက်တာကြီးဖြစ်အောင်ကြိုးစားပြီး ဒီလိုဝေးလံခေါင်သီတဲ့ နေရာတွေမှာလိုက်ပြီး ဆရာဝန်မကြီးလုပ်နိုင်အောင် ကြိုးစားကြနော်'

'ဟုတ်ကဲ့ပါ ဆရာ'

ကျွန်မက အေးချမ်းသောကလေးတွေ၏ မျက်နှာလေးတွေကိုကြည့်ပြီး ကြည်နူးပီတိတို့က ရင်နှင့်မဆန့်အောင် ပြည့်နှက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကလေးတို့ လိုအပ်တာ၊ ကလေးတို့သိချင်တာ၊ မေးချင်တာတွေရှိရင် လာမေးကြနော်၊ ဆရာက ခွင့်ပြုမယ်ဆိုရင် အန်တီသင်ပေးနိုင်တာ အကုန်သင်ပေးမယ်'

'ခွင့်ပြုပါတယ်၊ ဆရာ ခွင့်ပြုပါတယ်၊ ဒေါ်က်တာ အားတဲ့အချိန် သွားမေးကြပေါ့၊ ကဲ··· ကဲ··· စာဆက်လုပ်ကြ'

ကလေးတွေက ကျွန်မကို အထူးအဆန်းသဖွယ်ကြည့်နေကြတာကြောင့် ကျွန်မက ကြည်လင်စွာ ပြုံးပြလိုက်ရင်း···

'ကဲ···သားတို့ သမီးတို့ အံ့သြမနေကြနဲ့နော်၊ အန်တီလည်း သားတို့သမီးတို့လိုပဲ ဆယ်တန်းက ဖြတ်ကျော်လာခဲ့ရတာ၊ ကြိုးစားကြပါနော်၊ အန်တီ သွားမယ်'

ကျွန်မ အတန်းတိုင်းကိုဝင်နှုတ်ဆက်ပြီး ပြန်ရန် ဆရာဦးအောင်သစ်ကို နှုတ်ဆက်လိုက်သည်။

'ဆရာ ကျွန်မကို ခွင့်ပြုပါဦးနော်'

'ဒေါ်က်တာ ကျွန်တော် မြင်းလှည်းစီစဉ်ထားပါတယ်၊ လိမ္မော်သီးတွေနဲ့ပန်းတွေလည်း မြင်းလှည်းပေါ် တင်ထားပြီးပါပြီ'

'အို··· ကျေးဇူးတင်ပါတယ် ဆရာရယ်'





ကျွန်မက အားတုံ့အားနာပြောတော့ ဆရာဦးအောင်သစ်က ရယ်မောသည်။

'ကျေးဇူးမတင်နဲ့ ဒေါ်က်တာ၊ ကျွန်တော့်ကလေးတွေကို လွှတ်ပြီး စာသင်ခိုင်းမှာ၊ ဥပမာ ဘိုင်အို···'

'ရပါတယ်ရှင်၊ လွှတ်သာလွှတ်လိုက်ပါ၊ ကျွန်မ အားတဲ့အချိန် သင်ပေးမှာပါ'

ဆရာဦးအောင်သစ်နှင့် ကျောင်းသားတွေက လက်ပြရင်း ကျောင်းကလေးမှာ ကျန်ခဲ့သည်။ ကျွန်မကလည်း မြင်းလှည်းနောက်မြီးမှ လက်ပြရင်း ပြန်ခဲ့သည်။

ကျောင်းသားကလေးတွေ၏ ဖြူစင်ရိုးသားခြင်းများကြောင့်ရယ်၊ ကျောင်းကလေးရဲ့လှပသောရှုခင်းကြောင့် ကျွန်မရင်မှာ ကြည်လင်လာခဲ့သည်။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ဈေးနေ့မို့ ကျွန်မ စောစီးစွာအိပ်ယာထ၍ ဆွဲခြင်းလေးဆွဲကာထွက်လာခဲ့သည်။ ကျွန်မတို့အိမ်နားမှ ကျောင်းသူကလေးကလည်း-

'ဆရာမ ဈေးသွားရင် သမီးလည်းလိုက်ခဲ့မယ်၊ ပေးပေး… ခြင်း'

ကျွန်မလက်ထဲမှ ဆွဲခြင်းကို အတင်းလုယူလေတော့သည်။ ကျွန်မက ကလေးမလေး ကျောကုန်းတွင် လွယ်ထားသော ကြိမ်ခြင်းအလုံးကို ကြည့်ရင်း…

'ပေးပါ သမီးရယ်၊ ဆရာမဘာသာပဲ ဆွဲမယ်'

'ရပါတယ်၊ ပေါ့ပေါ့လေး၊ အပြန်ကျ အလေးကြီးလည်း သမီးဆွဲမှာပဲ'

'အေးကွယ်၊ သမီးတို့က သိပ်သနတ်တာပဲနော်'





ကလေးမလေးက သူမကိုယ်သူမ ဂုဏ်ယူသောအပြုံးဖြင့်…

'သန်တာပေါ့ ဆရာမရဲ့၊ ငယ်ငယ်ကတည်းက တောင်ယာလုပ်လာတာပဲ'

နှုန်းကြာက သူမရဲ့ လက်ကလေးနှစ်ဖက်ကို ဆုပ်ပြရင်း ပြောသည်။ ကျွန်မက ကလေးမလေးရဲ့ လက်တွေကို ဆွဲယူလိုက်ရင်း…

'ပြပါဦး သမီးရယ်၊ သမီးလက်ကလေးတွေကို'

ကျွန်မက ညင်သာစွာ ဆွဲယူလိုက်သည်။

'အို…'

ကြမ်းရှဖုထစ်နေသော ကလေးမလေး၏ လက်ကလေးတွေကို စိတ်မကောင်းဖြစ်စွာ ဆုပ်ကိုင်မိတော့သည်။

'ဖြစ်ရလေ ကလေးရယ်'

'ဆရာမရဲ့လက်ကလေးတွေက သိပ်နူးညံ့တာပဲနော်'

'ဆရာမရဲ့လက်တွေက နူးညံ့ပေမယ့် လူတွေကို ဆေးတို့ပဲတတ်နိုင်တာပါ သမီးရယ်၊ သမီး လက်ကလေးတွေက မြေကြီးထဲက အသီးတွေသီးအောင် လုပ်နိုင်တယ်လေ၊ သိပ်တော်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ ချီးမွမ်းနှစ်သိမ့်မှုကြောင့် ကလေးမလေး၏ မျက်နှာမှာ ဝင်းလက်တောက်ပသွားသည်။

တိုတောင်းသော ဈေးတန်းကလေးထဲတွင် ကျွန်မနှင့် နန်းကြာတို့သည် အခေါက်ခေါက်အခါခါသယ်ပြီး ဆွဲခြင်းကြီးနှင့်တစ်လုံး ဝယ်ခဲ့သည်။

'နန်းကြာ နိုင်ရဲ့လား သမီး'

'နိုင်ပါတယ် ဆရာမရဲ့'

ကျွန်မကလည်း ဝယ်လာတာ လောဘကြီးပြီး မနိုင်မနင်း ဖြစ်နေသည်။ ထို့ကြောင့် မြင်းလှည်းခေါ်ရန် ရှာလိုက်သည်။

'သမီး… မြင်းလှည်းတွေကလည်း တစ်စီးမှ မတွေ့ပါလား'

'ဟုတ်တယ် ဆရာမရဲ့၊ ဈေးနေ့ဆို မြင်းလှည်းတွေက အော်ဒါမှာပြီးသားလေ'

'ဒုက္ခပါပဲ'

ကျွန်မ စိတ်ပျက်လက်ပျက်ဖြစ်နေမိသည်။ နန်းကြာကတော့ ခြေထောက်အားကိုးသူပီပီ…

'လမ်းလျှောက်သွားကြမယ်လေ ဆရာမ'





'အို… ဘယ်ဖြစ်မလဲ'

ကျွန်မ စိတ်အိုက်စွာ ရပ်နေစဉ်မှာပင်…

ချူသံလေးတွေစီညံလျက် မြင်းလှည်းတစ်စီးက ကျွန်မတို့ရှေ့တွင် ရပ်သွားသည်။ လှည်းထဲမှ မြက်ဦးထုပ်ဆောင်းထားသော လူတစ်ယောက်က ကျွန်မကို လှမ်းကြည့်ကာ–

'ဆရာမ အိမ်ပြန်မလို့မဟုတ်လား၊ ကျုပ်လည်း အဲဒီဘက်သွားမှာ လမ်းကြုံတယ်၊ လှည်းပေါ်တက်ပါ'

ဟင်… ဟိုလူ။

ကျွန်မ ချက်ချင်းပင် သူ့ကိုသတိရသွားသည်။ ကျွန်မကိုလည်း တစ်ခါ ဒီလိုပဲ လှည်းကြုံခေါ်ဖူးသည် မဟုတ်ပါလား။

'ဆရာမ…'

'ဪ… ဟုတ်ကဲ့၊ နန်းကြာ… လာ… သမီး၊ လှည်းပေါ်တက်လေ'

နန်းကြာက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။

'လာပါ သမီးရဲ့၊ ဒီက ဦးဦးက စေတနာနဲ့ခေါ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဟင့်အင်း… နန်းကြာ လမ်းပဲလျှောက်သွားမယ်'

ကျွန်မသည် လှည်းမောင်းသူကို အားနာသွားသည်။ ထို့အတူ နန်းကြာကိုလည်း ဘယ်လိုမှ ခေါ်လို့မရချေ။

'လာပါ နန်းကြာရဲ့၊ ဆရာမ ပါတာပဲ'

ကျွန်မ အတင်းခေါ်လွန်းမကခေါ်မှ နန်းကြာသည် ကျွန်မ စိတ်ဆိုးမှာစိုး၍သာ လိုက်လာရပုံနှင့် မြင်းလှည်းပေါ် တက်သည်။ ဒီလှည်းပေါ်လိုက်လာရတာ စိတ်ညစ်နေသည့်ပုံပင်။ စကားလည်း တစ်ခွန်းမှ မပြောချေ။

မြင်းလှည်းလေးမှာ စီးချက်မှန်သော ခြေသံများမှလွဲ၍ တခြားဘာသံမှ မကြားရချေ။

'ဒီက မြင်းလှည်းဆရာကြီးက ဘယ်မှာနေတာလဲ'

'ကျုပ်လား၊ မြို့ပြင်မှာလေ'

ထိုမြင်းလှည်းမောင်းသူအသံကိုကြားတာနှင့် နန်းကြာကိုယ်လေးသည် တုန်ခနဲဖြစ်သွားသည်။ ဒီကလေး ဘာလို့ ဒီလောက်ကြောက်နေရတာပါလိမ့်။

'ကျွန်မကို ကူညီတာ နှစ်ခါရှိပြီနော်၊ ကျေးဇူးတင်ပါတယ်ရှင်၊ လိုအပ်တာရှိရင်လည်း ကျွန်မဆီ လာခဲ့ပါ၊ ကူညီနိုင်သလောက် ကူညီပါ့မယ်'





ကျွန်မက အမှန်တကယ်ပင် သူ့ကို တစ်ခုခု ပြန်လုပ်ပေးချင်စိတ်ဖြင့် ပြောလိုက်သော်လည်း သူက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

'ဟား… ဟား… ဆရာမက ကျုပ်ကို ကူညီမယ် ဆိုတ်လား၊ ဒီမှာ ဒေါက်တာ ကျုပ်က အသေသာခံမယ်၊ ဘယ်တော့မှ ဆေးရုံကို မလာဘူး၊ အဲဒါ ကျုပ်ရဲ့သစ္စာပဲ'

ပြတ်သားစွာပြောလိုက်သော ထိုသူ၏အသံသည် နာကျည်းကြေကွဲသံတွေ ပါနေသည်ဟု ကျွန်မထင်သည်။

'ရှင် ဘယ်လိုလူလဲ'

ကျွန်မက စေတနာနှင့်ပြောလိုက်တာကို သူကလှောင်ပြောင်သလို ဖြစ်နေတာကြောင့် ကျွန်မ ဒေါသဖြစ်မိသည်။

'ဟား… ဟား… ဆရာမ ကျုပ် ဘယ်လိုလူလဲဆိုတာ မသိသေးဘူးနဲ့ တူတယ်'

ကျွန်မက ဘာမှမဖြစ်ပေမယ့် နန်းကြာလေးက ကြောက်လွန်း၍ တစ်ကိုယ်လုံးတုန်ပြီး ကျွန်မ ရင်ခွင်ထဲရောက်နေသည်။ ကျွန်မကို တင်းတင်းကြပ်ကြပ် ဖက်ထားသည်။

'ဘာဖြစ်တာလဲ သမီးရဲ့၊ နေမကောင်းဘူးလား'

ကျွန်မက နန်းကြာ၏လက်ကလေးကို ခပ်ဖွဖွဆုပ်


www.burmeseclassic.com

www.burmeseclassic.com



ထိုင်ငြိုး အေးလိုက်သည်။

'အို… လက်တွေကလည်း အေးစက်လို့'

'သမီး ကြောက်တယ် ဆရာမ၊ ကြောက်တယ်'

'ဘာကို ကြောက်တာလဲ သမီးရယ်၊ မကြောက်ပါနဲ့ ဆရာမ ရှိတာပဲ'

ကျွန်မက နန်းကြာ ဘာကိုကြောက်နေမှန်း နားမလည်နိုင်ချေ။

'ဆရာမ သမီးတို့ ဒီလုည်းပေါ်က ဆင်းရအောင်နော်'

နန်းကြာက ကျွန်မကို တိုးတိုးလေး ပြောသည်။

'သမီးကလည်း ရောက်ပဲ ရောက်ခါနီးနေပြီ'

နန်းကြာနှင့် ကျွန်မ ပြောနေသောစကားများကို မြင်းလှည်းမောင်းသူက ကြားသွားဟန်ဖြင့် ရယ်မောနေသည်။ ထိုသူက ရယ်မောလေ နန်းကြာက ကြောက်ရွံ့လေမို့ ကျွန်မ စိတ်တိုသွားပြီး…

'ရှင်ဘာလို့ ရယ်နေတာလဲ၊ ဒီမှာ ကလေးက အရမ်းကြောက်နေပြီ'

'ဟား…ဟား…၊ ရယ်တာက ကြောက်စရာမှမဟုတ်တာပဲ ဆရာမရယ်၊ ဆေးထိုးအပ်ကိုင်ပြီး လူသတ်နေတဲ့သူ





တွေကမှ ကြောက်စရာကြီး'

'ရှင်…'

မြင်းလှည်းမောင်းသူ၏ စကားကြောင့် ကျွန်မ တစ်ကိုယ်လုံး တုန်တက်သွားပြီး ကြောင်အစွာ ထိုသူကို ငေးကြည့်သွားမိသည်။

ဒီလူ… ဒီလူ ဘာတွေပြောနေပါလိမ့်။

ကျွန်မ နှလုံးခုန်သံတွေ ပိုမိုမြန်ဆန်လာတာကြောင့် ရင်ဘတ်ကို ဖိလိုက်သည်။

'ရှင်… ရှင်… ဘာတွေပြောနေတာလဲ'

'ဖြစ်လေ့ရှိတဲ့ အမှန်တရားတွေကို ပြောနေတာပါ၊ ဟဲ… ဒါတွေထားပါတော့၊ ဒေါက်တာ့အိမ် ရောက်နေပါပြီ'

ဒီတော့မှ ကျွန်မလည်း အိမ်ရှေ့ရောက်နေမှန်း သတိရတော့သည်။ ကျွန်မပစ္စည်းတွေ ချလိုက်သည်။ နန်းကြာကတော့ ကြောက်လွန်းလို့ ဘယ်ကို ပြေးလွှားထွက်ခွာသွားလဲ မသိပါ။ ရှာမတွေ့တော့တာကြောင့် ကျွန်မ တစ်ယောက်တည်း ပစ္စည်းတွေ ချနေရသည်။

ထိုသူက ကျွန်မပစ္စည်းတွေကို ကူညီချပေးသည်။

'ကျေးဇူးတင်ပါတယ်၊ ကျွန်မအိမ်ထဲဝင်ပြီး ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com

လေးဘာလေး သုံးဆောင်ပါဦး’

ကျွန်မက တုန်လှုပ်နေသောစိတ်ကို ဖုံးကွယ်၍ အိမ်ထဲဝင်ရန် ဖိတ်လိုက်သည်။ ထိုသူက ဘာမှမပြောဘဲ မြင်းလှည်းပေါ် ပြန်တက်လိုက်သည်။

‘ဒီမှာ ကျွန်မ ပြောနေတာ ကြားရဲ့လား’

‘ကြားပါတယ်၊ ကျုပ် မသောက်ချင်လို့ပါ၊ ကျုပ်သွားမယ်’

‘နေဦးလေ’

ထိုသူက မြင်းလှည်းကို မောင်းနှင်ထွက်ခွာသွားတော့သည်။ ကျွန်မမှာ မြင်းလှည်းလေး၏ နောက်မြီးကို ကြည့်ရင်း မောဟိုက်စွာ ကျန်ရစ်ခဲ့သည်။

ဒီလူ ဘယ်လိုလူပါလိမ့်။ ကျွန်မရဲ့ လျှို့ဝှက်ချက်ကိုများ သိနေရော့လား။

♥ ♥ ♥ ♥ ♥

‘ဟဲ့… ငါနဲ့ရဲတိုက်နဲ့ သူငယ်ချင်းဖြစ်သွားပြီ၊ အဲဒါနင်တို့ကို ကြွားမလို့’

နောက်တစ်နေ့မှာတော့ သူမသည် သူ့လက်ကိုဆွဲ၍ သူမသူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးသည်။

‘မှူးတို့ကတော့ ပြောရင်ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တယ်တော့’

မှူးက သူမသူငယ်ချင်းတွေရှေ့တွင် ဂုဏ်ယူဝံ့ကြွားစွာ ပြောစဉ် သူက ငကြောင်ကြီးလိုလို ငပေါကြီးလိုလိုဖြစ်နေရသည်။

‘အဟွတ်… အဟွတ်… ရဲတိုက်တို့က နောက်ဆုံးတော့ သူငယ်ချင်းဖြစ်ခဲ့ရပြီလေ’

မြတ်ထွန်းတို့က သူတို့ဝိုင်းထဲ ရောက်လာတာကြောင့် သူ့ကို ဝိုင်းနှိပ်ကြသည်။ သူ့မှာ ရှက်တာကြောင့်ရော၊ စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့်ပါ မျက်နှာကြီး နီရဲလာသည်။

'ဟဲ့… ဟဲ့… တော်ကြ၊ ငါ့သူငယ်ချင်း အသစ်စက်စက်လေး ရှက်နေပြီ၊ တော်ကြတော့နော်၊ ရဲတိုက် နင်လည်း စိတ်မဆိုးနဲ့နော်၊ ဒီကောင်တွေက ဒီလိုပဲ'

'ထင်အောင်နဲ့ မြတ်ထွန်းက ကျွန်တော့်သူငယ်ချင်းတွေပဲလေ'

'သိပြီးသား၊ မှူးက အကုန်သိပြီးသား၊ မိကျောင်းမင်းရေခင်းပြမနေနဲ့၊ အခု မှူးနိုင်ပြီ၊ မှူးကို မုန့်လိုက်ကျွေးကြတော့'

ရဲတိုက်က နားမလည်နိုင်စွာဖြင့် သူတို့အုပ်စုကို ကြည့်လိုက်သည်။

'ရဲတိုက်ပါ လိုက်စားလေ၊ ရဲတိုက်ကြောင့် တို့နိုင်တာ'

'အေးပေါ့ကွာ၊ နောက်ဆုံးတော့ ငါရှုံးရပြီ'

တစ်ယောက်တစ်ပေါက် ပြောနေသော စကားများကို သူ ဘယ်လိုမှ နားမလည်နိုင်သေးပါ။ ဒီလိုအုပ်စုလိုက်ကြီးဆိုတော့ ပျော်ဖို့ကောင်းသလို သူ အံနည်းငယ်တော့ စိတ်ရှုပ်မိသည်။





'ရဲတိုက် စိတ်ရှုပ်နေပြီလား'

သူ ဘာမှပြန်မပြောမိ။

'ဟဲ့… ရဲပ..က်ကို ရှင်းပြလိုက်ကြဦးလေ၊ အလောင်းအစားကိစ္စ'

'အလောင်းအစားနဲ့ ကျွန်တော်က ဘာဆိုင်လို့လဲ'

'ရှင်းပြမယ်၊ ဒီလိုကွ၊ မင်းက မှူးတို့အုပ်စုကို သိပ်ခေါင်ချင်သလို လုပ်နေတော့ ငါတို့ အလောင်းအစားတစ်ခုလုပ်ကြတယ်၊ မှူးက မင်းကို ခင်အောင်လုပ်နိုင်ရန် ကျွေးကြေး၊ တစ်လအတွင်း မလုပ်နိုင်ရင် မှူးက ပြန်ကျွေးကြေးလေ'

မြတ်ထွန်းက ဝင်ရှင်းပြသည်။ ဒီတော့ ရဲတိုက် ငိုင်ကျသွားသည်။ သူဟာ သူမတို့ကြားမှာ အလောင်းအစားလုပ်စရာ သတ္တဝါကောင်ကြီးလုံးလုံး ဖြစ်နေပြီပေါ့။ ဒီတော့မှ သူ့အခြေအနေ သူသဘောပေါက်သွားသည်။

'ရဲတိုက် စိတ်မဆိုးနဲ့နော်၊ သူငယ်ချင်းဆိုတာ စိတ်ဆိုးရဘူး သိလား'

မှူးက မျက်နှာငယ်လေးနှင့် လာချော့တော့ သူဘာမှ ဆို ပြန်မပြောမိချေ။ သူ့ စိတ်ထဲမှာတော့ အတော့်ကို စိတ်ပျက်သက်ပျက်ဖြစ်မိသည်။ ဒီမိန်းကလေးတွေဟာ သူ့ရဲ့ ခင်မင်မှုကို



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်တွေနှင့် တန်ဖိုးဖြတ်သတဲ့လား။

'ငါ့ကို စိတ်မဆိုးနဲ့နော် ရဲတိုက်'

သူ ဘာမှ ပြန်မပြောမိချေ။

'လာ… မုန့်လိုက်စားဖို့ လိုက်ခဲ့'

စိတ်ထဲမှာ အောင့်သက်သက်နှင့် မှုးမျက်ခြယ် ဆွဲခေါ်ရာသို့ပါသွားလေတော့သည်။ ထိုနေ့မှစ၍ သူသည် မှုးမျက်ခြယ်နှင့် ဆက်ဆံရာတွင် သတိပြုသော အချက်ပေးမှုများ သာရှိတော့သည်။

ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ ခင်မင်မှုကိုတောင် အလောင်းအစားလုပ်ဝံ့သော ကောင်မလေးသည် အခြားမည်သည့် အရာကိုမဆို အလောင်းစားလုပ်မှာ သေချာပါသည်။

သူ့ရဲ့ ခပ်တန်းတန်းဆက်ဆံရေးကို ပါးနပ်သော မှုးမျက်ခြယ်က ရိပ်မိပါသည်။

'နင် ငါ့ကို မခင်တော့ဘူးလား ရဲတိုက်၊ နင့်ကြည့်ရတာ တစ်မျိုးပဲ'

'ငါက ဒီလိုပဲ နေတတ်လို့ပါ'

'မသိပါဘူး၊ နင်က ငါ အလောင်းအစားလုပ်လိုက်လို့ ကြောက်သွားပြီလားလို့ ငါက နင့်ကို တကယ်ခင်တာပါဟ'





မှုး ျက်ခြယ်က ပြောလည်းပြော။ သူ့နံဘေးနားတွင် ဝင်ထိုင်သည်။ ရဲတိုက်က ဘာရယ်မဟုတ်။ သူမရဲ့ မျက်နှာလေးကိုကြည့်မိသွားသည်။ လှပသော သမင်မျက်လုံးလေးတွေတာ ဆွဲဆောင်မှုအပြည့်နှင့်ပါ။

မကြည့်နဲ့။ မကြည့်နဲ့။ ဒီမိန်းကလေးကို ရင်မခုန်နဲ့။

ရဲတိုက်သည် မိမိကိုယ်ကို ပြန်ထိန်းရင်း မျက်လုံးတွေကို တခြားကိုလွှဲလိုက်သည်။

'ရဲတိုက်… ရဲတိုက်'

'ငါ့ကို စိတ်မဆိုးဘူးလို့ ပြောလေ'

သူ့လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်လာသော မှုးရဲ့ လက်ကို ဖယ်ချလိုက်သည်။

'ငါ စိတ်မဆိုးတတ်ပါဘူး'

သူ့အသံက အေးစက်စက်ဖြစ်နေမှာ သေချာသည်။ ထိုစဉ်မှာပင် နံဘေးနားသို့ သူငယ်ချင်းတွေ ရောက်လာသည်။

'ဒါက ချိန်းတွေ့နေတာလား၊ နှစ်ယောက်တည်း၊ ပြောစမ်း၊ ပြောစမ်း'

သူငယ်ချင်းတွေကြောင့် မှုးမျက်ခြယ်က ရှက်ရွံ့သလို ခေါင်းငုံ့နေပေမယ့် သူက ဘာမှမဖြစ်သလို မျက်နှာထားနှင့်။



www.burmeseclassic.com

'သူနဲ့ ငါ့ကြားမှာ ချိန်းတွေ့စရာ အကန့်မှမရှိတာကွ၊ မင်းတို့တွေက တော်တော်ရယ်စရာပြောတာကိုး'

သူ အားပါးတရ ရယ်မောလိုက်တော့ အားလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်။ သူ့ကို ငေးစိုက်ကြည့်နေသော မှူးမျက်ခြယ်၏မျက်နှာကို တစ်ချက်ထက်ကြည့်၍-

'ဘာလဲ၊ နင်က မကျေနပ်ဘူးလား၊ ငါ့အချစ်ကို ရနိုင် မရနိုင် အလောင်းအစားလုပ်ချင်သေးလား မှူးမျက် `သ်'

သူက အေးစက်စက်မေးလိုက်မိတော့သည်။

'ရဲတိုက်ရယ်…'

'ဒေါက်တာ… ဒေါက်တာ'

'ဟင်… ဘာလဲ၊ ဘာလဲ'

နပ်စ်မလေး၏ ခေါ်သံကြားရတော့မှ နေရဲတိုက် အတိတ်၏ အတွေးနွံထဲမှ လန့်နိုးလာသည်။

'ဆရာ… လူနာတစ်ယောက် သွေးလိုတယ်ဆိုလို့'

'အေး… အေး… အခုလာခဲ့မယ်'

နေရဲတိုက်သည် ဂျူတီကုတ်နှင့် နားကြပ်ကို ယူ၍ ထိုင်နေရာမှ ထလာခဲ့သည်။ သူ့ရဲ့စိတ်တွေကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။





'လူနာရော ဆရာမ'

'ဟိုဘက် ခုတင်မှာပါ'

သူက ခေါင်းညိတ်၍ လျှောက်သွားလိုက်သည်။ ခုတင်ပေါ်တွင် ဖြူလျော့ပိန်ချုံးနေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ နံဘေးတွင် ထိုကောင်မလေး၏ မိခင်ဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ယောက်…

'ဆရာ…'

'ဒေါက်တာ… ကျွန်မ သမီးလေးကို ကယ်ပါဦးရှင်'

သူက ခေါင်းတစ်ချက် ဆတ်ပြ၍ လူနာမှတ်တမ်းကို ယူကြည့်လိုက်သည်။

ကလေးမလေးက သန္ဓားစရာ သွေးကင်ဆာရောဂါဝေဒနာရှင်မလေး ဖြစ်သည်။

'သမီး… ဒေါက်တာ လာပြီလေ'

ကောင်မလေးရဲ့ မှေးစက်နေသော မျက်ဝန်းတွေက ဖျတ်ခနဲ ပွင့်လာပြီး သူ့ကိုပြုံးပြသည်။

'ခဏနေ သက်သာသွားမှာပါ ကလေးရယ်၊ ဆရာ ဆေးတစ်လုံးထိုးပေးခဲ့မယ်နော်'

ကလေးမလေးက ခေါင်းညိတ်ပြတော့ သူတစ်ခါ

www.burmeseclassic.com



ဆေးထိုးအပ်ကို ဖောက်လိုက်သည်။

ကောင်မလေးက အလွန်ဆုံးရှိလှမှ အသက်နှစ်ဆယ်ပေါ့။ လူ့လောကမှာ ပျော်ပျော်ရွှင်ရွှင် နေရမည့်အစား ဘာကြောင့်မို့ ရောဂါဝေဒနာဆိုးကြီး ကလေးမလေးဆီမှာ ရှိနေတာလဲ။ အတွေးများကြောင့် သူ စိတ်မသက်မသာ ခံစားရသည်။

'အန်တီ ခဏလောက်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါဦး'

လူနာရှင်အန်တီကြီးက သူ့နောက်မှ လိုက်ခဲ့သည်။ သူ့ပါးစပ်မှ မပြောချင်သောစကားလုံးတွေ ပြောရဦးမည်။ ဖြစ်နိုင်လျှင် ဒီစကားတွေ မည်သည့်လူနာကိုမျှ မပြောချင်ပါ။

'အန်တီ… ထုံးစံအတိုင်း သွေးသွင်းရဦးမယ်'

အန်တီကြီးက ခေါင်းညိတ်ပြသည်။ အရာအားလုံးကို မျှော်လင့်ထားသည့် မျက်နှာမျိုးနှင့်ဖြစ်သည်။ အန်တီကြီး၏ မျက်ရည်ရစ်ဝဲနေသော မျက်ဝန်းများကို ရင်မဆိုင်မိအောင် သူ ကြိုးစားလိုက်သည်။

'သွင်းပါ ဆရာ၊ ကျွန်မ သမီးလေး အသက်ရှင်ရင်တော်ပါပြီ၊ ရှင်အောင် ကုပေးပါ ဆရာ၊ သမီးအသက်က အခုမှ နှစ်ဆယ်တောင် မပြည့်သေးပါဘူးရှင်'

အန်တီကြီးက မျက်ရည်တွေ တစ်ပေါက်ချင်းစီးကျ





ကလေးမလေးက သူမကိုယ်သူမ ဂုဏ်ယူသောအပြုံးဖြင့်…

'သန့်တာပေါ့ ဆရာမရဲ့၊ ငယ်ငယ်ကတည်းက တောင်ယာလုပ်လာတာပဲ'

နှိုးကြာက သူမရဲ့ လက်ကလေးနှစ်ဖက်ကို ဆုပ်ပြရင်း ပြောသည်။ ကျွန်မက ကလေးမလေးရဲ့ လက်တွေကို ဆွဲယူလိုက်ရင်း…

'ပြပါဦး သမီးရယ်၊ သမီးလက်ကလေးတွေကို'

ကျွန်မက ညင်သာစွာ ဆွဲယူလိုက်သည်။

'အို…'

ကြမ်းရှဖုထစ်နေသော ကလေးမလေး၏ လက်ကလေးတွေကို စိတ်မကောင်းဖြစ်စွာ ဆုပ်ကိုင်မိတော့သည်။

'ဖြစ်ရလေ ကလေးရယ်'

'ဆရာမရဲ့လက်ကလေးတွေက သိပ်နူးညံ့တာပဲနော်'

'ဆရာမရဲ့လက်တွေက နူးညံ့ပေမယ့် လူတွေကို ဆေးကုဖို့ပဲတတ်နိုင်တာပါ သမီးရယ်၊ သမီး လက်ကလေးတွေက မြေကြီးထဲက အသီးတွေသီးအောင် လုပ်နိုင်တယ်လေ၊ သိပ်တော်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com

'ညီမလေးနာမည်လေး ပြောပြပေးပါဦး'

'နှင်းဖြူပါ ဆရာ'

နာမည်နှင့်လိုက်အောင် ထိုကလေးမမျက်နှာ ဖြူလျော့နေသည်။

'ဆေးရုံက ဆင်းရပြီဆိုတော့ ကောင်းတာပေါ့၊ ဆရာတို့ ညွှန်လိုက်တဲ့ဆေးကို စား၊ တစ်လတစ်ခါ ဆေးခန်းမှန်မှန်လာပြရင် ညီမရဲ့ရောဂါ ပျောက်သွားမှာပါကွယ်'

သူက နှစ်သိမ့်လိမ်လည်လိုက်သည်။ သူ့စကားကို ကောင်မလေးက ခေါင်းညိတ်၍ ဖျော့တော့စွာပြုံးသည်။

မပြုံးစမ်းပါနဲ့ မိန်းကလေးရယ်။ အဲလိုအပြုံးတွေနဲ့ ငါ့ကို ပြုံးမပြစမ်းပါနဲ့။ အရာရာကိုအားလျှော့ထားသော အပြုံးမျှော်လင့်ချက်ကုန်ဆုံးနေသည့် လူတစ်ယောက်၏အပြုံးမှန်း သူ ကောင်းစွာသိပါသည်။





'မိန်းကလေး…'

ကောင်မလေးက သူ့ကိုမော့ကြည့်သည်။ သူက အစွမ်းကုန်အားပေးပြုံးနှင့်-

'ဘာမှအားမငယ်နဲ့နော်၊ ဆရာတို့ရှိတယ်၊ ငါ့ညီမ ရှင်သ ်နေစေရမယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ၊ အနှင်းလည်း ဒီရောဂါကို ပျောက်ချင်ပါတယ် ဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ မေမေ့မှာရှိတဲ့ပစ္စည်းတွေ ကုန်နေပြီ ဆရာရဲ့၊ တကယ်တော့ ကျွန်မအသက်က အဲလောက်အဖိုးမတန်ပါဘူး'

အဖျားပိုင်း တုန်ခါနေသော သူမရဲ့အသံကြောင့် ခံစား မှုများစွာ ပါဝင်နေကြောင်း သူသိသည်။ သို့သော် သူဘာမှ မတက်နိုင်ပါဘူး။ ကုသနိုင်သလောက်တော့ ကုသပေးခဲ့ပြီ။

'ကဲ… ကဲ… ငါ့ညီမ အပြင်မှာ ညီမရဲ့ အမေစောင့် နေရတာ ကြာပြီ၊ သွားတော့နော်'

'ဆရာ့ကို အနှင်း မေးစရာတစ်ခုရှိပါတယ်'

'မေးပါ အနှင်းရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ပြောသာပြောရသည်။ သူမရဲ့ကျန်းမာရေး အခြေအနေတို့၊ နေခွင့်ရချိန်တို့ကို မမေးစေချင်။ သူ့မှာ အဖြေမှမရှိတာ။

သို့သော် သူ ဆုတောင်းမပြည့်ခဲ့ပါ။

'အနှင်း ဒီလောကကြီးမှာ နေထိုင်ခွင့် ဘယ်လောက်ရှိသေးလဲ ဒေါက်တာ'

မမေးနဲ့။ မမေးနဲ့။ သူ မမေးစေချင်ဆုံးမေးခွန်းကို သူမ မေးလာခဲ့ပြီဖြစ်သည်။

'ဟာ… အနှင်းကလည်း နေခွင့်ရှိတာပေါ့၊ အနှင်းသက်တမ်းရှိသလောက် နေခွင့်ရှိတာပေါ့ကွာ၊ ဒါများ မေးစရာလားကွ'

သူ လိမ်မိပြန်သည်။ သူ မလိမ်ချင်ပါ။ သို့သော် တစ်စုံတစ်ယောက်၏ စိတ်ဖြေသိမ့်ရာအတွက် လိမ်ကိုလိမ်ပေးရမည်။

'ဒေါက်တာ မလိမ်ပါနဲ့'

သူ့ကို စူးစိုက်ကြည့်ပြီး ပြောနေသော မိန်းကလေးကြောင့် သူသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်၍ ထိုင်ရာမှ ထလိုက်သည်။

'အနှင်း နောက်လလာတော့မှ ဆရာ အသေအချာ





ရှင်းပြပေးမယ်နော်၊ အခုတော့ အနှင်းအမေလည်း အပြင်မှာစောင့်နေရှာပြီ၊ သွားလိုက်ဦးနော်၊ အနှင်းခေါင်းထဲမှာ ဒီအကြောင်းတွေ ထည့်မထားပါနဲ့'

သူက ကလေးတစ်ယောက်ကို နှစ်သိမ့်သလို နှစ်သိမ့်ပြီး ပြောလိုက်တော့ ကောင်မလေးက သက်ပြင်းရှည်ရှည်တစ်ချက် မှုတ်ထုတ်ပြီး…

'နောက်တစ်ခေါက်လာရင်တော့ အသေအချာ သိပါရစေ ဆရာ၊ အနှင်းလုပ်စရာရှိတာတွေ လုပ်ရအောင်လို့ပါ၊အခုတော့ အနှင်းကို ခွင့်ပြုပါဦး'

နှင်းဖြူဆိုသော မိန်းကလေးက နှုတ်ဆက်ပြီး ထွက်သွားတော့ ရင်မှာ တင်းကြပ်စွာ ကျန်ရစ်ခဲ့သည်။

လုပ်စရာရှိတာတွေလုပ်ဖို့တဲ့လား။ အရွယ်လေးနှင့်မမျှ ဒီအရွယ်လေးနှင့်။ သူ့ရင်ထဲမှာ ကြေကွဲရှတစွာ ခံစားရသည်။ ဒီကလေးမလေးရဲ့သက်တမ်းက သူခန့်မှန်းချက်အရတော့ ခြောက်လမှ တစ်နှစ်သာ ကျန်တော့သည်။

ခွဲစိတ်ပြီး ကုလျှင်ရော…။ ဒါကလည်း မသေချာ။ အောင်မြင်ဖို့ ရာခိုင်နှုန်း အလွန်နည်းပါးပါသည်။

သူ အသိပေးလိုက်ရမလား။ အင်းလေး သူမရဲ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်သူတွေနှင့် တိုင်ပင်ပြီးမှသာ ပြောရမှာဖြစ်သည်။ ဆရာဝန်ဖြစ်သော သူ့တွင် အလုံးစုံ ဆုံးဖြတ်ခွင့်မရှိပါ။

ဒါ ဆရာဝန်တိုင်း ကြုံရမည့် ကိစ္စဖြစ်သော်လည်း သူ့တွင် ခံနိုင်ရည်မရှိသေးဟု ရဲတိုက် တွေးမိသည်။

တော်ပြီ။ ဒါတွေ ခေါင်းထဲက ထုတ်တော့။ F.R.C.S အတွက် သူစာကျက်ရမည်။ မဖြစ်။ ခေါင်းထဲက ဒါတွေထုတ်ပြစ်ရမည်။ သူ သမားတော်ကြီးဖြစ်မှ လူတွေကို ဒီထက်ပိုကယ်တင်နိုင်မှာဖြစ်သည်။

နောက်တစ်နှစ်တွင် သူ အင်္ဂလန်သွားမည်။ ဟိုမှာ ပညာတွေ သင်မည်။ ပြီးမှ ဒီကိုပြန်လာမည်။ ဆုံးဖြတ်ချက်ကြောင့် ဆေးစာအုပ်အထူကြီးကို လှန်မိသည်။

စာတို့၏ ရှုပ်ထွေးနက်နဲမှုများ၊ သူ့ရဲ့စိတ်ပါဝင်စားမှုများကြောင့် အချိန်တို့က မည်ကဲ့သို့ ကုန်သွားမှန်းမသိ။

'ဟေ့ကောင်… ရဲတိုက်၊ ဟေ့ကောင်'

ထင်အောင်က သူ့ပခုံးကို ကိုင်လှုပ်လိုက်မှပင် စာထဲမှ ထွက်ခဲ့သည်။

'ဘာလဲကွ၊ မင်း တော်တော်ရှုပ်တာပဲ'

'မင်း ဂျူတီအော့ဖ်ပြီကွ၊ ဘာလဲ၊ မင်းက ငါ့ဂျူတီ





ချိန်ပါ ဆက်ယူမလို့လား၊ ယူစေဗျာ၊ ငါအိမ်ပြန်ပြီး အေးအေးအိပ်တော့မယ်'

'အေးပါကွာ၊ စာထဲ အာရုံဝင်သွားလို့ပါ၊ လာကွာ၊ တစ်ခုခု သွားသောက်ရအောင်'

သူက ပစ္စည်းတွေသိမ်းပြီး ပြောလိုက်သည်။ ထင်အောင်က လက်ဖက်ရည်တစ်ခွက်မှာပြီး သူက ကော်ဖီမှာလိုက်သည်။

'ရဲတိုက်… မင်းက ကျောင်းတုန်းကအတိုင်းပဲ၊ ခုထိအကြမ်းပိုးလုပ်တုန်း'

'အေးကွာ၊ ငါနောက်နှစ် F.R.C.S အင်္ဂလန်မှာ သွားဖြေဖို့ ခုကတည်းက စာလုပ်နေတာ'

'အေးပါ၊ အေးပါ၊ လုပ်ပေါ့ကွာ၊ မင်းတို့ပဲ ငါတို့ကတော့ ဒီမှာအေးဆေးပဲ'

ထင်အောင့်စကားကြောင့် သူရယ်မောပြီး လက်သီးနှင့် တစ်ချက်ထိုးလိုက်သည်။

'ဒါနဲ့ ငါ ပြောရဦးမယ်၊ ဟို… သွေးကင်ဆာနဲ့ကောင်မလေးလေ'

'သြော်… ပိုးဟပ်ဖြူလေးကို ပြောတာလား'



www.burmeseclassic.com

www.burmeseclassic.com



သူတို့က နှင်းဖြူကို ကွယ်ရာတွင် ပိုးဟပ်ဖြူလေးဟု ခေါ်ကြသည်။ ရဲတိုက်သည် သူ့ကိုနှင်းဖြူပြောသောအကြောင်း အရာတွေအားလုံးကို ပြောပြလိုက်သည်။

'အဲဒါ ငါဘယ်လို လုပ်ရမလဲ ထင်အောင်၊ ငါက တော့ သူ့အမေနဲ့တိုင်ပင်ပြီးမှ ပြောချင်တယ်၊ ဒါပေမဲ့ သူ့အမေ က ငါ့ကို မပြောဖို့တားမှာ ငါသိနေတယ်'

'အေးကွာ၊ မင်းနေရာမှာဆို ငါလည်း အကြပ်ရိုက်မှာ အသေအချာပဲ'

ထင်အောင်က လက်ဖက်ရည် တစ်ငုံသောက်ပြီး ပြော လိုက်သည်။ ပြီးနောက် တစ်စုံတစ်ရာကို သတိရမိပုံနှင့်…

'မှူးဆိုရင်တော့ သူ ဖြေရှင်းနိုင်မှာ၊ သွယ်ပိုက်ပြီး တော့လေ'

'အေးကွာ၊ မှူးက လူမှာကို နှစ်သိမ့်တဲ့နေရာမှာ သိပ် တော်တာ'

ထင်အောင်ရော သူပါ ငြိမ်သက်သွားလေတော့သည်။ သူတို့နှစ်ယောက်လုံး၏အတွေးမှာ သူငယ်ချင်းမလေး မှူးမျက် ခြယ်ကို သတိရမိသွားသည်။

'မှူးကို သတိရတယ်ကွာ'





ဒီတစ်ခါတော့ ရဲတိုက် ဘယ်လိုမှ ဟန်မဆောင်နိုင် တော့ဘဲ ပြောထွက်မိသွားသည်။

'ခုမှ ဖြစ်… ပါနဲ့ကွာ၊ ရှိတုန်းကတော့ မတည့်ကြဘဲနဲ့'

'အေးကွာ၊ ငါ့အပြစ်တွေပါ၊ ငါကလည်း သူ့အပေါ် ခုချိန်ထိ သူ့ပါးစပ်မှ ချစ်တယ်ဆိုသော စကားကို ပြောမထွက်ခဲ့ပါ'

'ငါ ထင်တယ်၊ သူက မင်းကို ချစ်နေတယ်လို့'

'ဖြစ်နိုင်ပါ့မလားကွာ'

ရဲတိုက်က ထင်အောင့်စကားကို မယုံရဲရဲနှင့် ငြင်းဆန် လိုက်သည်။

'သေချာပါတယ်ကွာ၊ ဥပမာ မင်း ကော်ဖီသောက်ရင် ဆော်ဖီမစ်ထုတ်လေး ဖောက်ပေးရတာနဲ့၊ ကော်ဖီဖျော်ပေးရ တာနဲ့၊ မင်းကသာ သတိမထားမိတာ၊ ငါတို့က ကောင်း ကောင်းရိပ်မိတယ်ကွ၊ အဲဒီတုန်းကတော့…'

'အေး… အဲဒီတုန်းကတော့ ငါ သူ့ကို သိပ်ကြောက် ခဲ့တာကိုးကွ'

ဟုတ်ပါသည်။ အဲဒီတုန်းကလည်း သူ မှူးကို ကြောက်စိတ်ဖြင့် ရှောင်တိမ်းခဲ့သည်ကိုး။ သူမ မရှိတော့မှ



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့တန်ဖိုးကို သူသိလာခဲ့ရသည်။

'အေးကွာ၊ မှူးမရှိတော့မှ ငါ သူ့ကို တော်တော်လွမ်းတာ၊ သူကလည်း ပြတ်လိုက်တာကွာ'

'ပြတ်လိုက်တာကွာတွေ ဘာတွေ လုပ်မနေနဲ့၊ မင်းတွေ့ချင်ရင် လိုက်သွားပေါ့၊ နိုင်ငံတွေခြားနေတာမှ မဟုတ်တာ'

ထင်အောင်၏စကားက မှန်ကန်ပေမယ့် သူ ဘယ်လိုမှ မအားလပ်ပေ။

'ငါမှ မအားတာကွာ'

'အေး... မင်း အဲလိုစကားတွေ ပြောနေသ၍ မင်းနဲ့မှူး ဝေးနေဦးမှာပဲ၊ မင်း မှူးကို တကယ်မချစ်ပါဘူးကွာ'


ထင်အောင်က သူ့ကိုဝေဖန်သလိုပြောတော့ သူဘာမှ ပြန်မပြောနိုင်ချေ။

'သူငယ်ချင်း မင်း စဉ်းစားလိုက်ပါဦး'

ထင်အောင်က သူ့ပခုံးကို နှစ်ချက်လောက်ပုတ်ပြီး ပြောကာ ထသွားတော့သည်။ သူ့မှာသာ အတွေးများဖြင့် ချာချာလည်ပြီး ကျန်ရစ်ခဲ့သည်။

♥ ♥ ♥ ♥ ♥

# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com

ညက မှောင်မည်းတိတ်ဆိတ်ပြီး ချမ်းစီးလှသည်။ ကျွန်မသည် ချမ်းချမ်းနှင့် စောစီးစွာ စောင်ပုံထဲ တိုးဝင်မိသည်။ ခြေထောက်တွေကလည်း အေးလွန်းသဖြင့် ကိုက်ခဲလှသော ကြောင့် အကိုက်အခဲပျောက်ဆေး တစ်ပြားသောက်ထားရ သည်။

'ဆရာမ··· ဆရာမ'

'ဒေါက်တာ··· ဒေါက်တာ'

'ဒုန်း··· ဒုန်း···'

ညဘက်ကြီး တံခါးခေါက်သံတွေကြောင့် ကျွန်မ [illegible] သွားသည်။

'အိပ်ပြီလား ဆရာမ၊ လူနာကုဖို့ ပင့်ချင်လို့ပါ၊ ကျုပ် [illegible]ပါ'



www.burmeseclassic.com

www.burmeseclassic.com



'နိုးပြီ ဦးဖိုးစိ၊ ကျွန်မ မီးအိမ်ထွန်းလိုက်ဦးမယ်'

ကျွန်မက ကဗျာကယာ မီးအိမ်ထွန်းပြီး အိမ်တံခါး သွားဖွင့်လိုက်သည်။

'ဦးဖိုးစိ အရေးတကြီး ဘာကိစ္စလဲ'

'ဆေးရုံမှာ အရေးပေါ်လူနာရောက်နေလို့ပါ၊ အဲဒါကြောင့် ဒေါက်တာ့ကို လာခေါ်တာပါ'

'ကောင်းပြီလေ၊ ကျွန်မ အနွေးထည်ထပ်ဝတ်လိုက်ဦးမယ်၊ ဆေးရုံမှာ သူနာပြုတွေ မရှိဘူး'

ကျွန်မက ဦးဖိုးစိနှင့်အတူ ပါလာသော ရွာသားအချို့ကို အကဲခတ်ရင်း မေးလိုက်သည်။

'သူနာပြု ဆရာမလေးတွေက မနိုင်လို့ ဆရာမကို ခေါ်ခိုင်းလိုက်တာဟ'

'ကောင်းပြီလေ၊ လှည်းပါရဲ့လား'

ကျွန်မက အိမ်တံခါးပိတ်၍ မေးလိုက်သည်။ ဒီအချိန်ကြီးဆိုတော့ အရေးပေါ်လူနာပဲဖြစ်မှာပါ။ ကျွန်မသည် ကိုယ့်စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

ဟိုးယခင် ငါးနှစ်ကနှင့်တော့ မတူပါ။ ကျွန်မ၏စိတ်သည် တည်ငြိမ်လာခဲ့ပြီ။ အရေးပေါ်လူနာအတွက် ကျွန်မ၏





ဦးနှောက်ကရော လက်ကပါ ဘာတွေလုပ်ရမလဲဆိုတာ အလိုအလျောက် သိနေပြီဖြစ်သည်။

'လူနာက ဘာဖြစ်တာတဲ့လဲ'

'မသိဘူး ဆရာမ၊ ဒဏ်ရာကြီးကတော့ အကြီးကြီးပဲ၊ သွေးထွက်လွန်တယ်လို့လည်း ပြောတာပဲ'

'အို...'

ကျွန်မသည် မမြင်ရသေးသော လူနာအတွက် အရမ်းစိုးရိမ်ပူပန်သွားမိသည်။

'မြင်းလှည်း မြန်မြန်လေးမောင်းလေ'

လူနာရှင်ဖြစ်ဟန်တူသော အမျိုးသမီးကို တစ်ချက် လှမ်းကြည့်လိုက်သည်။

'အစ်မက လူနာရှင်လား၊ လူနာ ဘာဖြစ်တာလဲ မသိဘူးလား'

'မသိဘူးရှင့်၊ သူ့အိမ်တံခါးခေါက်လို့ ဖွင့်ပေးလိုက်တော့ တစ်ခါတည်း လဲကျသွားတာပဲ၊ အဲဒါနဲ့ ဆေးရုံပို့ရတာပါ ဆရာမရယ်၊ သူက လူတကာ အမုန်းခံနေရတာ၊ ဘယ်သူလုပ်လိုက်လဲမှ မသိတာ၊ အဟင့်... ဟင့်'

လူနာရှင်မိန်းမက ပြောလည်းပြော၊ ငိုလည်းငိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်ရှုပ်သွားသည်။

'ကဲ… ကဲ… မငိုနဲ့တော့၊ ကျွန်မ ဘာမှ မမေးတော့ဘူး'

ဆေးရုံရောက်တော့ လူနာကိုကြည့်ပြီး လုပ်စရာရှိတာ လုပ်လိုက်သည်။ ကျွန်မရောက်သွားတော့ လူနာက အတော်မျှော့တော့နေပြီ။

'ဆရာမ ကယ်ပါ၊ ကယ်ပါ'

'ကဲ… အမျိုးသမီး ရှင် ဖယ်ပါ၊ ကျွန်မ လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်၊ လူနာကို ကယ်ချင်တယ်ဆို အပြင်မှာသွားနေပါ'

အချိန်လွန်မှရောက်လာသော လူနာကို တစ်ချက်ကြည့်၍ ကျွန်မ အသက်ကယ်ဆေးထိုးရန် ပြင်လိုက်သည်။

'ဆရာမ'

လူနာက တစ်ချက်လူးလွန့်လာသည်။

'ဆရာမ… ကျွန်တော့်ကို ကယ်ပါ၊ ကယ်ပါ'

ဘယ်လောက်ပင် ဆိုးတဲ့မိုက်တဲ့လူ ဖြစ်ပါစေ။ မိမိအသက်ကိုတော့ မိမိနှမြောကြတာပင်။ ကျွန်မ လုပ်စရာရှိသည်များအားလုံး လုပ်ပေးလိုက်သည်။





'ဆရာမ ကျွန်တော့်ကို ကယ်ပါ'

ကျွန်မ နားတွေအူလာသည်။ မဖြစ်။ ကျွန်မ စိတ်လှုပ်ရှားလို့ မဖြစ်ပါ။

အရေးကြီးတာက ဒီလူနာကို ကယ်ဖို့။

'ဆရာမ… ကယ်ပါ၊ ကယ်ပါ'

ကျွန်မ စိတ်တွေရှုပ်လာသည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ဒီလိုခွဲခန်းထဲမှာ။ မတွေးနဲ့စမ်း။ အဲဒါတွေ မတွေးနဲ့။

ကျွန်မလက်တွေ တဆတ်ဆတ်တုန်လာသည်။ ကျွန်မ စိတ်လှုပ်ရှားလို့ မဖြစ်ဘူး။ တစ်ချက်ချော်တာနဲ့ လူ့တစ်ယောက်ရဲ့အသက် ပါသွားမည်။

မဖြစ်စေရ။ ဒါမျိုး မဖြစ်စေရ။

ကျွန်မ ကိုယ့်စိတ်ကိုယ်တင်းလိုက်သည်။ စိတ်ငြိမ်သွားတာနှင့် ကြိုးစား၍ ကုသလိုက်သည်။ အားလုံးပြီးစီးသွားတော့ ကျွန်မ အတော်ပင် မောဟိုက်နွမ်းလျသွားသည်။ အထူးသဖြင့် ကျွန်မရဲ့စိတ်တွေ အတော်ပင်ပန်းနေသည်။

'ဆရာမ… ကျွန်မ ယောကျာ်းရဲ့အခြေအနေလေး၊ သိချင်ပါတယ် မဟုတ်လားဟင်'

ကျွန်မလက်ကို လာဆုပ်ကိုင်၍မေးသော လူနာ၏



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကို ပြုံး၍ နှစ်သိမ့်လိုက်ပြီး-

'ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်၊ ရှင့်ခင်ပွန်းကို သွားကြည့်နိုင်ပါပြီ'

ကျွန်မ၏ စကားတစ်ခွန်းသည် လူနာရှင် အမျိုးသမီး၏မျက်နှာကို ဝင်းပကြည်လင်သွားစေပါသည်။ ကျွန်မလည်း စိတ်ချမ်းသာပါသည်။ ဖြစ်နိုင်လျှင် လူနာတစ်ယောက်ကို ကုပြီးတိုင်း စိတ်ချပါဆိုသည့်စကားကိုပဲ ပြောချင်တာ ကျွန်မ၏စေတနာသာ ဖြစ်သည်။

ကျွန်မသည် ဖျော့တော့စွာ ရုံးခန်းထဲမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ဒေါက်တာ… တော်တော်ပင်ပန်းသွားပြီ ထင်တယ်၊ ဒေါက်တာ့အတွက် ကော်ဖီ'

ဆရာမလေးနော်အဲမူက ကော်ဖီတစ်ခွက်ဖျော်ပြီး စားပွဲပေါ် လာတင်ရင်း ပြောသည်။

'ကျေးဇူးပါပဲ မနော်ရယ်၊ ပင်ပန်းပေမယ့် ပင်ပန်းရကျိုးနပ်တယ်လေ၊ လူနာအသက်ရှင်သွားတယ်။ အမြဲတမ်း ကျွန်မလည်း ကုရတဲ့ လူနာတိုင်းကို ခုလိုပဲ ဖြစ်စေချင်ပါတယ်၊ အားလုံးပျောက်စေချင်ပါတယ်၊ ဒါပေမဲ့…'





ကျွန်မ၏စကားက တိုးတိမ်ပျောက်ကွယ်သွားသည်။ ကျွန်မရင်မှာ ဒဏ်ရာဒဏ်ချက်တွေနှင့်။ ကျွန်မ ပထမဆုံး ကုလိုက်သော လူနာသည်…။

'ဪ… ဒေါက်တာရယ်၊ ကျွန်မတို့က ပျောက်စေဆရာတွေမှ မဟုတ်တာ၊ အကုန်လုံးကိုတော့ ပျောက်စေချင်တာပေါ့'

ကျွန်မ ဖြည်းညင်းစွာ ခေါင်းကို ခါယမ်းလိုက်သည်။ ကျွန်မမှာ ပြင်မရသောအမှားကြီးတစ်ခု ရှိနေသည် မဟုတ်ပါလား။

ထိုနေ့ကသာ ကျွန်မ စိတ်မလှုပ်ရှားခဲ့လျှင်၊ ဘာပြီး ဘာလုပ်ရမည်ဆိုတာကို အတိအကျ သွက်လက်စွာ လုပ်နိုင်ခဲ့လျှင်၊ ကျွန်မ မတွေဝေနေလျှင် ကျွန်မလက်ထဲတွင် ထိုလူကြီး ဆုံးပါးစရာအကြောင်းမရှိဟု ကျွန်မ ထင်ပါသည်။

'ဒေါက်တာ အိမ်ပြန်ချင်ပြန်လေ၊ ကျွန်မ ကြည့်ထားပါ့မယ်၊ လူနာကလည်း စိတ်ချနေရပြီပဲ'

'ကျေးဇူးပါပဲ မနော်ရယ်၊ ကျွန်မ ပြန်လိုက်ဦးမယ်၊ အိပ်ပင်ပန်းနေပြီ၊ နေ့လည်မှ ပြန်လာမယ်'

ကျွန်မသည် မနော်ကို နှုတ်ဆက်၍ အင်္ကျီယူပြီး ပြန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆေးရုံမှအထွက်တွင် နန်းကြာနှင့်တွေ့သည်။

'ဆရာမ သမီးလည်း အိမ်ပြန်မလို့၊ စက်ဘီးနဲ့ကြုံတယ် လိုက်ခဲ့ပါလား'

'ဆရာမကို တင်နှင်းနိုင်ပါ့မလား နန်းကြာရယ်'

'တင်နှင်းနိုင်ပါတယ် ဆရာမ'

ကျွန်မ နန်းကြာ၏ စက်ဘီးနောက်မှ လိုက်ခဲ့သည်။ ထို့နောက် ကျွန်မ သိချင်သောကိစ္စတစ်ခုကိုမေးရန် သတိရသွားသည်။

'ဒါနဲ့ သမီးကို မေးရဦးမယ်၊ ဟိုတစ်နေ့က မြင်းလှည်းမောင်းတဲ့ လူကြီးကို ဘာလို့ကြောက်နေရတာလဲကွဲ့'

ကျွန်မက ဟိုတစ်နေ့က ဈေးမှအပြန် အရမ်းကြောက်လန့်နေသော နန်းကြာပုံစံကို မြင်ယောင်ပြီး မေးလိုက်မိခြင်းဖြစ်သည်။

'ဆရာမ တကယ်မသိဘူးလား'

'ဘယ်သိမလဲ သမီးရဲ့၊ ဆရာမက အခုမှရောက်တာဆိုတော့လေ'

'ဒါဆိုလည်း ဆရာမကို ပြောပြထားရဦးမယ်၊ နောက်ဆိုရင် အဲဒီလူကြီးကို ဝေးဝေးရှောင် သိလား'





နန်းကြာက ကြောက်လန့်တကြား ပြောနေတာကြောင့် ကျွန်မ အသာအယာ ပြုံးမိသည်။ အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့လေ။

'ဘာဖြစ်လို့လဲ သမီးရဲ့'

'အဲဒီလူကြီးက မြို့ပြင်မှာနေတာတဲ့၊ ပြီးတော့ တစ္ဆေသရဲတွေ မွေးထားတာတဲ့၊ သူ မကျေနပ်တဲ့လူဆို သရဲတွေနဲ့ ထိုက်ခိုင်းတာ၊ သူမကျေနပ်တဲ့ ဟိုအဒေါ် ဒေါ်ပုဆိုရင် ရူးပြီးသေသွားတာလေ၊ အမလေး ကြောက်စရာကြီး'

နန်းကြာစကားကြောင့် ကျွန်မ ရယ်မိသည်။

'ကြံကြံဖန်ဖန် သမီးရယ်၊ ဒီခေတ်ကြီးထဲမှာ သရဲဆိုတာ မရှိတော့ပါဘူး'

'အမလေး ဆရာမ မသိလို့နော်၊ အဲဒီလူကြီးနေတာ အိမ်မည်း အိမ်ပျက်ကြီး'

နန်းကြာက အမှန်တကယ် ကြောက်ရွံ့ဟန်ဖြင့် ပြောနေသည်။

'မဖြစ်နိုင်တာ သမီးရယ်၊ အိမ်မည်းကြီးမှာနေတာနဲ့ သရဲမွေးတဲ့သူ ဖြစ်ရောလား'

'ဖြစ်တယ် ဆရာမ၊ အဲဒီလူကြီးလှည်းကို နောက်မစီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သိလား၊ သရဲ ဂုတ်ချိုးလိမ့်မယ်'

'ကဲပါ… အဲဒါဆိုရင် ဆရာမကို အဲဒီအိမ်ကြီးကို လိုက်ပို့စမ်းပါ၊ သရဲဆိုတာ မြင်ဖူးချင်လို့'

'ဟင့်အင်း… ဟင့်အင်း'

နန်းကြာက ငြင်းဆန်ရင်း စက်ဘီးတောင် လဲတော့မလို ဖြစ်သွားသည်။

'ကဲ… ကဲ… ဆရာမ မပြောတော့ပါဘူး၊ စက်ဘီးကိုပဲ ကောင်းကောင်းနင်းတော့'

နန်းကြာကို ပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ အိမ်ကြီးကို အရမ်းစိတ်ဝင်စားမိသည်။ ထို့အတူ ထိုလူကြီးကိုလည်း စိတ်ဝင်စားမိသည်။

ဘာကြောင့် သူ ဒီလိုဖြစ်နေတာလဲ။

တစ်နေ့နေ့တော့ ထိုအိမ်ဆီ အရောက်သွားဦးမည်ဟု တေးထားလိုက်သည်။

ထိုစဉ်မှာပင် အိမ်ရှေ့ရောက်တော့ နန်းကြာက စက်ဘီးကို ရပ်လိုက်သည်။

'ကဲ… ဆရာမ သမီးသွားမယ်'

'အေးပါကွယ်၊ ကျေးဇူးပဲ'





'ရပါတယ် ဆရာမ၊ ဟိုလူကြီးကိုသာ ဝေးဝေးရှောင်ပါ'

နန်းကြာက ထပ်သတိပေးသွားတာမို့ ကျွန်မ ပြုံးလိုက်မိတော့သည်။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ အနည်းငယ်လည်း အားလပ်နေသည်မို့ ခြံတွင်းလုပ်စရာရှိသည်များကို လုပ်နေမိသည်။ နံနက်စောစော နေထွက်စမှာ ကျွန်မသည် ချွေးတပြိုက်ပြိုက်၊ ဓားတစ်လက်နှင့် တောင်သူမတစ်ယောက်ပမာ ဖြစ်နေချေပြီ။

ကျွန်မအဖြစ်ကိုသာ မေမေမြင်လျှင်…။

ကျွန်မ မေမေ့အကြောင်းတွေးပြီး ပြုံးမိသည်။ မေမေက အင်မတန်ကျော့မော့သူ၊ သန့်ရှင်းသူသာဖြစ်သည်။ မေမေက သူဌေးသမီး၊ ဖေဖေက တောသား။ ကြုံကြုံဖန်ဖန် ဖူးစာဆုံကြခြင်းဖြစ်သည်။

ဒီအိမ်ကလေးကလည်း ဖေဖေ့ဘက်မှ ဘိုးဘိုးနှင့် ဘွားဘွား ပိုင်ဆိုင်ကြခြင်းဖြစ်သည်။ ဖေဖေကတော့ ရန်ကုန်မှာ မေမေနှင့်အတူလိုက်နေရင်း ဆုံးပါးသွားခြင်းဖြစ်သည်။



ဘိုးဘိုးနှင့်ဘွားဘွားကတော့ ဒီအိမ်ကလေးမှာပင် ခေါင်းချသွားပြီး အမွေအဖြစ် ကျွန်မကို ပေးခဲ့ခြင်းသာ ဖြစ်သည်။ ဒီအိမ်လေးကို ဘိုးဘိုးဆုံးပါးစဉ်က တစ်ခေါက်၊ ဘွားဘွားဆုံးပါးစဉ်က တစ်ခေါက်သာ ရောက်ဖူးသည်။ ထိုစဉ်ကတည်းက တစ်နေ့ အိမ်လေးတွင် ကျွန်မလာနေကိုနေမည်ဟု ဆုံးဖြတ်ချက်ချခဲ့ခြင်းသာ ဖြစ်သည်။

ယခုတော့ ကျွန်မ နေခွင့်ကြုံပြီ။ ကျွန်မ ဒီအိမ်ကလေးကို အရမ်းသဘောကျပါသည်။ သစ်လုံးကလေးတွေနှင့် လှပစွာ ချစ်စဖွယ်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ဒီအိမ်လေးကို ဘိုးဘိုးက ဘွားဘွားကို ချစ်သက်လက်ဆောင်အဖြစ် ပေးခဲ့ခြင်းဖြစ်သည်။

ယခင်တုန်းကတော့ ပန်းတွေနှင့် ဝေဝေဆာဆာပေါ့။ ယခုတော့ ခြုံနွယ်ပိတ်ပေါင်းတွေနှင့် ရှုပ်နေပြီ။ ဒီခြံလေးကို သပ်ရပ်လှပစေရန် ပြုပြင်ဆင်ဖို့က ကျွန်မတာဝန်ဖြစ်သည်။

ကျွန်မ ချထားသောဓားကို ပြန်ကောက်ကိုင်လျက် ဆက်ရှင်းလိုက်သည်။ အတော်ကြာတော့ ကျွန်မ မောမောနှင့် သစ်ပင်တစ်ပင်အောက်တွင် ထိုင်နေမိသည်။

'တော်တော်မောနေပြီလား ဒေါက်တာမကြီးရဲ့' အဆး



www.burmeseclassic.com

www.burmeseclassic.com

ထိုးအပ်ကိုင်မယ့်လက်က ဘယ်နှယ့်ကြောင့် ဓားကိုကိုင်နေရတာလဲ'

မေးခွန်းနှင့်အတူ ထွက်ပေါ်လာသော အသံကြောင့် ကျွန်မ ချွေးသုတ်နေရာမှ ရပ်တန့်လိုက်သည်။ ဒီအသံနှင့် ရင်းနှီးနေသလိုပါပဲ။ နေဦး။ ဒါ... ဒါ... ကျွန်မအတွေးတို့ မဆုံးခင် စကားသံ ထပ်မံထွက်ပေါ်လာသည်။

'တွေးမနေပါနဲ့ ဆရာမရဲ့၊ ကျုပ်က အကုန်သိနေတယ်ဆိုရင် ဒေါက်တာ ယုံမှာလား၊ ဥပမာပေါ့ဗျာ၊ ဒီအိမ်မှာ နေခဲ့တဲ့ အဘိုးအိုနဲ့အဘွားအိုတို့ရဲ့ လှပတဲ့ နေဝင်ချိန်ကလေးက အစပေါ့'

ဘုရားရေ... သူ ဘယ်လိုသိနေတာပါလိမ့်။

'ဒီအိမ်လေးကို ပိုင်ရှင်ဘိုးဘိုးက သူကိုယ်တိုင် မြေနေရာရှင်း၊ သူကိုယ်တိုင် တောထဲမှာ သစ်လုံးတွေသွားခုတ်ပြီး သူတစ်ယောက်တည်း သစ်လုံးတွေနဲ့ တည်ဆောက်ခဲ့တာလေ၊ အဲ... အိမ်လေးတင်မကဘူး၊ သူ့ချစ်ဇနီးအတွက် လှပတဲ့ ပန်းခင်းကြီးတစ်ခင်းကိုလည်း ကိုယ်တိုင်စိုက်ပျိုးပေးခဲ့တာလေ'

'ရှင်... ရှင်... ဘာလို့ ဒါတွေသိနေရတာလဲ'

ကျွန်မရဲ့ ဘိုးဘိုးနှင့်ဘွားဘွား၏ လျှို့ဝှက်ချက်ကို ဒီလူ သိနေပါလား။ ကျွန်မသည် ထူးဆန်းအံ့ဩစွာ ထိုလူကို လှည့်ကြည့်လိုက်သည်။ ထိုသူသည် ကျွန်မကို ကျောခိုင်းပြီး ထိုင်နေသည်။ ဦး ကြီးတစ်လုံး ဆောင်းထားသည်။

မြင်းလှည်းသမားပါလား။

ဘာရယ်မဟုတ်ပါဘဲ ကျွန်မ ကျောရိုးထဲ စိမ့်ခနဲဖြစ်သွားသည်။ ဒါဟာ ဟိုကလေးမ နန်းကြာပြောတဲ့ စကားတွေကြောင့်ဟုတွေးပြီး ကျွန်မ ပြုံးမိသည်။

'ဆရာမ သိပ်ကြောက်သွားလား၊ ကျုပ်က သရဲ မဟုတ်ပါဘူးဗျ၊ ဟဲ... ဟဲ...'

'ရှင်... ရှင်... ဘယ်လိုဝင်လာတာလဲ'

'ဪ... ဒါများ မထူးဆန်းပါဘူး ဒေါက်တာရယ်၊ ကျုပ် ခါးလောက်ရှိတဲ့ သစ်လုံးခြံတိုင်တွေကို ကျုပ်ဝင်နိုင်တာ ဆန်းပါဘူး၊ ကျုပ်က တန်ခိုးရှိလို့ မဟုတ်ပါဘူးဗျ'

သူပြောတာကို ကျွန်မ ခေါင်းညိတ်၍ လက်ခံလိုက်သည်။

'ဒါနဲ့ရှင်က ကျွန်မ ဘိုးဘိုးနဲ့ ဘွားဘွားရဲ့အကြောင်းတွေ ဘယ်လိုသိနေရတာလဲ'

'ဪ...သိချင်ရင်လေ့လာ၊ အလွယ်လေးပဲ ဆရာမ





www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ကဲ…ကဲ… ဒါတွေထားလိုက်ပါတော့၊ ကျုပ်ကို ရေ တစ်ခွက်လောက် မတိုက်ချင်ဘူးလား'

'အို… ဟုတ်သားပဲ၊ ရှင် အိမ်ထဲဝင်လေ'

ကျွန်မက သူ့ကို ယုံကြည်စွာဖြင့် အိမ်ထဲဖိတ်ခေါ် လိုက်သည်။ သူဟာ လူကောင်းတစ်ယောက်ဟု ကျွန်မ ကိုယ်နှိုက် သေယုံကြည်မိသည်။

'ဖြစ်ပါ့မလား ဆရာမရဲ့၊ ကျုပ်ကို လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ အိမ်ထဲခေါ်သွင်းနေတာ၊ ပြီးတော့ ပတ်ဝန်း ကျင်က ရှိသေးတယ်'

ကျွန်မက ပြုံးလိုက်ရင်း…

'ရှင့်ကို ကျွန်မ ယုံပါတယ်၊ အဲ… ပြီးတော့ ပတ်ဝန်း ကျင်ဆိုရအောင်လည်း ကျွန်မက ကလေးမဟုတ်ပါဘူး၊ ကဲ… အိမ်ထဲကြွပါ'

ကျွန်မက ရှေ့မှဦးဆောင်၍ အိမ်ထဲခေါ်ခဲ့သည်။ သစ် သားခုံတန်းလေးကို ညွှန်ပြရင်း…

'ထိုင်ပါဦး'

ကော်ဖီတစ်ခွက်နှင့် ရေတစ်ခွက်ခပ်ပြီး ထိုပုဂ္ဂိုလ်ရှေ့ ရောက်သွားချိန်မှာတော့ သူက ကျွန်မ ဘိုးဘိုးနှင့်ဘွားဘွား





ဓာတ်ပုံတွေကို ကြည့်နေသည်။

'ကော်ဖီ သုံးဆောင်ပါဦး'

သူက အံ့ဩရောက်တော့လည်း ဦးထုပ်ကြီးကို ချွတ်တမ်း ဝတ်ထားသည်။ ထိုဦးထုပ်ကြီးရယ်၊ မုတ်ဆိတ် မွေးတွေရယ်၊ ဆံပင်ရှည်တွေရယ်ကြောင့် သူ့အသက်ကို ခန့်မှန်း၍မရ။

အို… အသက်မပြောပါနဲ့။ သူ့နာမည်ကိုရော ကျွန်မ သိသေးလို့လား။

'ဒါနဲ့ ရှင့်နာမည် ကျွန်မ မသိရသေးဘူးနော်'

သူက ကျွန်မရှိရာဘက်သို့ အေးတိအေးစက် မျက်နှာ ထားနှင့်လှမ်းကြည့်လာပြီး…

'နာမည် မသိလည်း ခင်ဗျားနဲ့ကျုပ် အခုစကားပြော လို့ ရနေတာပဲလေ'

ဘယ်လိုလူ့ဂွစာပါလိမ့်ဟု ကျွန်မတွေးမိသည်။

'ဘာလဲ၊ ကျုပ်ကိုလူ့ဂွစာလို့ တွေးနေတာမဟုတ် လား'

ဘုရားရေ… ကျွန်မအတွေးကို သူသိနေတာ မလွန် လွန်းဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



'မအံ့သြပါနဲ့၊ ဒါ ခန့်မှန်းလို့ရတာပဲလေ၊ ကျုပ်နာမည် သိရမှဖြစ်မယ်ဆိုရင်လည်း ပြောပါ့မယ်၊ ကျုပ်နာမည် ဒွန်းတဲ့၊ တစ်လုံးတည်းပဲ၊ ဒွန်းလို့ပဲခေါ်ပေါ့ဗျာ'

'ဟုတ်ကဲ့ပါ၊ ထိုင်ပါ ဒွန်း'

'ခင်မင်ခွင့်ရတဲ့အတွက်ရော ကျွန်မကို ကူညီခဲ့တာတွေအတွက်ပါ ကျေးဇူးပါပဲ'

ကျွန်မက အမှန်တကယ် ကျေးဇူးတင်သဖြင့် လှိုက်လှဲစွာ ပြောလိုက်မိသည်။ ဒွန်းပုံက အနည်းငယ် လျှို့ဝှက်တိတ်ဆိတ်သည်ဟု ကျွန်မ ထင်ပါသည်။

'ဟိုး… ကျေးဇူးတင်မစောနဲ့ဦး၊ နောက်ထပ် ဒီထက် ကျေးဇူးတင်စရာတွေ ရှိသေးတယ်၊ ကျေးဇူးတင်စရာတွေများလို့ ပိနေပါဦးမယ်ဗျာ'

သူ့စကားကြောင့် ဒီတစ်ခါတော့ ကျွန်မ လှိုက်လှဲစွာ ပြုံးလိုက်မိတော့သည်။ ဒီလိုကျတော့လည်း ဒွန်းဟာ ခင်ဖို့ကောင်းသူတစ်ယောက်ပင်။ နန်းကြာတို့ပြောသလို ဒွန်းဟာ ကြောက်စရာကောင်းသူတစ်ယောက်တော့ မဟုတ်ပါ။

'ဒီထက် ကျေးဇူးတင်စရာရှိသေးတယ်၊ သိချင်လား'

'ပြောလေ'





ကျွန်မက ဒွန်းထံမှ ဘာများအထူးအဆန်းများ ကြားရမလဲဟု နားစွင့်မိသည်။

'ဟောဒီ ပန်းဥယျာဉ်ကြီးတစ်ခုလုံးကို ကျုပ်က အခမဲ့ ဥယျာဉ်မှူးလုပ်ပေးမှာ၊ အဲဒါ ဒီက ဒေါက်တာမကြီးရဲ့သဘောတ'

'အိုး…'

ကျွန်မအတွက် ကျေနပ်ပီတိဖြစ်ခြင်းများစွာ ရင်မှာ လှိုက်လှဲလာသည်။

'တကယ်ပြောတာလား'

'တကယ်ပါ ခင်ဗျား၊ အဘိုး အဘွားတွေ လက်ထပ်ကနဦးကလိုကို ပြန်ဖြစ်အောင် ကျုပ်ကြိုးစားပေးမယ်'

'အိုး… ကျေးဇူးတင်လိုက်တာရှင်၊ ဒါဆိုရင် ကျွန်မ ငြင်းတော့ဘူးနော်'

ကျွန်မသည် အမှန်တကယ်ပျော်ရွှင်သွားသည်။ ဒါဟာ ကျွန်မ အဖြစ်ချင်ဆုံးဆန္ဒလေ။ တခြား ဘာမျှ တွေးမနေချင်တော့ပေ။

'ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ဒေါက်တာရဲ့၊ ကျုပ်ဒီကို နေ့တိုင်းလာလို့ ဒေါက်တာ့အတွက်များ အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမလား မသိဘူး၊ ပြီးတော့ ဒေါက်တာ့သိက္ခာ’

‘ကျွန်မ အဲဒါတွေ ခေါင်းထဲမထည့်ဘူး၊ ရှင် အခိက က ကျွန်မရဲ့ခြံလေး နဂိုကလို ပြန်လည်လှပဖို့ပဲ’

ကျွန်မသည် တခြားဘာကိုမှ မတွေးတော့ဘဲ ရိုးစင်းစွာပင် ပန်းဥယျာဉ်လေး လှပလာဖို့အတွက် ဥယျာဉ်မှူးခန့်ရန် ဆုံးဖြတ်လိုက်သည်။ တခြားဘာကိုမှ မတွေးတော့။ ကျွန်မ အတွက်က လှပသောဥယျာဉ်လေးတစ်ခုဖြစ်ဖို့ပဲ မဟုတ်ပါလား။ ကျွန်မအတိုးအဘွားတွေ လက်ထက်တုန်းကလို ဥယျာဉ်လေးတစ်ခု ပြန်ရတော့မည်ဆို၍ ပျော်ရွှင်မိပါသည်။

♥ ♥ ♥ ♥ ♥

သူပြောလိုက်သော စကားတစ်ခွန်းကြောင့် မှူးမျက်ခြယ်ဆိုသော ကောင်မလေး ဘယ်လောက်တောင် ခံစားသွားရသလဲဟု ရဲတိုက် တွေးနေမိသည်။

‘ဘာလဲ၊ နင်ကမကျေနပ်ဘူးလား၊ ငါ့အချစ်ကို ရနိုင်မရနိုင် အလောင်းအစားလုပ်ချင်သေးလား မှူးမျက်ခြယ်’

မျက်နှာထားတည်နှင့် ဟိုတစ်နေ့က မှူးမျက်ခြယ်ကို ပြောလိုက်မိသည်။ ဒါကလည်း သူ့ရဲ့ခင်မင်မှုကို အလောင်းအစားလုပ်တာကို ဒေါသဖြစ်လွန်း၍သာဖြစ်သည်။ အခုတစ်လော သူမကို မတွေ့ရတာကြောင့် မေးချင်ပေမယ့် ဟိုအုပ်စုတွေကလည်း ခပ်တည်တည်လုပ်နေတာကြောင့် မမေးရဲပါ။ ထို့ကြောင့် စာကိုသာ ကုန်းကျက်နေမိသည်။

‘ဟော့ကောင်… ကျက်လှချည်လား’



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျောကုန်းကို ထင်အောင်က ဆောင့်တွန်းတာကြောင့် သူပျော်သွားသည်။ သူမအကြောင်း မေးလို့ရပြီလေ။

'အေးကွာ၊ စာမေးပွဲက နီးနေပြီ မဟုတ်လား'

'အဲဒါတွေ မပြောစမ်းပါနဲ့၊ ငါတို့လည်း ဆေးကျောင်းသားပါပဲကွ၊ မင်းတစ်ယောက်တည်း မဟုတ်ပါဘူး၊ သိပ်အိုဗာလုပ်မနေနဲ့'

ထင်အောင်က အကွက်ရတုန်း သူ့ကို နှိပ်ကွပ်နေသည်။ သူသိချင်တာရှိ၍ ရဲတိုက် အသာငြိမ်နေမိသည်။

'ဒါနဲ့ ဟိုကောင်တွေရော'

'ဘယ်ကောင်လဲ၊ ငါလည်း မင်းလိုပဲအပေါင်းအသင်းမရှိဘူးလေ'

အရေးထဲမှ ထင်အောင်က သူ့ကို ရိသဲ့သဲ့ပြောနေတာကြောင့်သူငြိမ်သက်မိသည်။ မှုံးမျက်ခြယ်ဆိုသော ကောင်မလေး၏ အသံစည်စည်လွင်လွင်လေး မကြားရတော့ စာသင်ခန်းကြီးလည်း တိတ်ဆိတ်လို့။ ဆေးကျောင်းကြီးလည်း တိတ်ဆိတ်၊ လက်တွေ့ခန်းတွေလည်း ခြောက်သွေ့ငြိမ်သက်လျက်ပေါ့။ သူ ဒီတစ်ခေါက်တော့ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့။





'ထင်အောင် မင်းကို ငါမေးစရာရှိလို့'

'မေးကွာ၊ မှုံးအကြောင်းကလွဲရင် အားလုံးမေး၊ မှုံးအကြောင်းတော့ မင်းစိတ်ဝင်စားမှာ မဟုတ်ပါဘူး'

ထင်အောင်၏ ဝိတ်ပြောလိုက်သော စကားကြောင့် သူ့မှာ မေးရန်ပင် နင်သွားသည်။ ဘာဆက်ပြောရမှန်း မသိတော့ ထင်အောင်က ကျေနပ်သွားသည့်ပုံနှင့် စပ်ဖြီးဖြီးဖြစ်နေသည်။

'ငါ ဘာမှမေးစရာမရှိတော့ပါဘူးကွာ၊ ငါ သွားတော့မယ်'

သူသည် စာအုပ်တွေကောက်သိမ်း၍ ထလိုက်သည်။ သူသည် မြို့သိပ်နိုင်စွမ်းရှိသူတစ်ယောက်သာ ဖြစ်သည်။ သူ့အဖို့အတွက် ထိုမိန်းကလေးက အရေးမကြီးဘူးဟု တွေးလိုက်တော့ သူ ဘာမှမဖြစ်တော့ချေ။

'မင်း တကယ်မသိချင်ဘူးလား'

ထင်အောင်က သူ့လက်ကို ဆွဲ၍ မေးလိုက်သည်။

'ဘာကိုလဲ'

ရဲတိုက်က အေးဆေးပင် မေးလိုက်သည်။

'မှုံးအကြောင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အတွက်တော့ အရေးမကြီးပါဘူး'

'ကျွတ်··· မင်း တော်တော်သူငယ်ချင်းစိတ်မရှိတဲ့ ကောင်ပဲ'

ထင်အောင်က သူ့ကို ခပ်ဆတ်ဆတ်ပြောတော့ သူ ဘာမှမပြောမိချေ။ သူက သူ့ခံစားချက်တွေကို လိုပင် လျှို ဝှက်တိတ်ဆိတ်တတ်သူဖြစ်သည်။ သူက ငြိမ်သက်နေမိသည်။

'မျိုးရဲ့ သူသိပ်ချစ်တဲ့အဘွား ဆုံးသွားပြီ'

'ဩော်···'

ဒီလိုသတင်းကြားတော့လည်း သူ့စိတ်ထဲမှာ ထိရှသွား ရသည်။

'မင်းတို့ သတင်းသွားမေးရင် ငါလည်း လိုက်မယ် လေ'

ထင်အောင်ကတော့ သူပြောသောစကားသည် ဝတ် ကျေတန်းကျေစကားဟု ထင်မည်။ သူ့ပုံစံနှင့်စကားက အေး စက်စက်ကိုး။ အမှန်တကယ်တော့ သူ့စိတ်ထဲမှာ မျိုးနှင့်တွေ့ ချင်ပါသည်။ မျိုးကို နှစ်သိမ့်ပေးလိုပါသည်။

'သွားမေးရအောင် ဟိုး··· ရှမ်းပြည်နယ်မှာကွ၊ မင်း လိုက်သွားပါလား၊ ပြောမှ မေးဖော်ရတယ်၊ သူငယ်ချင်း





ဆောင်းမပီသတဲ့ကောင်'

သူက တစ်ချက်ပြုံး၍···

'မင်းတို့ ထင်ချင်သလို ထင်ကွာ၊ ကဲ··· ငါတော့ သွားပြီ၊ မျိုးမျက်ခြယ် ပြန်လာမှပဲ ငါ သတင်းသွားမေးတော့ မယ်'

သူ့ရဲ့ အပြုအမူကြောင့် ထင်အောင်ကတော့ နှာခေါင်း ရှုံပြီး ကျန်ရစ်ခဲ့မှာ အသေအချာပင်ဖြစ်သည်။ သူ့ပုံစံက သိပ် မြီး ဆက်ဆံရေးကျဲသည့် စာမေးပွဲနီးကာမှ နယ်ကိုသွားသော မျိုးကိုလည်း စိတ်တိုမိသည်။

ဒီရက်ပိုင်းအတွင်း သင်သွားသောစာတွေကို မျိုး အတွက် သီးသန့်မိတ္တူကူးပေးထားမည်ဟု ဆုံးဖြတ်လိုက် သည်။ မျိုးနှင့်သူ့ကြားမှာ တောတောင်ရေမြေတွေ ခြားနေ သည်။ သို့သော် အတွေးကြောင့် သူ့စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်ရသည်။

မျိုးနှင့်ပတ်သက်ပြီးကတည်းက တိတ်တိတ်လေး ကြိတ်ပြီး ခံစားခဲ့ရတာပါ။ အဲဒီခံစားချက်တွေကို လူမသိအောင် ဆော၊ သူ့ကိုယ်သူပါ မခံစားရအောင်လို့ ကြိတ်ပြီး ဖျောက်ပစ်ရ သောပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပါတ်ခန့်အကြာတွင် မှူး ကျောင်းပြန်တက်သည်။ သူငယ်ချင်းတွေက ဝိုင်းအုံနေတာကြောင့် မှူးနား ကပ်ခွင့်မရသေး။ သူ မှူးကို မကြာခဏ လှမ်းကြည့်မိသည်။ သူ့ရဲ့ပြဿနာကို ဖြေရှင်းပေးလိုက်သူက ထင်အောင်ဖြစ်သည်။

'ဟေ့ကောင်… မင်း မှူးကို သတင်းမေးမယ်ဆို၊ လာလေကွာ၊ ပဲများမနေနဲ့'

ထင်အောင့်စကားကြောင့် သူ အနည်းငယ် ရှက်သွားပေမယ့် ဒီတစ်ခါတော့ ဟန်မဆောင်တော့ပါ။ မှူးအတွက် ကူးထားသော စာရွက်တွေယူပြီး မှူးထိုင်နေရာ ခုံတန်းသို့ လျှောက်လာခဲ့သည်။

'သတင်းကြားရတာ စိတ်မကောင်းပါဘူး မှူး၊ ဒါ မှူးအတွက် ကျွန်တော်ကူးထားတဲ့ စာရွက်တွေပါ'

မှူးမျက်ခြယ်က သူ့ကို ကျေးဇူးတင်သော အကြည့်နှင့်ကြည့်သည်။ မှူးရဲ့မျက်နှာလေးတောင် အနည်းငယ် ပိန်သွားသလိုပါပဲ။

မှူးက စာရွက်တွေကို လှမ်းယူလိုက်ရင်း…

'ကျေးဇူးပါပဲ ရဲတိုက်ရယ်၊ နင် ငါ့ကို စိတ်မဆိုးဘူးနော်'





'မဆိုးပါဘူး မှူးရဲ့၊ ငါကတောင် အပြောလွန်သွားတဲ့အတွက် တောင်းပန်ရဦးမှာပါ'

သူ့ ပါးစပ်မှစီစဉ်ထားခြင်းမရှိသော စကားလုံးများ ပြောထွက်မိသွားသည်။

'နင် ယုံမလားမသိဘူး၊ ငါ့ဘဝမှာ ဒါဟာ ပထမဆုံး အကြိမ် မိန်းကလေးတစ်ယောက်ကို တောင်းပန်လိုက်တာပဲ'

သူ့စကားကြောင့် မှူးသူငယ်ချင်းအေးမြတို့ ကေကေတို့က…

'မှူးရေ… နင်ဝမ်းသာလိုက်တော့၊ မဟာကံထူးရှင်ကြီးဆိုပြီး'

'ဟဲ့… ဟဲ့… အဲလို မပြောကြပါနဲ့ဟယ်၊ တောင်းပန်တဲ့သူက တောင်းပန်မှတော့၊ ရဲတိုက် ဒီနေ့ကစပြီး နင်နဲ့ ငါတို့ အခင်ဆုံးသူငယ်ချင်းတွေ ဖြစ်သွားကြပြီလို့ ငါ သတ်မှတ်တယ်'

မှူးစကားကြောင့် သူ ခေါင်းကို အလိုအလျောက် ညိတ်လိုက်မိသည်။

'ကဲ…ကဲ…သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေဖြစ်တဲ့အထိမ်းအမှတ်နဲ့ ရဲတိုက်က မုန့်လိုက်ကျွေးပါမယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



ထင်အောင်၏ စကားကို အားလုံးက ထောက်ခံကြသည်။ ထိုအချိန်မှစ၍ သူတို့ အရမ်းခင်သွားကြသည်။ ဒီတုန်းက သူတို့ သိပ်ငယ်ကြသေးသည်။ ပထမနှစ်၊ ဒုတိယနှစ် အရွယ်လေးတွေ။ သူတို့ ပျော်ခဲ့ကြသည်။

ထိုနေ့က သူ့အတွက် မှတ်မှတ်ရရပါ။ မျူးက သူ့ကို စိုက်ကြည့်၍ပြောခဲ့သောစကားတစ်ခွန်းကို ယနေ့အထိ ရဲတိုက် မှတ်မိဆဲပါ။ စကားက သိပ်မထူးဆန်းပါ။

'နင်က ငါ့ကို ဂရုစိုက်သားပဲနော်'တဲ့။

'အေးလေ၊ ငါတို့က သူငယ်ချင်းတွေပဲ၊ အမြဲတမ်း သူငယ်ချင်းတွေပဲဟာ၊ ဂရုစိုက်တာ ဘာဆန်းလဲ'

ထိုစကားကိုပြောခဲ့သော သူသည် ထိုစဉ်က မသိခဲ့ပေမယ့် ဒီနေ့ အဲဒီစကားကို ဘာ့ကြောင့် ပြောလဲဆိုတာ သိခဲ့ရသည်။ သူ့ရင်ထဲမှာ မျူးကို ချစ်တဲ့အချစ်တွေ ဖိတ်လျှံကုန်မှာစိုး၍ သူ့ကိုယ်သူစည်းတားလိုက်ခြင်းသာ ဖြစ်သည်။ အဲဒီစည်းသည် ယခုတော့ သူ့ကို ပြင်းရှစွာ ပူလောင်နေပြီ ဖြစ်သည်။

မျူးရယ်… နင့်ကို ငါ တစ်နေ့မှ မေ့လို့မရပါလား။ ငါ့ရဲ့စကားတွေအတွက် နင် ခွင့်လွှတ်ပေးပါ။

သူ့ကို အမြဲဂရုစိုက်တတ်သော မျူးရဲ့အပြုအမူလေး





များက သူ့ကို ယခုတော့ နှိပ်စက်နေပြီဖြစ်သည်။ သူ စာကျက်လို့ ပင်ပန်းနေပြီဆိုလျှင် အမြဲတစေ ဂရုတစိုက်နှင့် ဖျော်ပေးသော ကော်ဖီပူပူလေးများကိုလည်း သူ တမ်းတမိပါသည်။

ယခုလို ဆေးရုံမှာ သူ နိုက်ဂျူတီကျနေလျှင် သူ့ကို 'နင် ဘာစားမလဲ'ဟု ဖုန်းဆက်မေးမှာ သေချာသည်။ ညနေပိုင်းဆိုလျှင် သူ့အတွက် စားစရာတစ်ခုခု လုပ်လာမှာ အသေအချာ။

ရဲတိုက်… ရဲတိုက်… မင်း ရှိတုန်းကတော့ တန်ဖိုးထားဘဲ အခုမှ တမ်းတနေလို့ ဘာထူးမှာတဲ့လဲ။ မင်းကမင်း အတ္တကြီးပဲ။ မျူးတစ်ယောက် တောမကျ မြို့မကျလေးမှာ ဘယ်လိုဒုက္ခတွေရောက်နေပြီလဲ။ ဘယ်လောက်တောင် ပင်ပန်းနေရှာပြီလဲ။ အတွေးကြောင့် သူ မျူးအတွက် ပူပန်သွားသည်။

ညသည် မှောင်မိုက်နေသည်။ အတွေးကြောင့် ပိုမှောင်အသလို ခံစားရသည်။ သူ ဘာလုပ်ရမလဲဆိုတာ မသိတော့။ အိပ်စက်ခြင်းကလည်း သူ့ကို ခေါ်ဆောင်မသွားနိုင်။

ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ကို မော့ကြည့်ရင်း သူ့အတွေးတွေ ရှုက်လှင့်နေမိတော့သည်။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

'ဒေါက်တာ… အနှင်း ကိုယ်တွေလက်တွေ သိမ့်
ကိုက်နေတယ်၊ ဆေးထိုးပေးပါဦး၊ အရိုးထဲကကို တဆစ်ဆစ်
ကိုက်နေတယ်'

သူ့ကို အားကိုးတကြီးပြောနေသော လူနာ၏ မျက်နှာ
ကိုကြည့်ရင်း ရဲတိုက် နှစ်သိမ့်ရန် စကားလုံး ရှာလိုက်သည်။

'ဒေါက်တာ'

သူမရဲ့မျက်လုံးလေးက အားကိုးတကြီး။ ကိုယ်လည်း
ဖြစ်နိုင်ရင် မင်းရဲ့ရောဂါဝေဒနာတွေကို ပြောင်းယူလိုက်ချင်ပါ
တယ်ကွာ။

'သက်သာသွားမှာပါကွာ၊ ဆရာ ဆေးတစ်လုံးထိုးပေး
မယ်နော်'

'အိပ်ဆေးတော့ မထိုးပေးပါနဲ့နော်၊ ကျွန်မ မအိပ်ချင်





ဘူး၊ ကျွန်မ အသက်ရှင်ခွင့်ရတဲ့ကာလလေးမှာ လောကကြီး
ကို တစ်ဝကြီး ကြည့်နေချင်တယ်'

*'အသ…ရှင်ခွင့်…'*

သူမ ရိပ်မိနေပြီထင်ပါရဲ့။ သူမရဲ့ ရှင်သန်ခွင့်ကို…။
သူ ဘာပြောရမလဲ။ သူ့ကိုမေးလာလျှင် သူ့ရဲ့ပျက်ယွင်းနေ
သောမျက်နှာပေါ်မှာ အပြုံးတစ်ခု ရအောင်တင်လိုက်ရင်း…

'ဘာတွေ လျှောက်ပြောနေတာလဲ ညီမရဲ့၊ ရှင်သန်ခွင့်
တ အများကြီး ကျန်ပါသေးတယ်၊ ငါ့ ညီမ ဒီလူ့လောကကြီး
ထဲမှာ လူလုပ်နေခွင့် အများကြီး ရှိသေးတယ်လေ'

သူ့စကားကြောင့် ပိုးဟပ်ဖြူလေး၏မျက်လုံးတွေ
တဖျတ်ဖျတ်လက်လာသည်။ မျှော်လင့်ချက်ကြောင့် မျက်နှာ
တွေ သွေးရောင်လွှမ်းလာသည်။

'တကယ်ပြောတာလား ဆရာ'

'တကယ်ပေါ့ ညီမရဲ့၊ ကဲ… ကဲ… ဆရာ ဆေးတစ်
လုံး ထိုးပေးမယ်နော်၊ ဒါမှ ရောဂါတွေ မြန်မြန်ပျောက်သွား
အောင်'

သူက သူနာပြုဆရာမလေး ယူလာသော ဆေးဗန်းထဲ
မှ အပ်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မနာဘူးနော် ညီမလေး'

'ဆရာက ဆေးထိုးတာ သိပ်တော်တာပဲနော်၊ ဆရာ ဆေးထိုးရင် မနာဘူး၊ ဒါနဲ့ ဆရာ ဂျူတီအောဖ်တော့မှာလား'

'အင်း… ဆရာ ခြောက်နာရီထိုးရင် ပြန်မယ်ကွ၊ နောက်နေ့မနက် ခြောက်နာရီမှ ဆရာ့ဂျူတီ ပြန်ဝင်ရမှာလေ၊ နောက်လာမယ့် ဆရာကလည်း သဘောကောင်းပါတယ်၊ ဒေါက်တာထွင်အောင်လေ၊ ဆရာ့သူငယ်ချင်း'

သူ့ကို မပြန်စေချင်သော မျက်ဝန်းများဖြင့် ကြည့်နေသော ပိုးဟပ်ဖြူလေးကို နှစ်သိမ့်လိုက်သည်။

'ဆရာ့သူငယ်ချင်းက သဘောကောင်းတာ မှန်ပါတယ်၊ ဒါပေမဲ့… ဒါပေမဲ့…'

'ဘာလဲ၊ ဆရာ့လို ခင်ဖို့မကောင်းဘူး၊ မနှစ်သိမ့်တတ်ဘူးလို့ ပြောမလို့ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ဆရာတို့အားလုံးက အတူတူပါပဲ ညီမရယ်၊ ကဲ…ကဲ… ဆရာ မနက်ဖြန် ပြန်လာမယ်နော်၊ ဘာမှာချင်သေးလဲ'

ကောင်မလေးကို သူနှစ်သိမ့်ပြီး ပြန်ရန် ပြင်လိုက်သည်။

'ဆရာ…'



ပိုးဟပ်ဖြူ၏ မျက်ဝန်းထဲမှ တစ်စုံတစ်ရာများကို သူတွေ့ရှိမိလိုက်သလိုလို။ ဟိုးဟပ်ဖြူ… မဟုတ်ပါစေနဲ့။ သူရင်မောစွာ ဆုတောင်းမိသည်။ သူထင်သလို မဟုတ်ပါစေနဲ့။

'ဆရာ…'

'ပြောလေ ငါ့ညီမ'

'အနှင်း… မသေသေးပါဘူးနော်'

'ဖြစ်ရလေ'

သူ့စိတ်ထဲမှ ကြိတ်၍ ရေရွတ်လိုက်သည်။ သူမစိတ်ပူနေတဲ့အရာက ဒါကိုး။ ဒီတော့မှ ရဲတိုက် သက်ပြင်းခိုးရှိုက်မိတော့သည်။ သူက ပိုးဟပ်ဖြူ၏ လက်ကို ခပ်ဖွဖွဆုပ်ကိုင်၍-

'စိတ်ချပါ ချာတိတ်ရယ်၊ မင်း ဘာမှမဖြစ်နိုင်သေးပါဘူးကွယ်၊ ကဲ… ကဲ… အိပ်တော့၊ ခဏနေရင် မင်းမေမေလာလိမ့်မယ်'

သူက ပိုးဟပ်ဖြူရဲ့ ဦးခေါင်းကို ခပ်ဖွဖွပွတ်သပ်ပေးလိုက်သည်။ ဒါဟာ ဖြူစင်စွာ နှစ်သိမ့်ခြင်းဖြစ်သည်ဆိုတာကို သူ အာမခံရဲပါသည်။ ပိုးဟပ်ဖြူလေးမှာ သူ့လက်ကို ခပ်ဖွဖွဆုပ်ကိုင်ရင်း အိပ်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေ ကလေးမရယ်။ အသက်ကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီရောဂါကြီးကို ခံစားနေရတာ။ ရဲတိုက်ရင်မှာ ညီမငယ်လေးတစ်ယောက်လို သနားကြင်နာမိသည်။

ခဏနေတော့ ပိုးဟပ်ဖြူလေး အိပ်ပျော်သွားသည်။ ဒီတော့မှ သူ့ကို ဆုပ်ကိုင်ထားသော လက်တွေကို ဖြည်းညင်းစွာဖယ်ရင်း ထိုနေရာမှ ထွက်ခဲ့သည်။

နာရီကို တစ်ချက်ငုံ့ကြည့်တော့ နံနက်ခြောက်နာရီခွဲ။ ဟိုကောင် ထင်အောင် ရောက်လောက်ပြီနဲ့ တူပါတယ်။ သူထင်သည့်အတိုင်းပင် ရုံးခန်းထဲမှာ မိန့်မိန့်ကြီးထိုင်နေသော ထင်အောင့်ကို တွေ့ရသည်။ သူ့ကို အဓိပ္ပာယ်ပါပါ ပြုံးကြည့်၍

'ဘယ်လိုလဲ ဆရာဝန်ကြီး၊ ရုပ်ရှင်ရိုက်လို့ ပြီးပြီလား'

'ဟာကွာ၊ မင်းကလဲ'

သူ့ရင်မှာ နင့်ခနဲ ဖြစ်သွားသည်။ သူ့ရဲ့ ဖြူစင်စွာ နှစ်သိမ့်မှုကို ထင်အောင် တစ်မျိုးမြင်နေပြီ။ သူစိတ်ပျက်လက်ပျက်နှင့် ဝင်ထိုင်လိုက်မိသည်။ သူ့ရဲ့စေတနာကို ဘယ်သူမှ နားမလည်နိုင်ဘူးလား။

'ကောင်မလေးက မျှော့မျှော့ပဲ ရှိတာ၊ မင်း ဝေဒနာတွေ သွားမပေးပါနဲ့ကွာ'





'မင်း ငါ့စေတနာကိုအဲလိုမစော်ကားပါနဲ့ ထင်အောင်၊ ငါ နှင်းမြူအပေါ် သနားသနားလေးဆက်ဆံနေတာ၊ ဆရာဝန်စိတ်နဲ့ နှစ်သိမ့်ပေးနေတာကွ၊ မင်းထင်သလို မရှိင်းဘူး၊ မပတ်သက်ဘူးကွ'

သူ့သိက္ခာကို စော်ကားသလိုဖြစ်တာကြောင့် ထင်အောင့်ကို တင်းမာစွာ ပြောလိုက်မိသည်။

'ထားပါတော့ကွာ၊ အောက်ဆင်းပြီး တစ်ခုခုသွားသောက်ရအောင်'

ထင်အောင်က သူ့ပခုံးကို လာဖက်၍ အောက်ထပ်သို့ ဆင်းခဲ့သည်။ သူက စိတ်တိုနေပေမယ့် ဘာမှပြန်မပြောမိချေ။ ထက်ဖက်ရည်တွေ အေးစက်ကုန်မှ ထင်အောင်က စကားစပြောသည်။

'ကောင်မလေးက မင်းကို တော်တော်လေး တွယ်တာနေပုံပဲကွ၊ မင်းမရှိတဲ့အချိန်ဆို မင်းကိုပဲ မေးနေတာ၊ မင်း ဘယ်အချိန် ပြန်ရောက်လာမလဲဆိုတာလည်း ခဏခဏ မေးတယ်၊ မင်းလာခါနီးဆို ပြတင်းပေါက်ကို ထထကြည့်ရတာလည်း အမောပဲ၊ မင်း ဘယ်လို သဘောရလဲ'

'ဘယ်လိုသဘောရရမှာလဲကွ၊ သူက ငါ့လူနာ၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



သူလိုအပ်နေလို့ ငါသူ့ကို ကြင်ကြင်နာနာ ဆက်ဆံတယ်၊ ဒါ ဘာထူးဆန်းလဲ၊ ငါ သူ့အပေါ်မှာ စေတနာထားတာလည်း တကယ့်သန့်သန့်လေးပဲဆိုတာ မင်း ယုံပါ'

ရဲဝိုက်က သူ့ကိုယ်သူ ယုံကြည်စွာ ပြောလိုက်သည်။ ဘာ့ကြောင့်လဲဆိုတော့ သူ့နှလုံးသားက ဒီမှာ မရှိတော့။ တစ်ခုံ တစ်ယောက်ထံ ပါသွားပြီဆိုတာ အသေအချာသိလိုက်ရသော ကြောင့်ဖြစ်သည်။

'ဒါပေမဲ့ ကောင်မလေးက မင်းကို တော်တော်တွယ် တာနေတယ်လေ'

'အဲဒါ ငါဘာလုပ်လို့ ရမှာလဲ'

'မင်း ငြင်းပြန်ပြီ၊ မှုံးတုန်းကလည်း ဒီလိုပဲ ငြင်းဆ မရှိတော့မှ လွမ်း'

ထင်အောင့်စကားကြောင့် သူတော်တော်စိတ်တိုသွား သည်။

'ဟာ… မှုံးနဲ့တော့ မယှဉ်နဲ့ကွာ၊ မှုံးဟာ ငါ့ရင် မှာ ဘယ်သူနဲ့မှ မတူဘူးကွ'

'ဒါဆို မင်းဝန်ခံပြီပေါ့'

ထင်အောင်က သူ့ကို တရားခံတစ်ယောက်ပမာကြ





ပြီး မေးလိုက်သည်။

'အေး…ဝန်ခံတယ်ကွာ၊ မှုံးကို ငါ ချစ်တယ်၊ အဲဒါ ဘာဖြစ်လဲ'

'အဲဒါ ဘာဖြစ်ရမှာလဲ၊ မင်း နားမှာ မှုံးမရှိတော့ဘူး လေ၊ ရှိတုန်း ဂတော့ တန်ဖိုးမထားဘဲနဲ့'

'မင်း ငါ့ကိုချည်းပဲ အပြစ်တင်မနေနဲ့ကွာ၊ ငါလည်း ခံစားရတာပါပဲ'

ဆွေးမြေ့စွာ ပြောလိုက်သော သူ့စကားကြောင့် ထင် အောင် ငြိမ်သက်သွားသည်။ သူငယ်ချင်းအားလုံးက မှုံးနှင့်သူ့ ဆို ကျောင်းတုန်းကတည်းက ဖြစ်စေချင်သည်။ သူ့ရဲ့ မပြတ် သားမှု၊ တွေဝေမှုတွေကြောင့် သူနှင့်မှုံး ဝေးကွာခဲ့ရတာဖြစ် သည်။

'ခံစားရတာပဲ လုပ်မနေနဲ့၊ မှုံးဆီက ဘာသံမှလည်း ကြားရဘူး၊ မင်း ဘယ်လိုလုပ်မှာလဲ၊ ဒီတိုင်းပဲ နေမှာလား'

'အေး… ငါလည်း စဉ်းစားနေတာပဲ၊ မှုံးမေမေဆီ ကော တစ်ပါတ်တစ်ခါလောက် ဖုန်းဆက်ကြည့်တော့လည်း မှုံးဆီ အဆက်အသွယ် မလုပ်ဘူးတဲ့လေ။

သူ မှုံးကို တမ်းတစွာ ပြောလိုက်မိသည်။

www.burmeseclassic.com



'ငါလည်း ဘာလုပ်ရမှန်း မသိဘူး၊ မင်း အကြံပေးစမ်းပါဦး'

'မင်းကလည်း ဒီလိုနေရာကျတော့ တုံးတယ်၊ သူ့ဆေးရုံလိပ်စာနဲ့ စာရေးကွာ၊ တစ်စောင်နှစ်စောင်ရေးလို့ အကြောင်းမထူးရင် မင်းခွင့်ယူပြီး လိုက်သွား . . . ဘာဖြစ်လဲ၊ ကိုယ်ချစ်နေတဲ့ မိန်းကလေးဆီ လိုက်သွားတာပဲ သိက္ခာကျလည်း ဘာဖြစ်လဲ'

ထင်အောင်ပြောမှပင် သူ စဉ်းစားမိတော့သည်။ ထင်အောင့်ကိုလည်း ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်သွားမိသည်။

'အေး . . . မင်းပြောမှ ငါစဉ်းစားမိတယ်၊ ငါက ဖုန်းတို့ အီးမေးလ်တို့လောက်ပဲ သတိရမိတာကွ၊ တော်ပါသေးရဲ့၊ စာရေးဖို့ကျတော့လည်း အိမ်လိပ်စာမသိဘူးဆိုပြီး စိတ်လျှော့ထားတာ၊ ကျေးဇူးပဲကွာ'

သူက စားပွဲထိုးခေါ်ပြီး ပိုက်ဆံရှင်းလိုက်သည်။ သူ့အဖြစ်ကိုကြည့်၍ ထင်အောင်က ပြုံးနေ၏။

'မင်းက ဖြစ်လိုက်ရင် အသည်းအသန်ပဲ၊ သွား . . . သွား၊ အိမ်ပြန်ပြီး စာပြန်ရေးဦး၊ အဆင်ပြေရင် ငါ့ကိုလည်း မမေ့နဲ့ . . .'



'အေးပါကွာ'

သူက ပစ္စည်းတွေယူပြီး ကားဆီသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ထင်အောင်က သူ့ပခုံးကို တစ်ချက်ထိုးထိုက်ပြီး . . .

'ဟေ့ကောင် . . . ဗိုးဟပ်ဖြူလေးကိုလည်း မေ့မနေနဲ့ဦး . . . ဟဲ . . . ဟဲ'

သူ ဘာမှပြန်မပြောမိချေ။ အိမ်ရှိ စာကြည့်စားပွဲသို့ ရောက်ရန်သာ စောကပ်နေမိတော့သည်။

♥ ♥ ♥ ♥ ♥

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မျိုး

ငါ နှင့်ကို သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ သတိရတယ်ဆိုတာထက် လွမ်းတယ်ဆို ပိုမှန်လိမ့်မယ်။ နှင် အဆင်ပြေရဲ့လား။ ဘာအဆက်သွယ်မှမလုပ်လို့ အားလုံးက စိတ်ပူနေကြတယ်။ အထူးသဖြင့် နှင့်အမေနဲ့ ငါပေါ့။

နှင့်ကို ငါ ပြောစရာတွေ အများကြီးရှိတယ်။ ဘာတွေလဲဆိုတာ နှင်ရိပ်မိမှာပါ။ နှင်ရှိတုန်းက နှင့်တန်ဖိုးကို မသိပေမယ့် အခု နှင့်တန်ဖိုးကို ငါကောင်းကောင်း သိနေပါပြီ။

အခု ငါတောင်းပန်တာက နှင် ငါတို့ကို အမြန်ဆုံး အဆက်အသွယ်လုပ်ပါ။ ဖုန်းလေးတစ်ချက်ဖြစ်ဖြစ်တော့ ဆက်ပါဟာ။ ငါ မျှော်နေမယ်။

**နှင့်ကိုအရမ်းသတိရနေတဲ့**

**နေရဲတိုက်**

ရဲတိုက်ရဲ့ စာလေးသည် ဆေးရုံလိပ်စာနှင့်တပ်ပြီး ရောက်လာတာကြောင့် သူနာပြုဆရာမလေး မနော်က လာပေးခြင်းဖြစ်သည်။

"ဆရာမ ရန်ကုန်ကစာ၊ အဟင်း…ဟင်း… ရန်ကုန်က လွမ်းတဲ့လူ ရှိနေပြီထင်တယ်"

နောက်ပြောင်ပြောနေသော နော်အဲမူကို မသိချင်ယောင်ဆောင်ပြီး စာအိတ်လေးယူကာ အခန်းထဲဝင်၍ ဖောက်ဖတ်မိခြင်းဖြစ်သည်။

ဝိုင်းစက်ညီညာနေသောလက်ရေးများကိုမြင်ကတည်းက ရဲတိုက်စာဆိုတာ တန်းသိလိုက်သည်။ ယောက်ျားလေးဖြစ်ပြီး ထူးဆန်းရှားပါးစွာ လှပသော လက်ရေးကို ပိုင်ဆိုင်ထားတာ ရဲတိုက်တစ်ယောက်သာ ရှိသည်။

www.burmeseclassic.com

ရဲတိုက်က ကျွန်မကို သတိရသေးသားပဲဟု တွေးရင်း ကျေနပ်သွားမိသည်။ ဒီကောင် ကျောင်းတုန်းကတော့ တစ်မျိုး။ ရဲတိုက်ရဲ့စာလေးတွေကို ဖတ်ပြီး ကျွန်မ ကြည်နူးသွားသည်။

နင် ငါ့ကို သတိရတယ်တဲ့လား။ လွမ်းတယ်တဲ့လား။ ငါလည်း နင့်ကို လွမ်းပါတယ် ရဲတိုက်ရယ်။ တစ်ခါတလေ လွမ်းတာ ဆွေးတာထက် ဘဝမှာ အရေးကြီးတာတွေရှိတယ် ဆိုတာ နင်ရောငါပါ သိပါတယ်ဟာ။ နင်ကတောင် ငါ့ထက် ပိုသိသေးတယ်။ တကယ်ဆို ကျောင်းတုန်းက ငါဟာ ကလေး သာသာပါ။

မှုံးမျက်ခြယ်သည် ကျောင်းတုန်းကအကြောင်းတွေ ပြန်တွေးတောမိသည်။ ကျောင်းတုန်းက မှုံးမျက်ခြယ်ဆိုသော ကောင်မလေးဟာ တကယ့်ကို ဘာမှမသိသော ကလေးဆန် သည့် ကောင်မလေးသာ ဖြစ်ပါသည်။

ကျောင်းတက်တုန်းက တော်တော့်ကို ပျော်ဖို့ကောင်းခဲ့ သည်။ ကျွန်မတို့သူငယ်ချင်းတွေ တစ်အုပ်စုကြီး သွားလိုက် စားလိုက်ပျော်ပါးလိုက်နှင့် ဘဝဆိုတာ အချိန်တန်လျှင် စာမေး ပွဲအောင်ဖို့လောက်သာ သိခဲ့သည်။ ပြီးတော့ ရဲတိုက်...။

လူတွေနှင့် ခပ်တည်တည်တင်းတင်းနှင့် ဆရာကြီးပုံစံ





နှင့် ရဲတိုက်ကို အမြင်ကပ်ခဲ့သည်။ ထို့ကြောင့် ရဲတိုက်ကို ရအောင် သူတို့အုပ်စုထဲ ဆွဲသွင်းခဲ့သည်။ နောက်ဆုံးတော့ ရဲတိုက် သူတို့အုပ်စုထဲ ရောက်လာသည်။

'ဟဲ့... ရဲတိုက်တော့ ငါတို့အုပ်စုထဲ ရောက်လာပြီ၊ မှုံးတို့က တော်တယ်နော်၊ အေး... အဲဒါ မှုံးကြောင့်'

ကျွန်မကြောင့် ရဲတိုက်အုပ်စုထဲရောက်လာတာကိုပင် ကျွန်မသည် သူရဲကောင်းကြီးပမာ ဂုဏ်ယူမိပါသည်။

'ဟဲ့... ရဲတိုက် ငါတို့အုပ်စုထဲရောက်လာပြီ၊ မှုံး ဒီလောက်နဲ့ မပြီးသေးဘူးနော်၊ နင့်ကို ရည်းစားစကားပြောလာ အောင် ကြိုးစားပြ၊ ဒါမှ ငါတို့ကျောင်းက ကျောက်ရုပ်ကြီး စာကြမ်းပိုးကြီးက ငါတို့ကွင်းလေးကို ရည်းစားစကားမပြော ဘဲနဲ့ မနေနိုင်ဘူးဆိုတာ ဂုဏ်တက်ရအောင်လို့'

သူငယ်ချင်းတွေ၏ မြှောက်ပင့်ပေးမှုကြောင့် ကျွန်မ သည် ရှူးနားထင်ရောက်နေမိသည်။ ဘာမဟုတ်တာလေးကို ဂုဏ်ယူချင်သောကျွန်မသည် နေရဲတိုက်ဆိုသည့် စာကြမ်းပိုး ကောင်လေး၏အချစ်ကို ရရန် နည်းမျိုးစုံသုံးတော့သည်။

ငယ်ရွယ်သူဆိုတော့ ဆင်ခြင်တုံတရား မဲ့လျော့ခဲ့ပြီး ဖြစ်ချင်တာကိုသာ ဇွတ်တိုးလုပ်ဆောင်ခဲ့သည်။ သိကွေ့တွ၊



www.burmeseclassic.com

www.burmeseclassic.com

မာနတွေ ဘာတစ်ခုမှ ထည့်မတွက်ခဲ့မိချေ။

အခုလို အခြေအနေမျိုးမှာ ပြန်တွေးကြည့်လိုက်တော့ ကျွန်မအတွက် ရက်စဖွယ်ပင်ဖြစ်သည်။ အဲဒီတုန်းကပေါ့…

အုပ်စုလိုက်ကြီး ကန်တင်းထိုင်တာနှင့် ကျွန်မကပင် ရောက်ရောက်ချင်း…

'ငါတို့နှစ်ယောက်အတွက် န(စ်)ပလိန်းနှစ်ခွက်'

'ဟဲ့… ဟဲ့… မှူးတို့ကတော့ ရောက်တာနဲ့ တာဝန်ကျေပါ့'

အမေတို့က နောက်တာကိုပင် ဂုဏ်ယူစဖွယ် သူ့ရဲ့ ကောင်းအပြုံးနှင့် ပြုံးနေတတ်သည်။ ထိုအချိန်မှာ ရဲတိုက်က တော့ ဘာမှကို ဂရုမစိုက်သလို။ စာအုပ်တစ်အုပ်ကိုသာ ဖတ်လျက်ရှိသည်။

'ရဲတိုက် နင့်စာအုပ်ကြီး ပိတ်ထားစမ်းပါဟာ၊ သူငယ်ချင်းတွေဆုံတုန်း စကားပြောရအောင်လေ'

ကျွန်မက သွက်လက်စွာ ရဲတိုက်စာအုပ်ကို လှမ်းယူလိုက်တော့ ရဲတိုက်က ကျွန်မကို ဘုကြည့်ကြည့်သည်။ ကျွန်မက ဂရုမစိုက်ပါ။ ချပေးထားသော န(စ်)ကော်ဖီအထုပ်ကို ဖောက်၍ဖျော်ပြီး ခပ်တည်တည်ပင် သူ့ရှေ့ချပေးလိုက်သည်။





'ရော့… သောက်၊ ရေနွေးများသွားလားတောင် မသိဘူး'

ရဲဝဲ့ ၊ကဘာမှမပြောဘဲ မှုန်ကုပ်ကုပ်နှင့် ယူသောက်သည်။ အားလုံးကတော့ ပြုံးစေ့စေ့နှင့် ကြည့်လို့ပေါ့။

'ရဲတိုက်… နင်ဟာလေ တစ်ခါလာ စာချည်းပဲကျက်နေတာပဲ'

'ငါက ပါရဂူဖြစ်ချင်လို့ဟ၊ ငါ့ရည်မှန်းချက်နဲ့ငါပါ'

'နင်ကသာ ပါရဂူလုပ်နေ၊ ငါတို့ဆိုရင် တစ်ယောက်မှ ဆပ်ပလီနဲ့ မလွတ်ဘူး၊ အခုလည်း စာမေးပွဲနီးနေပြီ၊ ငါ စာမရသေးဘူး၊ စာရှင်းပြဦးနော်'

'အဟမ်း… အဟမ်း…'

သူငယ်ချင်းတွေအားလုံးက ဝိုင်းစကြပေမယ့် ကျွန်မက လုံးဝဂရုမစိုက်ပါ။ ရဲတိုက်ထံမှ ချစ်တယ်ဆိုတဲ့စကားကို ကြားရဖို့ အဓိက မဟုတ်ပါလား။ အဲဒီတုန်းက ဘာမှကို စဉ်းစားဘဲ လုပ်မိသော အပြုအမူတွေကြောင့် ကျွန်မသည် ယခုအချိန်ထိ ရဲတိုက်ကို မျက်နှာချင်းဆိုင်ရန် ဝန်လေးမိသည်။

ရဲတိုက်နှင့် အတန်းလွတ်တစ်ခုတည်းမှာ နှစ်ယောက်တည်း စာကြည့်ရန်ဖြစ်သည်။ ရဲတိုက်က တဆိတ်တည်းငြိမ်


www.burmeseclassic.com

www.burmeseclassic.com

လွန်းသည်။ ကျွန်မကတော့ စာသင်ရင်း ရဲတိုက်၏မျက်နှာကို မကြာခဏ ခိုးကြည့်မိသည်။

'ရဲတိုက်… နင်က စာသိပ်တော်တာပဲနော်'

'ဟ… စာတော်ချင်တာများ လွယ်လွယ်လေး၊ များများကျက်၊ များများဖတ် ဒါဆိုရင် တော်လိုက်တာမှ ဟိုဘက်ကမ်းတောင် လွန်သွားဦးမယ်'

တည်ငြိမ်သောမျက်နှာထားနှင့်ပြောသော ရဲတိုက်ကို အထင်ကြီးအားကျမိတာ အမှန်ပင်ဖြစ်သည်။ လူတိုင်း အထင်ကြီးဆက်ဆံရသော ရဲတိုက်ထံမှအချစ်ကို ရခဲ့လျှင်ဖြင့် ကျွန်မ လောက် ဝမ်းသာပျော်ရွှင်ရမည့်သူ မရှိနိုင်ဟု ထင်ခဲ့မိသည်။

အချစ်ဆိုတာ ဒီထက်မက လေးနက်ကြောင်းကိုတော့ ကျွန်မ မသိခဲ့ပါ။

'ရဲတိုက်… နင် ငါ့ကို စာပြပေးတာ သိပ်ပင်ပန်းနေပြီလား၊ ငါ ဘာလုပ်ပေးရမလဲ၊ ဇက်ကြောနှိပ်ပေးရမလား'

'တော်စမ်း မှူး၊ နင် ငါ့ကိုနောက်အဲဒီစကား ဘယ်တော့မှ မပြောနဲ့၊ ငါ့ကိုမှ မဟုတ်ဘူး၊ ဘယ်သူစိမ်းယောကျာ်း လေးကိုမှ မပြောရဘူး၊ ငါ့ညီမဆိုရင် နင်နာတော့မှာပဲ'

'နင့်ညီမလည်း မဖြစ်ချင်ပါဘူး၊ နင့်ညီမဆို နင့်ကို ငါကြောက်နေရမှာဟ'

ရဲတိုက်က ဘာမှမပြောဘဲ စာဆက်လုပ်နေတာကြောင့် ကျွန်မလည်း စာအုပ်ကိုပြန်ကြည့်လိုက်သည်။ စာမေးပွဲကနီးပြီဆိုတော့ ကျက်မှတ်ရသည့်စာတွေကလည်းမနည်းလှပါ။

ရဲတိုက်လို ဂုဏ်ထူးထွက်ဖို့နေနေသာသာ ဆယ်ပလီ မထိအောင် မနည်းကျက်မှတ်ခဲ့ရသည် မဟုတ်ပါလား။

'ဟဲ့… ဒါက ဘာဖြစ်သွားတာလဲ၊ စိတ်ဆိုးသွားတာလား'

ရဲတိုက်စကားကြောင့် ကျွန်မ ခပ်တိုးတိုး ပြန်ဖြေလိုက်သည်။

'ငါ့ ရာဇဝင်မှာ နင့်ကို စိတ်ဆိုးတယ်ဆိုတာ မရှိပါဘူး'

ထိုစဉ်က အချစ်သူရဲကောင်းလုပ်ခဲ့သော ကျွန်မသည် ထိုအကြောင်းအရာတွေကို ပြန်တွေး၍ ရှက်ရွံ့နေတာမှလွဲ၍ အခြားဘာမှ မရှိတော့။ အဲဒါဟာ တကယ့်အချစ်စစ် မဟုတ်လို့ပဲ ဖြစ်မည်ဟု တွေးမိသည်။ ထိုစဉ်…

'ဒေါက်တာ… စာကြီးကိုင်ပြီး ရန်ကုန်ကအဆက်ကို လွမ်းနေပြီလား'

www.burmeseclassic.com



ကရင်မနော်အဲမူက ပွင့်လင်းလှသည်။ တစ်ခါတစ်ခါ ပွင့်လင်းလွန်း၍ ခက်နေသည်။ တစ်ခါက လူတွေအများကြီး ရှေ့တွင်…

'ကျွန်မက ကရင်မဆိုတော့ ကရင်ပြည်နယ်မှာပဲ တာဝန်ကျချင်တာပေါ့၊ အခုတော့ ရှမ်းပြည်နယ်မှာ လာကျနေတယ်လေ'

ဟုပြောတော့ ရှမ်းတိုင်းရင်းသားတွေက သူမကို စူးစိုက်ကြည့်ကြသည်။ တော်တော်ဒုက္ခရောက်ချင်တဲ့ နော်အဲမူ ဖြစ်သည်။

'ဒေါက်တာ့ရဲ့ ရန်ကုန်ကအဆက်အကြောင်း ပြောပါဦး'

'အဆက်မရှိပါဘူး နော်အဲမူရယ်၊ သူငယ်ချင်းပါ'

'ဟုတ်ပါ့မလား၊ ဒီလောက်ချောတဲ့ ဆရာမမှာ အဆက်မရှိဘူးဆိုတာ'

ကျွန်မက ခေါင်းညိတ်ရင်း ရယ်မောလိုက်သည်။

'ဒါနဲ့ ဆရာမကို မေးစရာရှိသေးတယ်'

'ဘာများလဲ မနော်ရဲ့၊ မေးလေ'

'ဆရာမ စိတ်မဆိုးနဲ့နော်၊ ဆရာမအိမ်မှာ ဟိုမြို့ပြင်မှာ





နေတဲ့လူကြီးကို ခြံလုပ်ခိုင်းထားတယ်ဆို'

ဒွန်းကို ပြောနေတာဟု တန်းသိ၍ ခေါင်းညိတ်လိုက်သည်။ မနော်ပုံစံက အလန့်တကြား။

'ဟုတ်တယ်လေ၊ ကျွန်မရဲ့ ပန်းခြံလေး အရင်ကလို ပြန်ဖြစ်ဖို့အတွက် သူက လုပ်ပေးမယ်ဆိုလို့လေ'

'အမလေး… ဆရာမရယ်၊ ဒုက္ခတွေတော့ ဖြစ်ကုန်တော့မှာပဲ'

နော်အဲမူက စိုးရိမ်ထိတ်လန့်နေသည့်ပုံနှင့် ပြောသည်။

'ဘာဒုက္ခတွေ ဖြစ်မှာလဲ မနော်ရယ်၊ ခြံပြင်ခိုင်းတာကို'

'အဲဒီလူက သရဲလည်း မွေးတယ်တဲ့၊ ပြီးတော့ ပြောသံကြားတာက လူဆိုးလူမိုက်ကြီးတဲ့၊ မြို့မှာနေလို့မရလို့ ဒီမှာ လာနေတာတဲ့၊ ဆရာမကို တစ်ခုခုလုပ်သွားမှဖြင့်တော့…'

'ဘာမှမဖြစ်ပါဘူး မနော်ရယ်၊ ဆေးရုံက ကျွန်မပြန်လာရင် သူက သူ့အထုပ်လေးသူဆွဲပြီး မြင်းလှည်းနဲ့ ပြန်သွားရော၊ စကားတောင် တစ်ခွန်းမှမပြောဘူး'

ဒွန်းဆိုသည့်လူကို ဘာကြောင့်မို့ လူတွေ အထင်သွဲ့နေသလဲ။ ကျွန်မ စဉ်းစား၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် သတိထားနေပါ'

'ကောင်းပါပြီရှင်၊ သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဆရာမနော်အဲမူ ပြောလိုက်တော့မှပင် ဒွန်းအကြောင်း စဉ်းစားစရာတွေ ပေါ်လာတော့သည်။

♥ ♥ ♥ ♥ ♥

ဒီနေ့ ဆေးရုံမှာလည်း လူနာနည်းနေတာကြောင့် အိမ်ကို စောစီးစွာပြန်လာခဲ့သည်။ ခါတိုင်းဆိုလျှင် ခြံထဲမှာ မြက်ရှင်းနေသော ဒွန်းကို တွေ့ရမည်ဖြစ်သော်လည်း ယခုတော့ မတွေ့ရချေ။ ကျွန်မသည် ခြံတံခါးလေးကို အသာအယာလေး တွန်းဖွင့်မိပါသည်။

ဒွန်း... ဘယ်များသွားပါလိမ့်။

ကျွန်မ အနည်းငယ် ရှင်းလင်းနေပြီဖြစ်သော ခြံဝင်းထဲသို့ တစ်ချက်လှမ်းကြည့်မိသည်။ အိမ်ထဲ တန်းမဝင်သေးဘဲ အိမ်ရှေ့ရှိ ထင်းရှူးပင်ကြီးအောက်တွင် ဝင်ထိုင်လိုက်သည်။ ထိုအပင်ကြီးအောက်တွင် သစ်သားခုံတန်းလျားလေးတစ်ခု ဘယ်အချိန်ကတည်းက ရိုက်ထားလည်း မသိပါ။

ကျွန်မ သဘောကျစွာ ဝင်ထိုင်လိုက်သည်။ ဒွန်းဆိုတဲ့ လူဟာ ဘယ်လိုမျိုးလဲ။ လူတွေကတော့ သူ့ကို လူဆိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ပြောကြသည်။ ဘာပဲဖြစ်ဖြစ် ဒီလူအကြောင်းတော့ သိရမှဖြစ်မည်။ ကျွန်မနှင့်မသက်ဆိုင်ဟု ယခင်တုန်းက ထင်မိပေမယ့် ယခုတော့ ကျွန်မခြံဝင်းထဲတွင် အလုပ်လုပ်နေမှတော့ သိထားသင့်သည်။ သူဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုလျှင် ကျွန်မ ဆက်လက်ခံထားသင့်ပါ့မလား။

ကျွန်မတစ်ယောက်တည်း အတွေးများနှင့်ချာချာလည်နေခိုက်မှာပင် အသံတစ်သံ ထွက်ပေါ်လာသည်။

'ဘယ်လိုလဲ ဒေါက်တာမကြီးရဲ့၊ ကျုပ်ကို လက်ခံထားသင့် မသင့် စဉ်းစားနေတာလား၊ ဒါမှမဟုတ် ကျုပ်ကို အလုပ်ထုတ်ပစ်ဖို့ စဉ်းစားနေတာလား'

'ဟင်...'

ကျွန်မ၏ အတွေးကိုသိနေသော ထိုသူ့ကို အံ့ဩတကြီး လှည့်ကြည့်လိုက်မိသည်။

ဒွန်း...။

'ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ'

'ဒေါက်တာကလည်း နောက်ကရောက်လာတာပေါ့၊ ဒီမှာကြည့်ပါဦး'

ကျွန်မက ဒွန်း မြှောက်ပြသည့်အရာများကို ကြည့်





လိုက်သည်။

'ဟယ်... သစ်ခွတွေ'

ဒွန်း၏လက်ထဲတွင် အမြစ်ကနေ ဆွဲနှုတ်ထားသော သစ်ခွပင် သုံးလေးပင်ကို တွေ့ရသည်။

'ဒါ... ဒါတွေက...'

'ကျုပ် တောထဲက သွားရှာထားတဲ့ သစ်ခွတွေပါဗျာ၊ ကျုပ် ဒီအချိန်လောက်ကပျိုးထားမှ ပန်းခင်းကြီးစိုက်တဲ့အခါ အတော်ကြီးနေမှာပေါ့'

ဒွန်းက ခပ်ထန်ထန်ပြောရင်း သစ်ခွပင်တွေကိုမြှောက်ပြသည်။

'ဟို... သစ်ခွက သိပ်ရှားတာပဲ၊ ရှင်ဘယ်လို ရှာခဲ့လဲ၊ ကျွန်မကြားဖူးတာတော့ တောင်တွေမှာပဲ ကပ်ပေါက်တယ်တဲ့'

'အေးလေ၊ ကပ်ပေါက်တဲ့ တောင်တွေကနေ ခူးလာတာပေါ့'

'အို...'

ကျွန်မသည် သူ့သက်စွန့်ပြီး ခူးလာသော သစ်ခွပင်လေးကို မဝံ့မရဲလှမ်းကြည့်လိုက်သည်။ ဒီသစ်ခွမျိုးက ကောင်း



www.burmeseclassic.com

www.burmeseclassic.com



စားလျှင် ဈေးကောင်းသိပ်ရမှာကို ကျွန်မတွေးမိသည်။

'ရှင်··· အဲဒါဆို ရောင်းပါလား၊ ရောင်းရင် ပိုက်ဆံ တော်တော်များများ ရမယ်ထင်တယ်၊ ကျွန်မကတော့ မဝယ်နိုင်ဘူးနော်၊ ကိုယ့်လခနဲ့ကိုယ်တောင် မနည်းလောက်အောင် သုံးနေရတာ'

ကျွန်မက အမှန်အတိုင်းပင် ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ ဒွန်းမျက်မှောင်တစ်ချက် ကျုံ့သွားပြီး···

'ဒီမှာ ဒေါက်တာ၊ နေရာတိုင်းကို ငွေနဲ့ တန်ဖိုးဖြတ်လို့မရပါဘူး၊ ဒီလိုပဲ ကျုပ်ရဲ့ စေတနာကိုလည်း ငွေနဲ့တန်ဖိုးဖြတ်ဖို့ မကြိုးစားပါနဲ့၊ ကျုပ် ဒေါက်တာ့အတွက် ယူလာတာ ကျုပ်ရဲ့သစ်ခွကို ပိုက်ဆံတစ်ပြားမှပေးစရာမလိုဘူး၊ ဒေါက်တာ မလိုချင်ရင် လွှင့်ပစ်လိုက်'

ပြတ်သားစွာပြောနေသောဒွန်းကို ကျွန်မ ဘာပြန်ပြောရမှန်း မသိချေ။ စောစောက ဒွန်းကိုမေးရန် စဉ်းစားထားသော အရာများသည် အကုန်ပျောက်ပျက်ကုန်သည်။

'ဒွန်း··· ကျေးဇူးပြုပြီး ကျွန်မခြံထဲမှာ စိုက်ပေးပါ၊ ရှင့်ရဲ့စေတနာကို ကျေးဇူးတင်ပါတယ်'

'စိုက်ပေးဖို့လာတာပဲ ဒေါက်တာ၊ စိုက်ပေးပါ့မယ်၊





ဒီနေ့တော့ ကျုပ် သိပ်စိတ်မပါလို့ အိမ်ပြန်ဦးမယ်၊ ဒီသစ်ခွတွေ ဒီမှာပဲ ထားခဲ့မယ်'

ဒွန်းသည် သူတယုတယ ယူဆောင်လာသော သစ်ခွပင်တွေကို ခြံထဲတွင်ထည့်၍ ခပ်တည်တည်နှင့်ပင် ထွက်သွားသည်။ ကျွန်မမှာ ဒွန်း၏နောက်ကျောကို နားလည်ရခက်စွာ ငေးစိုက်ကြည့်နေမိတော့သည်။

ဒွန်းပုံစံက အင်မတန်မှ အရိုင်းထည်ဆန်လှသည်။ သူ့ကို ဘယ်လိုမှ ခန့်မှန်းကြည့်၍မရ။ စိတ်ထင်ရာကို လုပ်မည့်ပုံပင်။ ရန်ကုန်မှ လူရည်သန့်လေးနေရဲတိုက်နှင့် ဒွန်းကို နှိုင်းယှဉ်ကြည့်လျှင်တော့ တကယ့်ကို တခြားစီဖြစ်မှာ အသေအချာပင်။

'ဒွန်း··· ဒွန်း···'

ကျွန်မ ဒွန်းကို လှမ်းခေါ်တော့ ခဏရပ်သွားပြီး လှည့်ကြည့်သည်။

'ကျွန်မကို ရှင့်ရဲ့အကြောင်းတွေ ပြောပြချင်စိတ် မရှိဘူးလား'

'ဆောရီးပဲ ဒေါက်တာ'

ကျွန်မကို စိုက်ကြည့်ပြီး အေးစက်စက်ပြောကာ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေတော့သည်။ ကျွန်မသည် ဘာကိုမှန်းမသိ စိတ်မောစွာ သက်ပြင်းရှိုက်၍ ခြံထဲသို့ ဝင်ခဲ့လိုက်သည်။

ခြံထဲမှာ သစ်ခွပင်တွေက အစီအရီလဲပြိုလို့ အဖူးအငုံလေးတွေနှင့် သစ်ခွပင်လေးတွေကို ကျွန်မမှာ တယုတယကိုင်ကြည့်မိသည်။ ဒီသစ်ခွတွေကို ဒွန်းတစ်ယောက် ဘယ်လောက်တောင် ပင်ပန်းပြီး ဘယ်ကတောင် ရှာလာရပါလိမ့်။ အတွေးကြောင့် ဒွန်းကို အားနာသွားသည်။

ဒွန်း… ကျွန်မကို တော်တော်စိတ်ဆိုးသွားပြီ ထင်ပါရဲ့။ ကျွန်မရဲ့ မဆင်မခြင်ပြောလိုက်တဲ့ စကားတစ်ခွန်းသည် ဒွန်းရဲ့စေတနာကို စော်ကားလိုက်သလိုများ ဖြစ်သွားပြီလား။

ရှင်းလင်းစပြုနေသော ခြံထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးနောက် အိမ်ထဲဝင်၍ ညနေစာချက်ရန် ပြင်ဆင်ရပြန်တော့သည်။

ရန်ကုန်မှ ရွှေမင်းသမီးလေး ကျွန်မသည် ယခုတော့ ဤတော ဤတောင် ဤရေမြေနှင့် အဆင်ပြေစွာ နေထိုင်တတ်နေပြီ။ နှစ်လပမာဏသော အချိန်က ကျွန်မကို ကောင်းစွာနေသားကျစေသည်။

ပထမဦးစွာ စဉ့်အိုးထဲ ရေဖြည့်ရန် ရေပုံးနှစ်ပုံးဆွဲ၍





နောက်ဘက် တောင်ကုန်းအောက်ဆီသို့ ဆင်းရသည်။ ဒါကသည်း ကျွန်မနေ့စဉ်လုပ်လေ့ရှိသော အလုပ်တစ်ခုသာ ဖြစ်သည်။ ဆေးရုံဝင်းထဲမှရော နန်းကြာတို့ကပါ ကျွန်မကို ကူညီပေးမည်ဟု ပြောခဲ့ပေမယ့် ကျွန်မ လက်မခံခဲ့ပါ။

'ဆရာမက ဒီမှာအကြာကြီးနေမှာ၊ နေ့တိုင်းလုပ်ရဆဲ့ ဒီကိစ္စတွေကို သမီးတို့ကို အပူမပေးချင်ဘူး၊ ဆရာမလုပ်နိုင်ပါတယ်'

ဟု ငြင်းဆန်ခဲ့တာပင်ဖြစ်သည်။ ကျွန်မရဲ့ ကိစ္စတွေကို သူများတွေကို အပူမပေးချင်ပါ။ ချက်ပြုတ်စားသောက်ဆေးရုံသွားခြင်းဖြင့် တစ်နေ့တာအချိန်တို့ ကုန်စေသည်။ အခုတစ်လော ဆေးစာတွေတောင် မဖတ်ဖြစ်တာ ကြာပြီဖြစ်သည်။

စာကို အမြဲတစေကျက်ရန် ပြောတတ်သော ရဲတိုက်တစ်ယောက် ကျွန်မအဖြစ်ကိုသိလျှင် ပြောဦးမည်။

အောက်ချိုင့်ဝှမ်းထဲမှရေကို ရေပုံးဖြင့်သယ်လာပြီး စဉ့်အိုးထဲဖြည့်ရန် စဉ့်အိုးကို ဖွင့်လိုက်တော့…

'ဟင်… ရေတွေပြည့်နေပါလား'

ဘေးမှ စဉ့်အိုးနောက်ထပ်တစ်လုံးကို ဖွင့်လိုက်တော့သည်း ရေတွေအပြည့်နှင့် ဖြစ်သည်။ ကျွန်မကို လာကျော

www.burmeseclassic.com



ဒွန်းတစ်ယောက်တည်းသာ ရှိသည်။ ဒွန်းဖြည့်ပေးထားတာ ဖြစ်ရမည်။

အိမ်ထဲဝင်၍ ထမင်းချက်ရန် ထမင်းအိုးကိုကြည့်လိုက်တော့လည်း ထမင်းအိုးထဲတွင် အသင့်ချက်ထားသော ထမင်းများ၊ ဟင်းအိုးထဲတွင်လည်း ငှက်သားဟင်းချက်ထားတာကို တွေ့ရသည်။

ဒွန်းတစ်ယောက်ဟာလေ…။

ချက်ပြုတ်ရန် ဘာမှမလိုအပ်တော့တာကြောင့် ကျွန်မသည် ရေချိုးရန်ပဲ ပြင်ဆင်လိုက်သည်။ ဒွန်းဟာ မျက်နှာထားသည်တင်းပြီး မှုန်ကုပ်ကုပ်နေသလောက် ကျွန်မအပေါ်မှာတော့ စေတနာရှိသားပဲဟု တွေးမိသည်။

စောစောက ကျွန်မ ပြောလိုက်သော စကားတစ်ခွန်းဟာ သူ့စေတနာကို စော်ကားသလို ဖြစ်သွားသည် ထင်ပါရဲ့လေ။ အတွေးကြောင့် ကျွန်မ ဒွန်းကို တော်တော်လေး အားနာသွားသည်။

ဒီနေ့တော့ ကျွန်မသည် တောင်အောက်မှာ ရေသွားမချိုးတော့ဘဲ စဉ့်အိုးထဲက ရေဖြင့်သာ ချိုးလိုက်သည်။ အမှန်တကယ်တော့ ရန်ကုန်သူဖြစ်သော ကျွန်မသည် တောင်အောက်



တွင် ရေသွားမချိုးချင်ပါ။ သို့သော ရေခပ်တင်ရမည်စိုး၍သာ တောင်အောက်ဆင်းချိုးရခြင်းဖြစ်သည်။ ထမင်းစားရန် ထမင်းပြင်တော့ နန်းကြာရောက်လာသည်။

'ဆရာမက ထမင်းစားမလို့လား၊ သမီး ဟင်းလာပို့တာ၊ ဆရာမ ဘာဟင်းချက်လဲ'

နန်းကြာက ကျွန်မရဲ့ ဟင်းခွက်ကို ယူကြည့်သည်။

'ဟယ်…ငှက်သားဟင်းတော့၊ နန်းကြာရဲ့ ဟင်းခွက်ကြော်တော့ မျက်နှာငယ်တော့မှာပဲ၊ ဆရာမက ငှက်သားဟင်းတောင် ချက်တတ်နေပြီထင်တယ်'

နန်းကြာစကားကြောင့် ကျွန်မပြုံးမိသည်။

'ဆရာမ ဘယ်ကလာရောင်းလို့ ဝယ်ထားတာလဲ၊ သမီးတို့အိမ်မှာတော့ လာမရောင်းပါလား'

နန်းကြာ စပ်စုနေတာကြောင့် ကျွန်မ အမှန်အတိုင်း ဖြေလိုက်သည်။

'အဲဒါ ဒွန်း ချက်ပေးထားတာပါ၊ ထမင်းတွေရော၊ ဟင်းတွေရော သူ ချက်ပေးထားတာပေါ့'

'ဒွန်းဆိုတာ ဘယ်သူလဲ ဆရာမ'

နန်းကြာက မြင်းလှည်းမောင်းသောသူ နာမည်ကို

www.burmeseclassic.com

www.burmeseclassic.com


သိဟန်မတူချေ။

'ခွန်းဆိုတာ မြို့ပြင်မှာနေတဲ့ မြင်းလှည်းမောင်းတဲ့သူ လေ'

'ဟင်… ဆရာမ၊ အဲဒါဆို မစားနဲ့၊ မစားနဲ့'

နန်းကြာက ပျာပျာသလဲ တားမြစ်သည်။

'ဒီလူကြီးက ဆရာမကို အကောင်းချက်ပေးတာ မဟုတ်ဘူး၊ ဆရာမကို အပင်းအဆိပ်တွေထည့်ထားမှာ သေချာတယ်'

'ကြံ့ကြံ့ဖန်ဖန်ကွယ်၊ သူက စေတနာနဲ့ ချက်ပေးတာပါ၊ ဆရာမ စားရပါတယ်'

'ဆရာမကို ပြုစားချင်လို့ဖြစ်မှာ'

နန်းကြာက ကြောက်လန့်တကြား ပြောသည်။ နန်းကြာပုံစံက အမှန်တကယ် ကြောက်လန့်နေသည့်ပုံပင်။ တောသူတောင်သားဆိုတော့ ဒါမျိုးတွေ ယုံကြည်တာလည်း မဆန်းပါ။

'စိတ်ချ၊ ဆရာမ ဘာမှမဖြစ်စေရဘူး၊ တကယ်လို့ သမီးပြောတာတွေ ခပ်ထားတယ်ဆိုရင်တောင် ဘုရားစာဆိုလိုက်ရင် အဲဒီအဆိပ်တွေအပင်းတွေ မရှိတော့ဘူး'





'တကယ်လား ဆရာမ'

ကျွန်မက နန်းကြာကို ခေါင်းညိတ်ပြ၍ ဘုရားစာဆိုပြီး စားပြလိုက်သည်။ နန်းကြာကတော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ကြည့်နေလေသည်။

ထမင်းစားပြီးတော့ နန်းကြာနှင့် အခြားကလေးတွေကို စာသင်ပေးခြင်းဖြင့် ညပိုင်းအချိန်တွေကို ကုန်လွန်သွားခဲ့သည်။

နေရဲတိုက်ဆိုတာက အတိတ်မှာ မှုန်ဝါးဝါး။ မှုံးမျက်ခြယ်ဆိုသော သူမသည် လက်တွေ့ဘဝထဲတွင် နေသားတကျ ပျော်ရွှင်လျက်…။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

စာထည့်တာ နှစ်စောင်ရှိပြီ။

ဘာအဆက်အသွယ်မှ မရတာကြောင့် ရဲတိုက် စိတ်ပူစပြုလာပြီ။ သူ့ရင်တစ်ခုလုံးလည်း ပူလောင်ပြင်းရှနေသည်။ စိုးရိမ်မှုတွေ ပူပန်မှုတွေက သူ့ကို ကောင်းစွာ နှိပ်စက်နေသည်။ သူ့သူငယ်ချင်းတွေကိုပြောပြီး အားလုံးဆီက အကြံတောင်းကြည့်တော့လည်း အားလုံးက တညီတညွတ်တည်းပင်…။

'လိုက်သွား' တဲ့။

ဒီနေ့ ဆေးရုံအုပ်ကြီးဆီမှာ ခွင့်တင်ရန် ဆုံးဖြတ်လိုက်သည်။ သူ ဘယ်လိုမှ မနေနိုင်တော့။ သူမအတွက် စိုးရိမ်ပူပန်မှုတွေရော ပြီးတော့ သူ့အပြစ်မကင်းသလို ခံစားနေရသည့် ခံစားချက်ကို မခံစားနိုင်တော့ပါ။

'ဟော့ကောင်… ရဲတိုက်၊ မင်း ဆရာကြီးဆီ ခွင့်သွားတင်မယ်ဆို၊ ဆရာကြီး ရောက်နေပြီ'



'ဟုတ်လား'

ထင်ဇော်နှင့်စကားကြောင့် လိုအပ်သည့်စာရွက်စာတမ်းတွေယူပြီး ဆရာဝန်ကြီးရှိရာ အခန်းသို့ ထွက်ခဲ့သည်။ ဆရာဝန်ကြီးက စာရွက်စာတမ်းတွေ တစ်ချက်ကြည့်ပြီး…

'အရေးကြီးလို့လား ဒေါက်တာနေရဲတိုက်'

'ဟုတ်ကဲ့ပါ၊ ကျွန်တော့်အတွက် အရမ်းအရေးကြီးလို့ပါ'

ယခုအချိန်တွင် သူ့စိတ်ထဲမှာ မျုံးမျက်ခြယ်ထက် အရေးကြီးတာ တခြား ဘာမှမရှိတော့ဟု ထင်မိသည်။

'ဆရာကြီးကတော့ မင်းကို ခွင့်မပေးချင်တာ အမှန်ပဲကွ၊ ဒါပေမဲ့ မင်းအတွက် အရမ်းအရေးကြီးနေတယ်ဆိုရင်လည်း ယူပါ'

ဆရာကြီးက ရှောရှောရှူရှူ ခွင့်ပေးလိုက်မှပင် သူ စိတ်ချမ်းသာသွားသည်။ ခွင့်တင်တာ ဆယ်ရက်ဖြစ်ပေမယ့် တစ်ပါတ်သာ ခွင့်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ခွင့်ရတာကိုပင် ကျေးဇူးတင်ရမည်။

ဆရာကြီးကို နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်လာတော့ သူ့ခြေထောက်တွေ သွက်လက်ပေါ့ပါးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒေါက်တာ… ဒေါက်တာ'

ရဲဝိုက် ရုံးခန်းမှထွက်လာတော့ နောက်မှခေါ်သံကြား၍ လှည့်ကြည့်လိုက်မိသည်။

'ဒေါက်တာ… ကျွန်မ သမီးလေးကို လိုက်ကြည့်ပါဦး၊ ဒေါက်တာ့ကို တဗမေးတည်းမေးနေတယ်'

ဒီတော့မှ နှင်းမြူ၏မိခင်ဖြစ်မှန်း မှတ်မိလိုက်သည်။

'ဟုတ်ကဲ့၊ လိုက်ကြည့်ပါ့မယ်၊ ခဏလေးနော်၊ ကျွန်တော် စာရွက်တွေထားလိုက်ဦးမယ်'

'ကောင်းပါပြီ ဒေါက်တာ၊ ကျွန်မ သမီးလေးကိုသာ လိုက်ကြည့်ဖြစ်အောင်ကြည့်ပေးပါ ဒေါက်တာ၊ သူ့ခမျာ သနားပါတယ်၊ အခု ဆံပင်တွေကျွတ်လို့ ကတုံးတုံးရတော့မယ်'

မျက်ရည်တစ်စက်ချင်းကျနေသော အန်တီကြီးကို ကြည့်၍ သူစိတ်မောစွာ သက်ပြင်းရှိုက်မိသည်။ သွေးကင်ဆာရောဂါဝေဒနာသည် ဒီလိုမျိုးတွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာမယ်ဆိုတာ မျှော်လင့်ထားပြီးသားပင်ဖြစ်သည်။

'ကဲပါ အန်တီရယ်၊ နှင်းမြူ့ဖွားက သွားစောင့်နေပါ၊ ကျွန်တော် လာခဲ့ပါ့မယ်'

သူက အန်တီကြီးကိုပြော၍ ရုံးခန်းထဲသို့ ဝင်ခဲ့သည်။





ထင်အောင်က သူ့ကိုမြင်လျှင်…

'ဘယ်လိုလဲ၊ ဆရာကြီးက ခွင့်ပေးလား'

'အေး… တစ်ပါတ်တဲ့၊ ငါ ခဏ ပိုးဟပ်ဖြူကိုသွားကြည့်ဦးမယ်၊ သူ့အမေ ငါ့ကို အတင်းလာခေါ်နေလို့၊ မင်း လိုက်ခဲ့ပါလား ထင်အောင်၊ ခဏလေးပဲ'

သူ ထင်အောင့်ကို အဖော်စပ်လိုက်သည်။ နှင်းမြူကို နှုတ်ဆက်စကား သူမပြောချင်ပါ။

'မင်းကိစ္စ မင်းသွားပါကွာ'

'ဟ… ငါ့ကိစ္စရမှာလား၊ လူနာကိစ္စဆိုတော့ မင်းလည်း ပါတယ်ပေါ့၊ လိုက်ခဲ့စမ်းပါကွာ၊ ငါသူ့ကို နှုတ်ဆက်ပြီး မင်းလက်ထဲ သေချာအပ်ပေးခဲ့မလို့'

'နှုတ်ဆက်မလို့လား၊ ကြည့်လုပ် ကောင်မလေးရှော့ခ်ဖြစ်သွားဦးမယ်'

ထင်အောင်က နှင်းမြူရဲ့ ပျော့ဖတ်ဖတ်ပုံလေးကို မြင်ယောင်ပြီးပြောတာဖြစ်သည်။ သူဘာမှမပြောဘဲ ထင်အောင့်လက်ကိုဆွဲ၍ ထွက်လာသည်။

'အနှင်း…'

'ဒေါက်တာ့ကို အနှင်း မျှော်နေတာ၊ အလုပ်ရှုပ်နေလို့လားဟင်'


www.burmeseclassic.com

www.burmeseclassic.com

နှင်းမြူက ဖျော့တော့သော မျက်နှာလေးနှင့် လှမ်းကြည့်သည်။ နှင်းမြူသည် ကရုဏာသက်စရာကောင်းစွာ ကတုံး တုံးထားပြီး ဖျော့တော့နွမ်းလျနေသည်။ ရဲတိုက်သည် သူပြောမည့် စကားတွေတောင် ဘယ်ဆီရောက်ကုန်မှန်း မသိ။ ပြော၍မထွက်တော့သလို ဖြစ်ကုန်သည်။

'အနှင်း… ဆရာလေး၊ ဆရာ…'

'ဘာဖြစ်လို့လဲဟင်'

အနှင်းရဲ့ မျှော်လင့်ချက်ဖြင့် တလက်လက် တောက်ပနေသော မျက်ဝန်းတွေကို ဥပေက္ခာမပြုနိုင်ပါ။ သူပြောရမည့် စကားတွေ ဆို့နင့်ကုန်သည်။ ထင်အောင်က သူ့ကိုတွန်း၍

'ပြောလိုက်လေ'

'ဆရာ ဘာဖြစ်လို့လဲဟင်၊ အနှင်းရင်တွေတောင် ထိတ်လာပြီ'

စိုးရိမ်တကြီး ပြောနေသော အနှင်းကြောင့် သူပြောရန် ခက်ခဲနေသည်။ သူ့ရဲ့အခက်အခဲကို ဝင်ဖြေရှင်းပေးလိုက်သူက ထင်အောင် ဖြစ်သည်။

'ဒီလို ညီမရေ၊ ဒီကောင်က အရေးတကြီး ခရီးသွားမှာမို့လို့ ညီမကို လာနှုတ်ဆက်တာ၊ ပြီးတော့ ညီမကို ဆရာ့



လက်ကို အပ်မလို့တဲ့လေ'

ထင်အောင်က ဝင်ပြောလိုက်လျှင်ပဲ နှင်းမြူ၏မျက်နှာလေးမှာ သိသိသာသာပျက်သွားပြီး ငြိမ်သက်သွားသည်။

'ဆရာက မကြာပါဘူး အနှင်းရယ်၊ ခွင့်က တစ်ပါတ်ပဲရတာလေ'

'အရေးကြီးလို့လားဟင်'

သူ့ကို အားကိုးတကြီးကြည့်ပြီး ခပ်ဖျော့ဖျော့ မျက်နှာလေးနှင့် အသံတိုးတိုးလေးကြောင့် သူသွားရမှာကိုပင် တွန့်ဆုတ်သွားသည်။

'ဆိုပါတော့ အနှင်းရယ်၊ ဆရာ့အတွက် အရမ်းအရေးကြီးလို့ပါ'

'ကဲ… မင်းတို့ ပြောနှင့်ပါ၊ ငါရုံးခန်းထဲ ပြန်လိုက်ဦးမယ်'

ထင်အောင်က ရှောင်ပေးသလို ပြောပြီး ထွက်သွားတာကြောင့် သူ့မျက်နှာထူပူသွားသည်။ သူနှင့် လူမှာကောင်မလေး၏ဆက်ဆံရေးမှာ ဆရာဝန်နှင့်လူနာဆိုသော ခေါင်းစဉ်အောက်တွင်ရော ရှိရဲ့လား။ ပထမဆုံးအကြိမ်အဖြစ် သူတို့ဆက်ဆံရေးကို သံသယဖြစ်သွားမိသည်။


www.burmeseclassic.com

www.burmeseclassic.com



'ဆရာ အမြန်ဆုံး ပြန်လာနော်၊ ဆရာမရှိရင် အနှင်း သိပ်အားငယ်မိမှာ'

နှင်းမြူ၏ ပိန်ချုံးချိနဲ့နေသော လက်ကလေးတွေက သူ့လက်ကို လာဆုပ်ကိုင်သည်။ လက်ကလေးတွေက အေးစက်စက်။ နှာခေါင်းမှာလည်း သွေးစတွေ မြင်ရတာကြောင့်…

'နှာခေါင်းသွေး လျှံသေးလို့လား ညီမ'

'ဟုတ်တယ် ဆရာ၊ ဒါ့ကြောင့် စောစောက မေမေ့ကို ခေါ်နိုင်းလိုက်ရတာပါ၊ ဆရာ စိတ်မဆိုးပါနဲ့နော်၊ အနှင်းနေရတာ တကယ်မကောင်းလို့ပါ'

'အေးပါကွာ၊ လူနာက လိုအပ်ရင် ဆရာဝန်ကို အချိန်မရွေး ခေါ်ခွင့်ရှိရမှာပဲ၊ ဘယ်နှယ့်စိတ်ဆိုးရမှာလဲ၊ စိတ်မဆိုးပါဘူးကွာ'

ရဲတိုက်က ဖြေသိမ့်ပြောလိုက်သော်လည်း နှင်းမြူ၏ မျက်နှာလေးက သိသိသာသာ ပျက်သွားလေသည်။

'ဆရာဝန်နဲ့ လူနာတဲ့လား ဆရာရယ်'

နှင်းမြူက ခပ်တိုးတိုး ရေရွတ်ရင်း သူ့လက်ကို ဆုပ်ကိုင်ထားသော လက်ကလေးတွေ ဖြေလျော့သွားသည်။

'ကဲပါ၊ အဲဒါတွေ မတွေးနဲ့နော်၊ အိပ်တော့၊ ဆေးတစ်



လုံး ဆရာထိုးပေးခဲ့မယ်'

ခေါင်းညိတ်ပြသော နှင်းမြူကို သူ ညင်သာစွာ ဆေးထိုးပေးပြီး သူမအိပ်ပျော်သည်အထိ ထိုင်နေမိသည်။ သူဟာ ဆရာဝန်တစ်ယောက်ဖြစ်ပါလျက် လူနာကို ရောဂါပိုတိုးစေပြီလား။ အတွေးကြောင့် သူ့လိပ်ပြာမလုံသလို ဖြစ်သွားသည်။

ဆေးအရှိန်ကြောင့် ခဏနေတော့ နှင်းမြူမှေးစက်အိပ်ပျော်သွားသည်။ ဒီတော့မှ သူမနားမှ ထခဲ့သည်။

ထင်အောင်က စပ်ဖြီးဖြီးနှင့် သူ့ကို ရုံးခန်းထဲမှ စောင့်နေသည်။

'ဘယ်လိုလဲ ဒေါက်တာကြီးရဲ့၊ လူနာမလေးကို စပယ်ရှယ်ကုသမှု ပေးပြီးပြီလား'

'မင်း ကျေးဇူးပြုပြီး ငါ့ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး မနောက်စမ်းပါနဲ့ကွာ၊ ငါ့စိတ်ထဲမှာ တကယ့်ကို ရိုးရိုးသားသားပါ'

သူ စိတ်အနှောင့်အယှက်ဖြစ်စွာ ထင်အောင့်ကို ပြောလိုက်သည်။ နှင်းမြူနှင့်ပတ်သက်ပြီး တကယ့်ကို သူ ဖြူစင်သန့်ရှင်းပါသည်။ သူ့စိတ်ထဲမှာ ညီမလေးတစ်ယောက်ကို စောင့်ရှောက်ပေးရသလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် မင်းနောက်ဆံတင်းနေရပြီ မဟုတ်လား'

'အေး… အဲဒါကို ငါဝန်ခံတယ်၊ အဲဒါဟာ ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကို ဂရုစိုက်ခြင်းပဲ၊ အခုကြည့်စမ်း ကတုံးလေးနဲ့ ဘယ်လောက်သနားစရာကောင်းလဲ၊ မင်း ငါ့လူနာကို ဂရုစိုက်လိုက်ပါကွာ'

သူက လိုက်လှဲစွာ ပြောမိသည်။

'ဂရုစိုက်မှာပါ၊ ဒါနဲ့ မင်းကို ငါမေးရဦးမယ်၊ မင်း မှူးဆီကို သွားရတဲ့ ရည်ရွယ်ချက်က ဘာလဲ၊ ဘာသွားလုပ်မှာလဲ'

ထင်အောင် မေးလိုက်သောစကားကြောင့် သူငိုင်သွားသည်။

'သတိရလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ မသွားနဲ့ကွာ၊ ရိုးစင်းလွန်းတယ်'

'ငါသိပါတယ်၊ သူ့ဆီကို ငါသွားတာ ပထမတစ်ချက်က စိတ်ပူလို့၊ အဆက်အသွယ်မရလို့၊ ဒုတိယတစ်ချက်က ငါ သူ့အပေါ်မှာ အပြစ်ရှိနေသလို ခံစားရလို့၊ အဲဒီကိစ္စကို တောင်းပန်ရှင်းပြချင်လို့၊ တတိယတစ်ချက်က သူ့ကို ငါလို





အပ်တယ်ဆိုတဲ့အကြောင်း သူသိအောင် ပြောပြမလို့'

သူက လေးနက်နင့်သီးစွာ ပြောလိုက်မိတော့သည်။

'တကယ်ပါကွာ၊ ငါ သူ့ကို လိုအပ်တယ်၊ ငါ့ဘဝမှာ သူမရှိရင် မဖြစ်ဘူးကွာ၊ ငါ သူ့ကို အရမ်းချစ်နေမိပြီ'

ရဲတိုက်ရင်ထဲက စကားတွေ ပွင့်ထွက်ကုန်ပြီ ဖြစ်သည်။ ဒီအချိန်မှာ သူ့ရင်ထဲ၌ မှူးမျက်ခြယ်နှင့် ပတ်သက်ပြီး အရမ်းကို ခံစားနေရသည်လေ။

'အေးပါကွာ၊ အဲလို အကြောင်းပြချက်တွေ ခိုင်ခိုင်လုံလုံ ရှိနေရင်လည်း သွားစေဗျာ၊ သွားစေ၊ မင်း ဘယ်တော့သွားမှာလဲ'

သူက တစ်ချက်ရယ်မော၍…

'ဖြစ်နိုင်ရင် အခုတောင် သွားချင်တာကွယ့်… ဟဲ… ဟဲ… ညနေလေယာဉ်လက်မှတ် သွားဝယ်မယ်ကွာ၊ ညကျရင် မှူးမေမေ အန်တီမှာဆီသွားပြီး ဘာမှာမလဲ သွားမေးမယ်'

ထင်အောင်ကတော့ သူအဖြစ်သည်းနေပုံကို ကြည့်၍ ရယ်မောနေလေသည်။

မှူးရယ်… အရမ်းတွေ့ချင်နေပြီကွယ်။

ငါ့ရဲ့အမှားတွေ အသုံးမကျမှုတွေကို ခွင့်လွှတ်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com

ရဲတိုက်သည် မျိုးကို တွေ့ရတော့မည်ဆိုသော မျှော်လင့်ချက်ကြောင့် တက်ကြွပျော်ရွှင်နေမိတော့သည်။

♥ ♥ ♥ ♥ ♥

ပြဿနာများ၏အစမှာ သူတို့ကျောင်းပြီး၍ အလုပ်သင်ဆရာဝန်ဘဝ ရောက်သောအခါတွင် ဖြစ်သည်။ တာဝန်အသီးသီးကျတော့ တချို့တွေက နီးနီးနားနားကျပေမယ့် သူနှင့်မျိုးကတော့ ရန်ကုန်မြို့နှင့် တော်တော်ဝေးလံခေါင်သီသော မြို့ကလေးတစ်မြို့တွင် ကျသည်။

'ငါကတော့ မသွားချင်ဘူး၊ ရန်ကုန်နဲ့ဝေးတော့ သွားရေးလာရေး အတော်ခက်မှာ'

'ဝေးလည်း ဘာဖြစ်လဲ၊ ငါတို့ ဗဟုသုတရတာပေါ့၊ ငါတော့ ပျော်တယ်'

ဒီကတည်းက သူနှင့်မျိုး အမြင်ချင်း မတူတော့ပါချေ။ ရဲတိုက်တော့ သူငယ်ချင်းတွေက ရန်ကုန်မှာကျပြီး သူက ဆေးရာမှာကျတာမို့ စိတ်ပျက်လက်ပျက်ဖြစ်နေသည်။

www.burmeseclassic.com

'ငါကတော့ လစ်လို့ရသလောက် လစ်မယ်'

'နင်နဲ့ငါ အမြင်ချင်းမတူပါလား ရဲတိုက်ရယ်၊ ငါကတော့ ပစ္စည်းတွေ အကုန်ယူပြီး ဟိုမှာတာဝန်ပြီးဆုံးတဲ့အထိ နေမယ်'

အဲဒီတုန်းကတည်းက မှူးရဲ့ ခံယူချက်က သူနှင့်ဆန့်ကျင်နေသည်။ သူကတော့ အစားအသောက် အဆင်မပြေမှာတွေ၊ နေရေးထိုင်ရေး အဆင်မပြေမှာတွေ တွေးပြီး အလိုလို စိတ်မောစိတ်တိုနေမိသည်။ ပြီးတော့ စာမကျက်ရမည့် ကိစ္စ။

'နင့်မျက်နှာကြီးကလည်း ရှုံ့မဲ့နေတာပဲ၊ ငါကတော့ နင်နဲ့အတူတူ ကျတဲ့အတွက် ပျော်၊ နင်စားရေးသောက်ရေး ဘာမှ စိတ်မပူနဲ့ ငါရှိတယ်၊ ငါ လက်စွမ်းပြမှာပေါ့'

မှူးက ဝမ်းသာအားရပြောသော်လည်း သူက စိတ်တိုနေသည်မို့...

'တော်စမ်းပါ'

ဟု တစ်ခွန်းသာပြောပြီး ထိုနေရာမှ ထွက်ခဲ့သည်။ မှူးကတော့ သူကျသည့်နယ်မြို့လေးကို သွက်လက်စွာ အထုပ်အပိုးပြင်ပြီး သွားခဲ့ပေမယ့် သူကတော့ လေးလံထိုင်းမှိုင်းနေသည်။





သူ မသွားချင်သည့် အရပ်ဒေသတစ်ခုကို သွားရန် မှူးက တက်ကြွနေသဖြင့် နေရင်းထိုင်ရင်း မှူးကို စိတ်တိုနေမိသည်။ မှူးကတော့ တာဝန်ကျသည့်ဆေးရုံကို အရင်ရောက်လို့နေပြီး သူကတော့ နောက်ဆုံးမှ ရောက်လာခဲ့သည်။

အစစအရာရာ မှူးကပင် ဦးဆောင်၍ သူ့ကို ဆေးရုံအုပ်ကြီးနှင့် မိတ်ဆက်ပေးသည်။ သူကတော့ ရန်ကုန်ကိုသွားဖို့ တစ်ရက်ခရီးလောက်ကြာသည့် ထိုမြို့မှာ မနေချင်ပါ။

'နင်ကလည်း ပျော်ပျော်နေစမ်းပါ၊ ငါတို့ တာဝန်ကျနေတုန်း ပျော်ပျော်ရွှင်ရွှင်နဲ့ အဆင်ပြေအောင် ကြိုးစားကြမယ်လေ'

'နင်ပဲ ကြိုးစား'

သူ မှူးကို အော်ပစ်လိုက်ပြီး သူနေရမည့် အခန်းသို့ ပြန်လာခဲ့သည်။ သူဟာ အခုတစ်လော အရာရာကို စိတ်တိုနေမိသည်။ မှူးကတော့ အားလုံးနှင့် အဆင်ပြေအောင် ဆက်ဆံ၊ အဆင်ပြေအောင်နေပြီး ထိုအရပ်ဒေသ၌ပင် ပျော်ရွှင်နေပုံရသည်။ သူကတော့ မှူးကို ကြည့်ပြီး အတော်အမြင်ကပ်နေမိသည်။

'ဟဲ့... နင့်အတွက် ငါ ဟင်းလာပို့တာ'


www.burmeseclassic.com

www.burmeseclassic.com



'မပို့နဲ့၊ မနက်ဖြန် ငါအိမ်ပြန်တော့မှာ၊ ဆရာကြီးကို ပြောပြီးပြီ'

'ဟင်… နင်ကလည်း ရောက်တောင်မရောက်သေးဘူး၊ ပြန်ဖို့ပဲ'

မျိုးက သူ့ကို မပြန်သေးစေချင်ပုံနှင့် ပြောသည်။ သူက ဂရုမစိုက် ပြန်ရဖို့က အဓိကပင်ဖြစ်သည်။

'အေး… နင်ပဲ ဒီမှာတစ်သက်လုံးနေ၊ ငါတော့ မနေနိုင်ဘူး၊ ပြန်မယ်၊ ဘယ့်နှယ် နင်မို့ ဒီမှာပျော်တယ်'

'ရဲတိုက်… ငါတို့က ကလေးလည်း မဟုတ်တော့ဘူး၊ အခုလည်း အပျော်ခရီးထွက်လာတာ မဟုတ်ဘူး၊ တာဝန်အရ လာတာပါ၊ ဒါကို နင်က စိတ်ညစ်စရာလို့ ထင်နေတာ မဟုတ်သေးဘူး၊ နောက်ဆို ငါတို့ လက်ထောက်ဆရာဝန်တို့ ဘာတို့ဖြစ်ရင် ဒီ့ထက်ဝေးလံခေါင်သီတဲ့ နေရာပို့လည်း ငြင်းပယ်ခွင့် မရှိဘူးလေ'

မျိုးပြောတာဟာ အကျိုးအကြောင်း ဆီလျော်ပေမယ့် ထိုအချိန်တုန်းကတော့ သူ အရမ်းဒေါသဖြစ်ခဲ့သည်။ သူ ဒေါသတကြီး တုံ့ပြန်ခဲ့မိသည်။

'ဒီမှာ မျိုးမျက်ခြယ် နင် ငါ့ကို ဘာမှဆရာလုပ်စရာ





မလိုဘူး၊ ငါ့ဘာသာငါ သွားချင်တဲ့ဆီ သွားမယ်၊ နင်ဟာ ငါ့ရဲ့ရည်းစားလည်း မဟုတ်ဘူး၊ အမေလည်း မဟုတ်ဘူး၊ သူငယ်ချင်းဆိုတဲ့ အခွင့်လောက်နဲ့ နင် ငါ့ကို ဒီလောက် ဆရာလုပ်စရာ မလိုဘူး'

'ဟဲ့… နင့်ကိုငါက စေတနာနဲ့ ပြောနေတာ၊ အရှိကို အရှိအတိုင်း လက်ခံဖို့…'

ဒီတုန်းက မျိုးကလည်း ငယ်သေးတာမို့ သူ့မှန်တယ်။ ထင်ရာကို ဇွတ်ပြောငြင်းဆန်လေသည်။ ဒါကြောင့်မို့ သူတို့ကြားထဲတွင် ပဋိပက္ခတွေ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

'မျိုးမျက်ခြယ်… နင်နားမလည်သေးဘူးလား၊ အခု ငါ့အခန်းထဲက ထွက်သွားပေးပါ၊ နင့်ရဲ့ဟင်းတွေလည်း ပြန်ယူ သွားပါ၊ ငါ့အတွက် မလိုအပ်ဘူး၊ နင်အပိုတွေ ယူမလာနဲ့'

'နင်… နင်… ငါ့စေတနာကို စော်ကားလှချည်လား'

မျိုးသည် တဆတ်ဆတ်တုန်သော နှုတ်ခမ်းတွေနှင့် မျက်ရည်တွေ တစ်ပေါက်ချင်းကျပြီး သူ့ရှေ့မှပြေးထွက်သွားလေတော့သည်။ သူအနည်းငယ် စိတ်မကောင်းဖြစ်မိပေမယ့် အဲဒီတုန်းက နောင်တမရမိပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် သူ ရန်ကုန်သို့ ခွင့်တစ်ပါတ်ယူပြီး ပြန်သွားခဲ့သည်။ ရန်ကုန်မှာ သူငယ်ချင်းတွေဆီ သွားလည်ရင်း သူနှင့် မျိုးပြဿနာဖြစ်သည့်အကြောင်းတွေ ပြောပြတော့ အားလုံးက သူ့ကို ဝိုင်းအပြစ်တင်သည်။ သူကတော့ ဘာမှပြန်မပြောမိ။ နှုတ်ဆိတ်၍သာ နေသည်။

ဤသို့နှင့် သူတာဝန်ကျရာမြို့လေးသို့ ပြန်လာခဲ့သည်။ မျိုးကိုလည်း စိတ်ပြေနေပြီဖြစ်၍ ပြန်ချော့မည်ဟု ဆုံးဖြတ်၍ သူပြန်လာခဲ့ခြင်းဖြစ်သည်။

သို့သော် သူပြန်လာခဲ့ခြင်းသည် အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မျိုးမျက်ခြယ်ဆိုသော သူ့သူငယ်ချင်းမလေးသည် မယုံနိုင်လောက်အောင် ပြောင်းလဲသွားသောကြောင့်ပင်ဖြစ်သည်။

မျိုးမေမေ လူကြုံပေးလိုက်သည့် ပစ္စည်းတွေရော သူငယ်ချင်းတွေကပါ ပေးလိုက်သည့် စာများကိုယူရင်း သူ မျိုးနေရာ အဆောင်ဘက်ဆီသို့ ထွက်ခဲ့သည်။

'မျိုး… မျိုး…'

သူ အဆော်ကြီးခေါ်လိုက်မှ မျိုးထွက်လာသည်။ [illegible] မယုံနိုင်လောက်အောင် မို့အစ်နေသော မျက်ဝန်းတွေဖြင့် သူ့ရှေ့





သို့ ရောက်လာသည်။ မျက်နှာတွေက နီရဲပြီး မျက်ဝန်းတွေက ဖောင်းမို့နေသည်မှာ မှတ်တောင် မမှတ်မိချင်စရာ ဖြစ်သည်။

'နင် ဘယ်လို ဖြစ်တာလဲ'

မျိုးက ဘာမှပြန်မပြော ခေါင်းငိုက်စိုက်နှင့် ထိုင်နေသည်။

'မျိုး… မျိုး…'

သူက မျိုးရဲ့ ပခုံးနှစ်ဘက်ကို ကိုင်ပြီး ဆွဲလှုပ်လိုက်တော့ မျက်လုံးသေတွေနှင့် သူ့ကို မော့ကြည့်သည်။

'နင် ဘယ်လိုဖြစ်တာလဲ'

'ငါ… ငါ…'

မျိုးက မျက်ရည်တွေ ရစ်ဝဲလာပြန်တာကြောင့် သူစိတ်ရှုပ်သွားသည်။ သူနှင့် မသွားခင် ရန်ဖြစ်တာလေးနှင့် မျိုးဟာ ဒီလောက်ကြီးဖြစ်စရာ လိုလို့လားဟု တွေးမိသည်။

'ငါ အရမ်းစိတ်မကောင်း ဖြစ်နေတယ်၊ နင် သွားပါတော့'

မျိုးရဲ့နှင်ထုတ်မှုကြောင့် သူ အခုကြောင်ကြောင်နှင့် ထိုင်ရာမှ ထလိုက်သည်။

'ဒီမှာ နင့်ကို နင့်မေမေ လူကြုံပေးလိုက်တဲ့ ဟာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေရဲ့စာတွေပါ ပါတယ်၊ ငါ သွားပြီ'

မှူးကိုထားခဲ့ပြီး ရဲတိုက် ထိုနေရာမှ ထွက်သည်။ သူ့ကို မှူး အရမ်းစိတ်နာသွားပြီလားဟုလည်း တွေးမိသည်။ သို့သော် သူထင်တာနှင့် လွဲမှားစွာ နောက်များမှ ပြဿနာအစစ်အမှန်ကို သိခွင့်ရခဲ့သည်။

အဲဒီနေ့က ဆရာဝန်မကြီးကလည်း အရေးတကြီးကိစ္စတစ်ခုနှင့် ရန်ကုန်ကို အစည်းအဝေးသွားတက်သည်။ ကျန်တဲ့ဆရာဝန်တွေကလည်းမရှိဘဲ အဲဒီညက မှူးတစ်ယောက်တည်း အရေးပေါ်လူနာကို ကုသပေးခဲ့ရသည်တဲ့။ အဲဒီလူနာဟာ မှူးလက်ထဲမှာပင် သေဆုံးသွားခဲ့သည်။ မှူးဟာ သူ့ကြောင့်ဖြစ်ရတာဟုစွဲပြီး ယူကျုံးမရ ဖြစ်နေခြင်းပင်ဖြစ်သည်။ ပြီးတော့ ထိုလူနာက မှူးရဲ့ပထမဆုံးလူနာ…။

ထိုသတင်းကြားတော့ သူ မှူးဆီကို နှစ်သိမ့်ရန် သွားခဲ့သည်။

'မှူး… ငါသတင်းကြားပါတယ်ဟာ၊ စိတ်မကောင်းပါဘူး၊ ဒါ နင်နဲ့မဆိုင်ပါဘူး၊ ကံ… ကံ၏ အကျိုးပါပဲ၊ နင်တက်နိုင်သလောက် ကြိုးစားတာပဲ'

မှူးက ထုံပေပေမျက်နှာထားနှင့် သူ့ကို ဘာမှပြန်မပြောချေ။





'မှူး… နင် အဲလိုကြီး မနေပါနဲ့၊ ငါ စိတ်မကောင်းဘူး၊ နင်… အရင်ကလို သွက်သွက်လက်လက်နေစမ်းပါဟာ'

မှူးထံမှ ထိုအချိန်ကတည်းကစ၍ သွက်လက်တက်ကြွခြင်းတွေပျောက်ဆုံးကုန်သည်။ ထိုအရာတွေအစားဝယ်ငေးမောခြင်းတွေကိုသာ တွေ့ရသည်။

'မှူး… မှူး…'

ဆေးရုံကြီးရဲ့ ကော်ရစ်ဒါမှာ မှူးကိုဘယ်သောက်ခေါ်ခေါ် မှူးဟာ စက်ရုပ်ကလေးတစ်ရုပ်လိုပင်။ အချိန်မှန်သွား၊ လုပ်စရာရှိတာလုပ်နှင့် စကားတောင် ပြန်မပြောတော့ပါ။

သူ့ကိုသာမဟုတ်။ မှူးသည် ဘယ်သူ့ကိုမှ သိပ်ပြီးစကားမပြောတော့ပါ။ မပြောမဖြစ်တဲ့ ကိစ္စမျိုးတွေကလွဲလို့ပါ။ သူမပြောနှင့် ဆေးရုံအုပ်ဆရာဝန်မကြီးကိုယ်တိုင် ဖျောင်းဖျတာတောင် မှူးရဲ့ဝမ်းနည်းကြေကွဲမှုတွေဟာ ပျောက်ပျက်သွားဟန် မတူပါ။

'မှူး… နင် ငါ့ကိုမကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါ၊ ဒီတိုင်းကြီးတော့ မနေပါနဲ့'

'မရှိပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



စကားကို မပွင့်တပွင့်ပြော၍ မှူးသည် သူ့ကို ကျောခိုင်းထွက်ခွာသွားသည်။ မှူး ဘာတွေခံစားနေရလဲ။ ဘာတွေဖြစ်နေလဲ။ ပွင့်လင်းလွန်းသော မှူးသည် လျှို့ဝှက်တိတ်ဆိတ်သွားသည်။ မှူးရဲ့မျက်နှာပေါ်မှာ အပြုံးတွေ ဆိတ်သုဉ်းသွားသည်။

မှူး တည်ငြိမ်သွားတာလား။ နာကျင်သွားတာလား။ စိတ်ထိခိုက်သွားတာလား။ ဘယ်သူမှ မသိနိုင်တော့။ တည်ငြိမ်အေးစက်သော မျက်နှာနှင့် မှူးသည် ယခင်က မှူးမျက်ခြယ် မဟုတ်တော့။ လူအသစ်တစ်ယောက် ပြောင်းလဲသွားသလိုပင်ဖြစ်သည်။ —

အဲဒီနောက် တာဝန်ပြီး၍ ရန်ကုန်ပြန်ရောက်ကြသည်။ ရန်ကုန်ရောက်တော့လည်း မှူးက အိမ်ထဲက အိမ်ပြင်မထွက်ချေ။ ဘယ်သူငယ်ချင်းနှင့်မှလည်း သိပ်မတွေ့တော့ချေ။

နောက်တော့ ဘာမပြော ညာမပြောနှင့် ရှမ်းပြည်နယ် အစွန်အဖျားမြို့ကလေးကို ပြောင်းရန် Transfer (ပြောင်းရွှေ့ခွင့်)တင်လိုက်ခြင်းပင်ဖြစ်သည်။ သူငယ်ချင်းတွေရော၊ မှူး၏မိခင်ကပါ ဝိုင်းဝန်းတားမြစ်ကြပေမယ့် မှူးဟာ မတုန်မလှုပ်အားလုံးကို တည်ငြိမ်စွာ နှုတ်ဆက်ပြီး ပြောင်းရွှေ့သွားခြင်းပင်ဖြစ်သည်။





မှူးဟာ လျှို့ဝှက်သိပ်သည်းသောသူ ဖြစ်သွားချေပြီ။

အခုထိလည်း အဆက်အသွယ်မလုပ်တာကြောင့် မှူးကို နေရဲတိုက် လုံးဝနားမလည်နိုင်ပါတော့ချေ။

စိမ်းညို့နေသော တောင်တန်းကြီးတွေကို လေယာဉ်ပြတင်းပေါက်မှတစ်ဆင့် မြင်တွေ့ရသည်။ လေယာဉ်ကြီးက ရှုတ်တရက် နိမ့်ဆင်းသွားသည်။ ဟဲဟိုးလေဆိပ်သို့ရောက်ပြီဟု နေရဲတိုက် သိလိုက်ရသည်။

ခရီးက ကားတစ်တန်နှင့် ဆက်ရဦးမည် ထင်ပါရဲ့။ မှူးရယ်… ငါလာနေပြီ။ ငါ့အရင်က နင့်အပေါ် လွန်ထားတာတွေ ခွင့်လွှတ်ပါ သူငယ်ချင်းရယ်။


နင် ငါ့ကို လှိုက်လှဲစွာ ဆီးကြိုလည့်ပါ။ နင့်ရဲ့အရင်က ချွေးတွေးသွက်လက်တဲ့ အသံလေးတွေ ငါပြန်ကြားပါရစေလား။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၃)



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာက ကျွန်မကို လေးလံစွာ ဖိထားသည်။ ဘယ်လိုမှ ရုန်းထလို့မရဘူး။

မက်ပြန်ပြီ ဒီအိပ်မက်။

ဟင့်အင်း… မမက်ချင်ဘူး။ ဒီအိပ်မက် မမက်ချင်ဘူး။ ဟင့်အင်း…။

အားကိုးတကြီးမော့ကြည့်နေသော မျက်နှာ။ သေမင်းကို ကြောက်လန့်နေသော မျက်နှာ။ ပျာယာခတ် သွေးပျက်နေသော ကျွန်မ…။

မလင်းတလင်း ခွဲစိတ်ခန်းအောက်မှ ကျွန်မရဲ့ ချွေးစက်တွေ။ တာဝန်တွေအပ်နှင်းပြီး ထွက်သွားခဲ့သော ဆရာမကြီး၏ ယုံကြည်ကိုးစားမှု။

စကားပြောရန် ဖြည်းညင်းစွာ အားယူနေသော တုန်ယင်နေသည့် နှုတ်ခမ်းအစုံ…။



www.burmeseclassic.com

www.burmeseclassic.com



'ဆရာမ… ကယ်ပါ… ကယ်ပါ'

ထိုပုံရိပ်ကပျောက်ကွယ်သွားပြီး ထိုလူကြီးက ထထိုင်လိုက်သည်။ ကျွန်မကို စူးစူးဝါးဝါးစိုက်ကြည့်လိုက်သည်။

'မင်း… ငါ့ကို သတ်တာ၊ ငါ့ကို သတ်…'

'မဟုတ်ဘူး၊ မဟုတ်ဘူး'

ကျွန်မ အတင်းငြင်းဆန်ပေမယ့် အသံက ထွက်မလာချေ။

'ငါ့ကိုပေးထားတဲ့ ကတိကိုလည်း မင်းမလုပ်သေးဘူး မဟုတ်လား'

ထိုလူကြီးက စိမ်းစိမ်းကြီးကြည့်ပြီး ပြောသည်။

အသက်ကယ်ဆေးတစ်လုံး…။

'တွေ့…အောင်…ရှာ'

'အား…'

ကျွန်မသည် အသံကုန်အော်ဟစ်လိုက်မိတော့သည်။ ဒီတော့မှ ကျွန်မခန္ဓာကိုယ် လှုပ်ရှားလို့ရသည်။ ချွေးစီးများနှင့် စိုရွှဲနစ်နေသောကျွန်မသည် လက်ကိုင်ပဝါတစ်ထည်နှင့် သုတ်လိုက်သည်။

သွေးခဲမတက် အေးစက်နေသောအချိန်မှာ ကျွန်မ





သည် ချွေးစီးတို့ဖြင့် ရွှဲနစ်နေလေသည်။

ဘုရား… ဘုရား။ အချိန်များစွာ မမက်ဘဲနေခဲ့သော အိပ်မက်ကို ယခုတစ်ခါ ပြန်၍မက်ပြန်ပြီ။ ကျွန်မသည် ကြောက်ရွံ့စိတ်ကြောင့် အသားတွေ တဆတ်ဆတ် တုန်ယင်နေသည်။ မျက်ရည်တွေကလည်း တစ်ပေါက်ချင်း စီးကျနေသည်။

'မဟုတ်ဘူး၊ ကျွန်မ ထိုလူကြီးကိုသတ်တာ မဟုတ်ရပါဘူး'

တစ်ယောက်တည်း တတွတ်တွတ် ပြောနေမိသည်။ နောက်တော့မှ ကျွန်မသည် ကိုယ့်စိတ်ကိုကိုယ်ထိန်း၍ စိတ်ငြိမ်ဆေးတစ်လုံးကို ရှာဖွေသောက်လိုက်သည်။ ကျွန်မရဲ့ စိတ်တွေက အလွန်အမင်း လှုပ်ရှားလို့နေသည် မဟုတ်ပါလား။

ကျွန်မသည် သွေးရူးသွေးတန်း အိပ်ယာမှ ကျုံးထလိုက်မိတော့သည်။

ခုမှ တဟူးဟူးတိုးနေသော လေကို သတိပြုမိသည်။ ပြတင်းပေါက်ကြီးက ပွင့်လို့ပါလား။ ကျွန်မသည် အလန့်တကြား ပြတင်းပေါက်ပိတ်ရန် ပြတင်းပေါက်ဆီသို့ လျှောက်သွားမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်မဲတိတ်ဆိတ်မှုက ကျွန်မကို ကောင်းစွာခြောက်လန့်နေသည်။ အေးစက်ခြင်းများက စိမ်းကားစိုးရွံ့ခြင်းတွေကို သက်သေပြနေသည်နှယ်ပင် ဖြစ်သည်။

ပြတင်းပေါက်များသို့အရောက်တွင် ညအမှောင်ထဲ၌ ထူးဆန်းစွာ ချိုအီနွဲ့ပြောင်းသော အသံတစ်သံက ကျွန်မနားစည်သို့ ရိုက်ခတ်လာလေသည်။

ဒါ ... ဘာသံပါလိမ့်။

အသံက ဝေးကွာလွန်းသောဆီမှလာတာဖြစ်၍ ကျွန်မမနည်းနားထောင်နေရသည်။ တိုးညင်းချိုအီလှသော အသံက ကျွန်မ၏ သိချင်စိတ်ကို နှိုးဆွနေသည်။

ဒါ ... တယောသံပါလား။

ညကြီးအချိန်မတော် ဘယ်သူများ တယောထိုးနေပါလိမ့်။ ကျွန်မတို့မြို့လေးမှာ တောမကျ မြို့လေးဖြစ်၍ တစ်အိမ်နှင့်တစ်အိမ် အတော်ဝေးကွာပါသည်။ ကျွန်မ အိမ်နံဘေးတွင်လည်း နန်းကြာတို့အိမ်လေးမှလွဲ၍ တခြားအိမ်မရှိချေ။

ဒါဆို တစ်ယောက်ယောက်များ ဒီနားလာထိုးနေတာလား။ ဒါဖြင့် အဲဒီတစ်ယောက်ယောက်က ဘယ်သူလဲ။

အတွေးတို့ဖြင့် လွှမ့်လူးနေတာမို့ ပြတင်းပေါက်များ





တွင် အကြာကြီးရပ်မိသည်။ ထို့နောက် လေက ဖြန်းခနဲတိုက်တာမို့ ပြတင်းပေါက်ကို ဆွဲပိတ်လိုက်ရသည်။ တယောသံကို မကြားရတော့ချေ။

ကျွန်မသည် စောစောကအိပ်မက်ကြောင့် မောဟိုက်စွာ ခံစားနေရသောခံစားချက်များသည် အနည်းငယ် သက်သာသွားသလို ခံစားရသည်။ ထို့ကြောင့် တယောသံရှင်ကိုကျေးဇူးတင်မိပါသည်။

ကျွန်မ ဆက်၍ အိပ်မပျော်တော့ချေ။

ခဏနေတော့ လင်းရောင် သန်းလာသည်။ ကျွန်မ မျက်နှာသစ်ရန် အိမ်ရှေ့တံခါးကို ဖွင့်လိုက်တာနှင့် ခြံပြင်တွင် ထိုင်နေသော ကောင်ကုန်းတစ်ခုကို ပိုးတိုးဝါးတား တွေ့လိုက်ရသည်။ ကျွန်မ မျက်နှာအမြန်သစ်ပြီး ခြံတံခါးဝသို့ လျှောက်သွားလိုက်သည်။

'ဟော... ဒွန်း... အစောကြီးပါလား'

ဒွန်းက ခေါင်းညိတ်ပြသည်။ သူက အမြဲတစေ ချွတ် တမ်းဝတ်ဆင်ထားသော ကုတ်အင်္ကျီနှင့် ဦးထုပ်ကြီးကို ကိုင်ထားသည်။ ဦးထုပ်ကိုချွတ်ထားတာကြောင့် ဒွန်းရဲ့ ယောက်ျားပီသသော မျက်ဝန်းတွေကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒီနေ့ ကျုပ် ဆရာမဆီကို အစောကြီးလာချင်လို့လေ၊ မလာရဘူးလား'

'လာရပါတယ်၊ ဘာစားပြီးပြီလဲ၊ ကျွန်မဆီမှာလည်း ဘာမှတော့ မရှိဘူးရှင့်၊ အခုပဲ ဈေးသွားမလို့'

'ကျုပ်က ဆရာမကို ကျွေးမှာပါ၊ ဒီမှာ ကောက်ညှင်း မီးဖုတ်နဲ့ ငှက်ကင် ယူလာတယ်'

'ငှက်ကင်'

ငှက်ကင်ဆို၍ မနေ့က ဟင်းချက်ထားတာတွေကို သတိရသွားသည်။

'မနေ့တုန်းက ကျွန်မအိမ်ထဲမှာ ဟင်းတွေ ထမင်းတွေ ရှင် ချက်ထားတာလား'

'ဟုတ်တယ်၊ ကျုပ် ဆရာမကို ခွင့်မတောင်းဘဲနဲ့ ယူချက်မိတယ်၊ ငှက်ကလည်း ရလာလို့ ချက်ကျွေးချင်တာနဲ့ ချက်မိတာ၊ ကျုပ်ကို အဲဒါ စိတ်ဆိုးနေလား'

ဒွန်းက ကျွန်မ စိတ်ဆိုးနေသည်မှတ်၍ ပျာပျာသလဲ မေးသည်။ ကျွန်မက ပြုံး၍ ဖြည်းညင်းစွာ ခေါင်းခါယမ်းပြ လိုက်သည်။

'ကျွန်မကတောင် ကျေးဇူးတင်ရဦးမှာပါ၊ ရေတွေ





လည်း ဖြည့်ထည့်ပေးထားကယ်၊ နောက်အဲဒါတွေ မလုပ်ပါနဲ့ ဒွန်းရယ်၊ ကျွန်မဘာသာ လုပ်နိုင်ပါတယ်'

ကျွန်မက ဒွန်းကို အားနာသလို ပြောလိုက်မိသည်။

'ဒီမှာ ဆရာမ ကျုပ်က စေတနာရှိလို့ လုပ်ပေးတာ၊ ကျုပ် စေတနာမရှိတဲ့သူဆို လှည့်တောင်ကြည့်တာမဟုတ်ဘူး'

ဒွန်းက ခပ်ဆတ်ဆတ်ပြောလိုက်သည်။ ဒွန်းက အဲလို စိတ်ဆတ်စိတ်မြန်သူ တစ်ယောက်လည်းဖြစ်သည်။

'ဟုတ်ပါပြီ၊ ကျုပ်က အားနာလို့ပါ'

ကျွန်မတောင် အယောင်ယောင် အမှားမှားဖြင့် ဒွန်း ပြောသလို ကျုပ်တွေဘာတွေနှင့် ပြောမိ၍ ရယ်မောလိုက် သည်။ ဒွန်းကြောင့် အရာအားလုံးမေ့လျော့လျက်…

'အဟင်း…ဟင်း… ကျွန်မ ဒီလိုစောင် လွတ်လွတ် လပ်လပ်မရယ်ရတာ ကြာပြီ ဒွန်းရယ်၊ အခုမှပဲ ရယ်မိတော့ တယ်'

ရယ်မောလိုက်ရ၍ ကျွန်မ စိတ်ထဲမှာ ဖိစီးနေတာတွေ သက်သာသွားသလို ခံစားရသည်။

'ကဲ… ဒွန်း၊ အိမ်ထဲဝင်ဦးလေ'

'ကျုပ် အိမ်ထဲမဝင်ဘူး၊ ခြံထဲပဲဝင်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဒါတွေဘယ်လိုစားမှာလဲ'

ကျွန်မသည် ဒွန်း ဖက်ရွက်အကြီးကြီးနှင့် ထုပ်လာသော ကောက်ညှင်းပေါင်းတွေနှင့် ငှက်သားတွေကို မေးငေါ့ရင်း မေးလိုက်သည်။

'ဒါများ ခြံထဲက မြင်းခင်းပေါ်မှာ ဒီတိုင်းစားမှာပေါ့'

ကျွန်မလည်း ဒွန်းနှင့်အတူ ခြံထဲဝင်လာပြီး…

'ဒါဆို ခြံထဲမှာ ခဏစောင့်၊ ကျွန်မ ရေနွေးကြမ်း သွားယူလိုက်ဦးမယ်'

ကျွန်မ အိမ်ထဲသို့ ရေနွေးကြမ်းအိုးနှင့် ပန်းကန်တွေ ယူလာသည်။

'ပန်းကန်ထဲတော့ ထည့်စားပါ ဒွန်းရယ်'

ဒွန်းက အပင်အကြီးကြီး အရိပ်အောက်တွင် ဝင်ထိုင်လိုက်သည်။ ကျွန်မကလည်း ဒွန်းနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ ဒွန်းက ကျွန်မ မျက်နှာကို တစ်ချက်ကြည့်၍…

'ရန်ကုန်သူတွေကတော့ ဒါမျိုး တောရဲ့အရသာကို ခံစားဖူးရဲ့လား မသိပါဘူးဗျာ၊ ကျုပ်ကတော့ တောရဲ့လွတ်လပ်ခြင်း၊ အေးချမ်းခြင်းတွေကိုပဲ ကြိုက်တယ်'



'အောင်မယ်… ကျွန်မလည်း ဒီလိုတောမှာ နေဖူးပါတယ်၊ အဲဒီတုန်းက…'

ကျွန်မအတွေးထဲမှာ လူကြီးတစ်ယောက်၏ မျက်နှာ ဝင်ရောက်လာတာကြောင့် စကားဆက်မပြောနိုင်တော့ချေ။ ကျွန်မ မျက်နှာပျက်သွား၍ ဒွန်းက…

'ကဲ… စား… ဆရာမ'

'အဲဒီတုန်းက ထားလိုက်ပါတော့၊ ကျွန်မ အခုသိပ် ဗျော်ပါတယ် ဒွန်းရယ်၊ အဲဒီတုန်းက ကျွန်မရင်မှာ ဒဏ်ရာတွေ အပြည့်နဲ့ပေါ့'

ကျွန်မ နာကျင်စွာ ပြောမိတော့ ဒွန်းက ဘာမှုမပြောဘဲ ငှက်၏အရိုးအကြီးတွေကိုဖယ်၍ အသားတွေခွာပေးပြီး ကျွန်မ ပန်းကန်ထဲ ထည့်ပေးသည်။

'အို… ဒွန်း စားပါ၊ ဒွန်း ပန်းကန်ထဲမှာ အရိုးတွေချည်းပဲ'

ကျွန်မက ဒွန်းပန်းကန်ထဲ ပြန်ထည့်ပေးတော့ ဒွန်း မျက်နှာက မှုန်ကုပ်သွားသည်။

'ဘာလဲ၊ ဆရာမက ကျုပ်လက်နဲ့ကိုင်ထားတာကို ရွံလို့လား'





www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး ဒွန်းရယ်၊ ကဲ…ကဲ… ကျွန်မ စားပြမယ်'

ကျွန်မက ဒွန်းကျေနပ်အောင် စားလိုက်သည်။ ကျွန်မ ပန်းကန်က ခဏလေးနှင့် ပြောင်သလင်းခါသွားတာမို့ ဒွန်းက သူ့အင်္ကျီထဲမှအထုပ်တစ်ထုပ်ကို ထပ်နှိုက်လိုက်သည်။ ဖွင့်လိုက်တော့ ကောက်ညှင်းပေါင်းတစ်ထုပ်…

'ကဲ… ရော့… ထပ်စား'

'အို… တော်ပါပြီ၊ ကျွန်မ ဝနေပြီ၊ တော်ကြာ တောရောက်မှ ပိန်မသွားဘဲ ဝပြီးအသားမည်းလာလို့ ရန်ကုန်ကလူတွေ မမှတ်မိဘဲ နေဦးမယ်၊ ဟင်း… ဟင်း'

ကျွန်မက ရယ်စရာအဖြစ် ပြောလိုက်ပေမယ့် ဒွန်းမျက်နှာက ခက်ထန်သွားသည်။

'ဒေါက်တာက ရန်ကုန်ပြန်ဦးမလို့လား'

'အလကား… ဟင်း… ဟင်း

ကျွန်မက ဒွန်းကိုကြည့်ပြီး ရယ်မောနေရင်းမှ ကျွန်မကို တစ်စုံတစ်ယောက် စိုက်ကြည့်နေသလို ခံစားမိတာကြောင့် လှမ်းကြည့်လိုက်မိသည်။ ကျွန်မကို စူးစိုက်ကြည့်နေသူကား…

♥ ♥ ♥ ♥ ♥

'ဟင်… ရဲတိုက်'

ခြံဝတွင် ရပ်နေသူကား ကျွန်မ လုံးဝမမျှော်လင့်ထားသော ရဲတိုက်ပင်ဖြစ်တော့သည်။ ကျွန်မရဲ့ လှုပ်ရှားမှုတွေရပ်တန့်သွားပြီး ကြက်သေသေသွားတော့သည်။

'ဆရာမ… ညွှန့်သည်'

နောက်မှ နန်းကြာပါ လိုက်လာသည်။

'ဟင်…'

နန်းကြာကလည်း ကျွန်မနှင့် ဒွန်း မျက်နှာချင်းဆိုင်ထိုင်နေတာကို အကြီးအကျယ် အံ့သြသွားပုံရသည်။ ကျွန်မသည် အလျင်စလို ထိုင်နေရာမှ ထလိုက်သည်။ ဒွန်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက် စားကောင်းဆဲ…။

'ဒွန်း… ကျွန်မ ညွှန့်သည်လာလို့ သွားလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com

ဒွန်းက မော့မကြည့်ဘဲ ခေါင်းညိတ်ပြသည်။ သူ့ဘာသာသူ အေးဆေးစွာ စားလျက်...

'ရဲတိုက်... လာလေ၊ အိမ်ထဲဝင်၊ နင်ဘယ်က ဘယ်လို'

ကျွန်မက အံ့ဩစွာမေးရင်း အိမ်ထဲသို့ခေါ်လိုက်သည်။ ဒွန်းက စားနေရာမှထပြီး မြင်းလှည်းပေါ်မှ ရဲတိုက်၏ အထုပ်တွေကို သွားယူလိုက်သည်။

'ဆရာမ... ဒါတွေကို အိမ်ထဲ ထည့်ထားလိုက်ရမလား'

'အေး... လောလောဆယ်တော့ အိမ်ထဲပဲ ထည့်လိုက်ပါ'

ရဲတိုက်ရဲ့အိတ်တွေကို ငိုက်စိုက် ငိုက်စိုက်နှင့် သယ်သွားသော ဒွန်းကိုကြည့်ပြီး ရင်ထဲမှာ စိတ်မကောင်းခြင်းများစွာ ဖြစ်ပေါ်လာရသည်။ ရဲတိုက်ကတော့ ကျွန်မရဲ့ခြံလေး ကျွန်မနှင့်ဒွန်းကို အကဲခပ်သလို ကြည့်နေသည်။

'နင့်ခြံလေးက သာယာလိုက်တာနော်'

ကျွန်မက ခေါင်းညိတ်ပြလိုက်သည်။

'အိမ်ထဲရောက်မှ စကားပြောကြတာပေါ့၊ နင် လိုက်





လာတာ ငါ အံ့ဩလို့ မဆုံးဘူး၊ ဒီလိုနေရာမျိုးကို နင်လိုက်လာလိမ့်မယ်လို့ ငါလုံးဝ မထင်ဘူး'

ကျွန်မက ရဲတိုက်၏ စိတ်ဓာတ်ကို သိရှိသူမို့ ပြောလိုက်သည်။

'နင့်ကို တွေ့ချင်တော့လည်း လာရတာပေါ့ဟာ၊ နင် ဒီနေ့ ဆေးရုံမသွားဘူးလား'

'နေ့ခင်းမှ သွားမလို့၊ ဒီနေ့ ဈေးနေ့လေ၊ ခဏနေရင် ဈေးသွားတော့မလို့'

ကျွန်မက ဆွဲခြင်းကိုကြည့်ပြီး ပြောသည်။ ရဲတိုက်ရဲ့ မျက်နှာမှာ မဲ့ပြုံးတစ်ခု ထင်ဟပ်သွားပြီး...

'ဪ... ငါရောက်လာလို့ အနှောင့်အယှက်ဖြစ်သွားပြီပေါ့၊ ဆောရီးဟာ'

ထိုစဉ်မှာပင် ဒွန်းက ဆွဲခြင်းကို ကောက်ကိုင်လိုက်သည်။

'ဆရာမ... ဧည့်သည်ကို ဧည့်ခံလိုက်ဦး၊ ကျုပ် ဈေးသွားပေးမယ်၊ မှာချင်တာ မှာလိုက်လေ'

အလိုက်သိသော ဒွန်းကြောင့် ကျွန်မ သက်သာရာရသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ ဒွန်းရယ်၊ လိုအပ်မယ်ထင်တာတွေ ဝယ်ခဲ့လေ၊ ပိုက်ဆံယူသွားဦး'

'မလိုပါဘူး ဆရာမရယ်၊ ကျွပ်မှာ ရှိတယ်၊ မြင်းလှည်းမောင်းထားတာ'

'အို… နေပါဦး ဒွန်း'

ကျွန်မက အိမ်ခန်းထဲဝင်ပြီး ပိုက်ဆံယူ၍ ထွက်လာတော့ ဒွန်းက မရှိတော့…

'ဟောတော်… ပိုက်ဆံယူသွားပါဆိုနေမှ'

'ထိုင်ပါဦး မှူးရယ်၊ နင်က ဘယ်လိုဖြစ်နေတာလဲ'

ရဲတိုက်က ကျွန်မကို ခပ်ဆတ်ဆတ် မေးလိုက်သည်။

'ဘာကို ဘယ်လိုဖြစ်ရမှာလဲဟ၊ မြင်တဲ့အတိုင်းပဲလေ'

'ကျွတ်… အဲဒီကောင်က ဘယ်သူလဲ'

'ငါ့ရဲ့ ဉယျာဉ်မှူးလေ'

'ဘာ…'

ရဲတိုက်က ကျွန်မကို စကားဆက်မပြောတော့ဘဲ ပြတင်းပေါက်နားမှာ သွားရပ်သည်။

'နေ့ခင်းကျမှ ငါနဲ့ ဆေးရုံလိုက်ခဲ့ပေါ့၊ လူနာကတော့ သိပ်မများပါဘူး'

'နင် ငါ့ကို တခြားပြောစရာစကား မရှိတော့ဘူးလား'

'ဘာကို ပြောရမှာလဲဟ'

ကျွန်မသည် အမှန်တကယ် နားမလည်စွာ မေးလိုက်မိသည်။

'ငါ နင့်ဆီကို စာတွေရေးတာ မရဘူးလား'

'ရပါတယ်၊ အဲဒါ ဘာဖြစ်လဲဟ'

'ဟာ… အဲဒီစာတွေ နင် ဘာဖြစ်လို့ မပြန်တာလဲ၊ ငါတို့မှာတော့ စိတ်ပူလိုက်ရတာ၊ နင် နေနိုင်လိုက်တာ မှူးရယ်၊ ဘာများဖြစ်နေပြီလဲလို့'

ရဲတိုက်စကားကြောင့် ကျွန်မတစ်ချက် ရယ်မောလိုက်သည်။

'ဒါများ ရဲတိုက်ရယ်၊ အရေးမကြီးဘူးထင်လို့ပေါ့'

ကျွန်မစကားကြောင့် ရဲတိုက်မှာ ဆတ်ဆတ်ခါနာကျင်သွားသည်။

'နင်က အရေးမကြီးလို့ ထင်တယ်ပေါ့ ဟုတ်လား နင်ဟာ အရင်မှူးမျက်ခြယ် မဟုတ်တော့တာ သေချာတယ်၊ နင်ဟာ လုံးဝပြောင်းလဲသွားပြီ မှူး'







www.burmeseclassic.com

www.burmeseclassic.com

ရဲတိုက်က ထိရှခံစားနေသော လေသံဖြင့် ပြောလေသည်။

'အေး... ပြောင်းလဲတာကတော့ ပြောင်းလဲမှာပဲ၊ ရဲတိုက်ရယ်... လူဆိုတာ အချိန်နဲ့အမျှ ပြောင်းလဲနေတာပဲ မဟုတ်လား၊ ငါလည်း ဒီလိုပဲပေါ့ဟာ၊ ငါ့ဘဝက ဒီလိုပြောင်းလဲလိုက်မှ ဖြစ်မှာကိုး'

ကျွန်မသည် အေးဆေးတည်ငြိမ်စွာ ရဲတိုက်ကို ပြန်ပြောသည်။

'ကျွတ်... ငါ နင်နဲ့စကားနိုင်လုဖို့ လာတာမဟုတ်ဘူး၊ ဟိုမှာ နင့်အတွက် ရန်ကုန်က လူကြုံပေးလိုက်တဲ့ခြင်း၊ နင့်ကို တွေ့ချင်လွန်းလို့ ရန်ကုန်ကလာတဲ့လူကို စိတ်ညစ်အောင် မလုပ်ပါနဲ့ မှူးရယ်'

'ဟုတ်ပြီလေ၊ အခု ငါ ဘာလုပ်ပေးရမှာလဲ'

'အခုလောလောဆယ် ငါ ရေချိုးချင်တယ်၊ သိပ်ပင်ပန်း ညစ်ပတ်နေပြီ'

'ဒါဆို စဥ့်အိုးထဲမှာ ရေရှိတယ်၊ သွားချိုးလေ'

ခဏနေတော့ ရဲတိုက်ရဲ့ တဗွမ်းဗွမ်းရေချိုးသံကို ကြားရသည်။ ကျွန်မသည် စိတ်ထဲမှ ရေတွေတော့ အတော်ကုန်နေပြီ

ဟု တွေးမိသည်။ ဒီရေတွေကို ဒွန်းခများ တောင်အောက်ကနေ ပင်ပင်ပန်းပန်း ထမ်းထားတာကြောင့် ကျွန်မတောင် သိပ်မချိုးရက်ချေ။ ရေဆွဲရသည့်ဒုက္ခကို ကျွန်မ သိသည်လေ။

ရဲတိုက် ရန်ကုန်မှရောက်လာ၍ ပျော်မိသည်။ ကျွန်မကို ဂရုစိုက်ဖော်ရ၍ ကျေနပ်မိပါသည်။ သို့သော် ထူးဆန်းစွာပင် စိတ်ရှုပ်ထွေးခြင်းကို ခံစားရသည်။

ခဏနေတော့ ဒွန်း ဈေးမှပြန်ရောက်လာသည်။ ကျွန်မ မီးမွေး၍ ထမင်းချက်ရန် ပြင်နေတာကိုတွေ့တော့ ဒွန်းက အတင်းဖယ်ခိုင်းပြီး ဝင်ချက်ပြန်သည်။

'ဆရာမ... ဟင်းရွက်တွေပဲ လုပ်လိုက်ပါ၊ ကျုပ်ချက်ပါ့မယ်'

'ဖယ်ပါ ဒွန်းရယ်၊ ကျွန်မ ချက်ပါ့မယ်'

ဒွန်းက မဖယ်ပေး။ ရဲတိုက်ကတော့ ကျွန်မတို့ကို မျက်စိကြီးပြူး၍ ကြည့်နေသည်။

'မှူး... ငါတို့ ဆေးရုံသွားရအောင်'

'အေးလေ၊ သွားမှာပါ၊ နင်လည်း ဆေးရုံမှာပဲ တည်းမှာ၊ ဒီအိမ်မှာက ငါတစ်ယောက်တည်းနေတာ မသင့်တော်ဘူးလေ'

www.burmeseclassic.com



'အဟော်... ဟော်... မသင့်တော်ဘူးတဲ့လား'

ရဲတိုက်အသံက ခနဲ့ချင်သည့်လေသံနှင့် ဖြစ်တာကြောင့် ကျွန်မ ဘာမှပြန်မပြောမိတော့ချေ။

'ထမင်းစားပြီးမှ ဆေးရုံသွားကြတာပေါ့၊ ဒါနဲ့ ငါ့မေမေ နေကောင်းလား ရဲတိုက်'

'အေး... လူကတော့ ကောင်းပါတယ်၊ စိတ်ကတော့ နင့်ကို လွမ်းဖျားလွမ်းနာကျနေတယ်'

ကျွန်မနှင့်ရဲတိုက် အိမ်ရှေ့တွင် အေးအေးသာသာ စကားပြောနေပြီး ဒွန်းက နောက်တွင် ထမင်းဟင်းချက်နေတာကြောင့် ကျွန်မ တော်တော်အားနာနေမိသည်။

'နင် အသားတွေညိုသွားတယ် မှုံး'

'ငါ ဒီမှာနေသားကျနေပြီ ရဲတိုက်ရဲ့၊ ဒါနဲ့ နင် အွန် ဘယ်နှစ်ရက်ရလဲ'

'ဘာလဲ၊ နင်က ငါ့ကို ပြန်စေချင်နေပြီလား'

ရဲတိုက်က ကျွန်မမေးသမျှကို အကုန် ဘုကလန့်ပြဲ ဖြေနေသည်။

'ရဲတိုက်... နင့်ကိုယ်နင် ပြောင်းလဲသွားတယ်လို့ မထင်ဘူးလား'





'ငါ...'

'ဟုတ်တယ်လေ၊ အရင်က နင့်လောက်လူကြီးဆန်တည်ငြိမ်တာ နင်ပဲရှိတယ်လေ၊ အခုတော့ တဆိတ်ဆို စိတ်တိုစိတ်ဆတ်နေပါလား၊ နင့်ပုံစံက'

ကလေးဆိုးကြီးလို ဖြစ်နေတယ်ဟု ကျွန်မ ဆက်မပြောတော့ဘဲ ငြိမ်သက်နေလိုက်သည်။ ကျွန်မသည် ရဲတိုက်ကို အခုချိန်မှာ သူငယ်ချင်းအရင်းတစ်ယောက်လိုသာ ခင်မင်မိတာမို့ လွတ်လပ်ပွင့်လင်းစွာ ပြောလိုက်သည်။

ရဲတိုက်က ကျွန်မကို စူးစိုက်ကြည့်လိုက်ရင်း...

'ငါဘာလို့ ပြောင်းလဲသွားတာလဲလို့ နင်ထင်လဲ'

'နင်ပြောမှ သိမှာပေါ့'

'ငါ...'

ရဲတိုက်က တစ်စုံတစ်ရာကိုပြောရန် အားယူလိုက်စဉ်မှာပင်...

'ဆရာမ ထမင်းစားလို့ ရပါပြီ'

ဒွန်း၏အသံက ထွက်ပေါ်လာသည်။

'အေး... ရဲတိုက် လာလေ၊ ထမင်းသွားစားရအောင်၊ နင်ပါ ဝင်စားလေ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ထိုင်ရာမှ သွက်လက်စွာထ၍ နောက်ဖေးသို့ ထွက်လာခဲ့သည်။ ယခုမှပင် အသက်ရှူချောင်တော့သည်။

နင် ဘာပြောမလို့လဲဆိုတာကို ငါကောင်းကောင်း ရိပ်မိပါတယ် ရဲတိုက်ရယ်…။ ကျောင်းတက်တုန်းက အဲဒီ စကားတစ်ခွန်းကို အရူးအမူး ကြားချင်ခဲ့တာလည်း မှန်ပါတယ်၊ အခုတော့ ငါ မကြားချင်တော့ပါဘူးဟာ။ အဲဒီတုန်းက ငါ အရူးထခဲ့တာကို နင် ဘာမှ မခံစားစေချင်ပါဘူး ရဲတိုက်ရယ်။

ကျွန်မသည် စိတ်ထဲမှ ရဲတိုက်ကို တောင်းပန်လိုက်မိတော့သည်။ ရဲတိုက်…။

နင်နဲ့ငါဟာ သူငယ်ချင်းမှ အခင်ဆုံး သူငယ်ချင်းတွေပဲ ဖြစ်သင့်ကြတဲ့ လူနှစ်ယောက်ပါဟာ။ ကျွန်မ ရဲတိုက်၏ မျက်ဝန်းတွေကို အဓိပ္ပာယ်မဖွင့်ဆိုချင်တော့ပါ။

လူသည် အခြေအနေနှင့်အချိန်အခါကိုလိုက်၍ ပြောင်းလဲတတ်သည် မဟုတ်ပါလား။

♥ ♥ ♥ ♥ ♥

ဒွန်းက ရဲတိုက်ရဲ့ အိတ်တွေကိုယူပြီး မြင်းလှည်းပေါ် တင်လိုက်သည်။





'ကျုပ် မြင်းလှည်းနဲ့ပဲ သွားတာပေါ့ ဆရာမ'

'ရပါတယ် ဒွန်းရယ်၊ ခြံထဲမှာပဲ လုပ်စရာရှိတာ လုပ်ပါ'

'ကျုပ် ပို့ချင်လို့'

ဒွန်းက စကားကို ခပ်ပြတ်ပြတ်ပြော၍ လှည်းပေါ် တင်လိုက်သည်။ ရဲတိုက်ကတော့ မကျေမနပ်မျက်နှာနှင့်လှည်း ပေါ်ပါလာသည်။

'ထမင်းစားလို့ ကောင်းရဲ့လား ရဲတိုက်'

ကျွန်မက စကားလမ်းကြောင်းလွှဲရန် ကြိုးစားလိုက်ကာမှ ပိုဆိုးသွားသည်။ ရဲတိုက်၏မျက်နှာက ရှုံ့မဲ့ပြီး…

'နင့်ထမင်းတွေကဖြင့် ကျောက်ခဲ…'

'ငါကလည်း ဒီလိုပဲ စားနေကျ ရဲတိုက်ရဲ့၊ ကြာတော့ အကျင့်ဖြစ်သွားမှာပေါ့၊ ငှက်သားရောဘယ်လိုနေလဲ၊ အဲဒါ ဒွန်း ကြပ်တင်ထားတဲ့ဟာတွေ ထင်တယ်'

'မျိုလို့တောင် မကျဘူး'

'ရဲတိုက်ရယ်… နင်ဟာကလည်း စကားအကောင်း တစ်ခွန်းမှလည်း အကောင်းမပြောပါလား၊ ငါ ဘာလုပ်ပေးရမလဲ မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက အိမ်ရှင်အနေနှင့် လိုက်လျောသည်းခံပြီး ပြောနေရပေမယ့် တဖြည်းဖြည်းနှင့်တော့ စိတ်ကတိုစပြုလာပြီ ဖြစ်သည်။

'အကောင်းဆုံးကတော့ နင် ရန်ကုန်ပြန်လိုက်ခဲ့ဖို့ပဲ မှူး'

'ဟ… ပြန်ချင်တိုင်း ပြန်လို့မရဘူးလေ၊ duty is duty (တာဝန်ကတာဝန်)ပဲလေ၊ နင် သဘောပေါက်ပါတယ်'

ဒီတော့မှ ကျွန်မ ပြန်လိုက်သွားမှာကို စိုးရိမ်တကြီး လှည့်ကြည့်နေသော ဒွန်းသည် ရှေ့သို့ပြန်လှည့်သွားသည်။ ဒွန်းကလည်း ကျွန်မအပေါ် သံယောဇဉ်တွေ ကြီးမားနေပြီ ထင်ပါရဲ့။ ကျွန်မ အနည်းငယ် စိတ်ကျဉ်းကြပ်သလို ခံစားရသည်။

'ဘာလဲ၊ နင်က ဒီမှာပဲ တစ်သက်လုံးနေသွားတော့ မလို့လား'

'ဒါကတော့ အခြေအနေအရပေါ့'

ကျွန်မသည် ရင်ထဲမှ လှိုက်ခံစားချက်တစ်ခုကြောင့် ဒီအရပ်ဒေသမှာ နေရခြင်းဖြစ်သည်ဆိုတာကို ကျွန်မကလွဲ၍ ဘယ်သူမှ မသိနိုင်။





'နင်ဟာ… ငါ… နင့်ကို နားမလည်နိုင်တော့ဘူး မှူး'

ကျွန်မ ရဲတိုက်ကို ဘာမှပြန်မပြောမိ။ ရဲတိုက်၏ မျက်နှာမှာ ဒေါသဖြစ်ခြင်း၊ အားမလိုအားမရဖြစ်ခြင်း စသဖြင့် အငွေ့အသက်ပေါင်းစုံ ခံစားချက်ပေါင်းစုံ ယှက်သန်းနေသည်။

'နင်နဲ့ငါ ဒီကိစ္စကို အကျေအလည် ဆွေးနွေးရမယ် မှူး'

'အေးပါဟာ၊ ဒီနေ့တော့ အေးအေးဆေးဆေး အနား ယူလိုက်ဦး'

စကားပြောရင်းဆိုရင်းဖြင့် ဆေးရုံရှေ့သို့ ရောက်လာ ပြန်သည်။ ဒွန်းက ထုံးစံအတိုင်း-မြင်းလှည်းပေါ်မှ လွှားခနဲ ခုန်ဆင်း၍ ရဲတိုက်၏အထုပ်အပိုးတွေကို ယူပြန်သည်။ ရဲတိုက် ကတော့ အေးဆေးပင်။ သူ့ပစ္စည်းတွေမဟုတ်သည့်အလား။ မြင်းလှည်းပေါ်မှ ကျော့ကျော့မော့မော့ ဆင်းသည်။

ကျွန်မမှာ ရဲတိုက်ကို စိတ်အနှောင့်အယှက်ဖြစ်စွာ အားမရစွာကြည့်ရင်း…

'ရဲတိုက်…နင့်အိတ်တွေ နင်သယ်ဦးလေ၊ ယောကျ်ား ဖြစ်ပြီး…'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… သယ်မယ့်လူရှိနေတာပဲ၊ ငါ တစ်လမ်းလုံး ပင်ပန်းလာတာ'

'ပင်ပန်းလာတာနဲ့ပဲ အထုပ်တွေအသယ်တော့ဘူးလား၊ ဒီမှာ ရဲတိုက်… ဒွန်းက နင့်ကူလီ မဟုတ်ဘူးနော်'

ကျွန်မရဲ့ ပြောင်ကျပြီး ပွင့်လင်းလွန်းသော စကားကြောင့် ရဲတိုက်မျက်နှာ ရဲခနဲဖြစ်သွားသည်။

'ရပါတယ် ဆရာမ၊ ကျုပ် နိုင်ပါတယ်'

ဒွန်းက ဝင်ပြောတာကြောင့် ကျွန်မ မျက်စောင်းထိုး၍

'ရှင်ဝင်မပြောနဲ့ ဒွန်း၊ အဲဒီအထုပ်တွေ တစ်ခုမှမသယ်နဲ့၊ ပြန်ချထား၊ ကျွန်မ စကားနားမထောင်ရင် နောက် ကျွန်မအိမ်မလာနဲ့'

ကျွန်မက ဒွန်းကိုပါ စိတ်တိုပြီးပြောလိုက်သောစကားကြောင့် ဒွန်းသည် မျက်နှာတစ်ချက်မပျက်ဘဲ အိတ်တွေပစ်ချ၍ မြင်းလှည်းပေါ် သွားတက်ထိုင်သည်။ ရဲတိုက်မျက်နှာမှာတော့ စိတ်ရှုပ်စိတ်အိုက်ခြင်းတွေ ပြည့်နှက်နေသည်။

'ကဲ… ရဲတိုက်၊ နင့်အိတ် နင်သယ်တော့၊ နင့်ကို ငါရှင်းရှင်းပဲ ကြိုပြောထားမယ်၊ ဒွန်းဟာ ငါ့အိမ်က အလုပ်သမားလည်း မဟုတ်ဘူး၊ စေတနာနဲ့ လာကူညီပြီး လုပ်ကိုင်



ပေးနေတာ၊ ဒီတော့ နင် ခိုင်းလို့မရဘူး'

ရဲတိုက်ကို ပြောရင်းမှ ဒွန်းဘက်သို့ လှည့်ရင်း…

'ဒွန်း… ရှင်လည်း ပြန်တော့'

'ဟုတ်ကဲ့ ဆရာမ၊ ညနေ မြင်းလှည်းနဲ့ လာကြိုရဦးမလား'

'မလိုဘူး၊ လမ်းလျှောက်လာမယ်၊ ကျွန်မကိုလည်း မစောင့်နဲ့၊ ခြံသော့ခတ်ပြီး အိမ်ပြန်နှင့်ပါ'

ဒွန်းသည် အမိန့်နာခံသော စက်ရုပ်တစ်ရုပ်ပမာ မြင်းလှည်းကို မောင်း၍ ထွက်သွားသည်။ ဒွန်းရင်ထဲမှာ ကျွန်မနှင့်ပတ်သက်ပြီး သံသယစဉ် အတိမ်အနက် ဘယ်လောက်ရှိလဲဆိုတာ ခန့်မှန်း၍ ရသည်။ တော်ပြီ၊ ဒီသံသယစဉ်တွေ ဘာတွေ အမြန်ဖြတ်မှ ဖြစ်မည်။

'ရဲတိုက်… နင်ဘာကြည့်နေတာလဲ'

'နင်တို့ရဲ့ လွမ်းမောဖွယ်ကောင်းတဲ့ ဇာတ်လမ်းကိုလေ'

'နင်အဲဒါတွေပြောဖို့ လာတာလား၊ ဟိုမှာ အထုပ်တွေ သွားယူ၊ ငါလည်း ကူဆွဲပေးမယ်'

ကျွန်မက ရဲတိုက်ကို ခပ်မာမာပြောရင်း အထုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



သွားဆွဲလိုက်သည်။ ကျွန်မ စိတ်ထဲမှာ ဒွန်းနှင့်ယှဉ်လိုက်လျှင် ရဲတိုက်ဟာ တဆိတ်ပျော့ညံ့လွန်းသည်ဟု ထင်မိသည်။

အေးလေ... အလုပ်ကြမ်းလုပ်သည့်လက်နှင့် ဆေးထိုးအပ်ကိုင်သည့်လက်တော့ ဘယ်တူပါ့မလဲလေ။

ဘာပဲဖြစ်ဖြစ် ရဲတိုက်ဟာ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းသာဖြစ်သည်။ ဟိုအရင်တုန်းက ငယ်သည့်စိတ်နှင့် တဖွတ်ထိုး ရဲတိုက်နောက်မှာ အရိပ်လိုကပ်ပါခဲ့သည့် ဖြစ်ရပ်များကယခုတော့ ကျွန်မကို မျက်နှာပူ ရှက်ရွံ့စေပါသည်။

ရဲတိုက်က သူ့အိတ်တွေကို ဆေးရုံထဲရှိ အခန်းတစ်ခန်းထဲတွင် နေရာချပေးတော့ မျက်နှာကို ရှုံ့မဲ့သွားသည်။

'ဟင်... ငါက လူနာခန်းထဲမှာ အိပ်ရမှာလား၊ ဆရာဝန်စစ်စစ်ကနေ လူနာတော့ ဖြစ်ရတော့မယ်'

'လူနာဖြစ်လည်း ဘာဖြစ်လဲ၊ ငါကုပေးမှာပေါ့'

ကျွန်မက ရယ်မောရင်းပြောလိုက်တော့ ရဲတိုက်၏ မျက်လုံးတွေ တောက်ပလာသည်။

'နင် တကယ်ပြောတာလား မှူး'

'အိုး...တကယ်ပေါ့၊ သူငယ်ချင်းတွေပဲလေ၊ ကျောင်းတုန်းကပြောသလိုပေါ့ ကိုယ့်ချင်းကိုယ်ချင်းလေ... ဟင်း...'





ရဲတိုက်က ဘာမှဆက်မပြော။ ငြိမ်သက်သွားသည်။

'ကဲ... ရဲတိုက်၊ ငါရုံးခန်းကို ခဏသွားလိုက်ဦးမယ်'

'ငါလည်း လိုက်မယ်'

ကျွန်မက လူနာတွေရဲ့ရှေ့မှာ ရဲတိုက်နှင့် တွဲလျှောက်ရမှာကို တစ်မျိုးဖြစ်မိသည်။

သူနာပြုဆရာမလေး နော်အဲမူကလည်း ကျွန်မတို့ကို လှမ်းကြည့်နေသည်။ ကြည့်... ကြည့်ချင်စရာပါ။ ရန်ကုန်သား ရဲတိုက်သည် စတိုင်ပန်လ်ကာကီရောင်ဖျော့ဖျော့လေးနှင့် အင်္ကျီအဖြူပေါ်မှာ ကာကီရောင် အစင်းလေးတွေပါသော ရှပ်အင်္ကျီလက်စကကို ဝတ်ဆင်ထားသည်။ ဖြူသန့်နေသော အသားအရေနှင့် သေချာပုံသွင်း၍ ညှပ်ထားသော ဆံပင်တို့က ဂျယ်ဖြင့် ပုံကျနေသည်။

ရဲတိုက်ပုံစံက တကယ့်ကို ကိုရီးယားမင်းသားပုံစံနယ်။ ကျွန်မက ရဲတိုက်ကို တစ်ချက်မျက်စောင်းထိုး၍ ကြည့်လိုက် ပြီး...

'ရဲတိုက်... နင့်ပုံစံကလည်း မင်းသားတောင်ရှုံးတယ်၊ အားလုံးဝိုင်းကြည့်နေကြပြီ'

'ဟ... ငါက အရင်ကတည်းက ဒီလိုပဲနေတာပဲဟာ၊

www.burmeseclassic.com



နင်သာ အဲမြင်တွေပြောင်းကုန်တာ မှုူးရဲ့၊ တောမှာနေပြီး'

'ဘာတောလဲ၊ မြို့ပါ၊ ဘယ်လောက်အေးချမ်းတဲ့ မြို့လေးလဲ၊ ဒီမှာ နင် ငါ့နောက်လျှောက်လိုက်မနေနဲ့၊ ရုံးခန်းထဲမှာ ပဲနေ'

'ကောင်းပါပြီ ဆရာမ'

ရဲတိုက်က နောက်သလိုပြောလိုက်တော့ ကျွန်မရယ်မောမိသွားသည်။ အခုမှ ငယ်ဘဝကို ပြန်ရောက်သွားသလိုလို။

ထိုစဉ်မှာပင် နော်အဲမူက အခန်းဝမှနေ၍…

'ဒေါက်တာ… ကျွန်မ ဝင်လာမယ်နော်'

'ဩော်… မနော် လာလေ'

နော်အဲမူနှင့် ရဲတိုက်ကို မိတ်ဆက်ပေးလိုက်သည်။

'ရဲတိုက်… ဒါ ငါတို့ဆေးရုံက သူနာပြု ဆရာမလေးနော်အဲမူတဲ့၊ မနော်… ဒါ ဆရာမသူငယ်ချင်း ဒေါက်တာနေရဲတိုက်တဲ့'

ကျွန်မမိတ်ဆက်ပေးမှုကြောင့် အပြန်အလှန် နှုတ်ဆက်ကြသည်။ မနော်က ကျွန်မကို တစ်ချက်ကြည့်၍ ပြုံးဖြီးဖြီးဖြင့်

'ဆရာမက ရန်ကုန်မှာ လွမ်းစရာမရှိဘူး၊ မရှိဘူးနဲ့ ခုတော့… ကြည့်'





'အို… မနော်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မတို့က ကျောင်းတုန်းကတည်းက သူငယ်ချင်းတွေ၊ အခု သူက လမ်းကြုံလို့လာတာ'

မနော်က ကျွန်မနှင့် အတော်ရင်းနှီးနေ၍ စတာဖြစ်ပေမယ့် ကျွန်မက ခပ်တင်းတင်း ပြောလိုက်တော့ ဘာမှ ဆက်မပြောရဲတော့ဘဲ ရဲတိုက်ကို နှုတ်ဆက်၍ အခန်းထဲမှ ထွက်သွားသည်။

ကျွန်မနှင့်ရဲတိုက် နှစ်ယောက်သာရှိသော အခန်းလေးမှာ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်…

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ စက်ဘီးလေးဖြင့် အိမ်ပြန်သွားတော့ ခြံတံခါးဝ အရောက်မှာ အံ့သြမင်သက်သွားရသည်။

'အို...'

နံနက်ခင်းက ပြောင်သလင်းခါနေသော မြေကြီးသည် ယခု ပန်းပင်ပေါက်လေးတွေ ဝေဝေဆာဆာနှင့်ပါလား။ ကျွန်မရဲ့ ခြံတံခါးအဝင်အဝမှာလည်း ဆင်ဝင်လိုပုံစံမျိုးနှင့် ပန်းတွေကို တွဲလောင်းချထားသည်။ အိမ်အဝင်ဝမှာလည်း သစ်ခွပန်းအိုးတွေ တွဲလောင်းချထားသည်။ ကျွန်မသွားတဲ့အချိန်လေး အတွင်းမှာ ဒီလောက်ပြုပြင်ဖန်တီးထားနိုင်သည့်အတွက် ဒွန်းကို ကျေးဇူးလည်းတင် ချီးလည်းချီးကျူးမိသည်။

'ဆရာမ... ဘာငေးတာလဲ'

စက်ဘီးရပ်ပြီး ငေးနေသော ကျွန်မကို ဒွန်းအသံက နောက်မှ ခေါ်သံထွက်ပေါ်လာသည်။





'ဒွန်းရယ်...'

ကျွန်မ နောက်သို့ လှည့်ကြည့်လိုက်တော့ မြေကြီးတွေနှင့် ညစ်ပတ်ပေရေပြီး အပင်တွေကိုင်ထားသော ဒွန်းကို တွေ့ရသည်။

'ကျွန်မဖြင့် အံ့သြလိုက်တာ၊ ဒီလောက်အချိန်လေး အတွင်းမှာ ဒီလောက်ပြုပြင်နိုင်တာကို'

'မအံ့သြပါနဲ့ ဆရာမရယ်၊ ဒါ ကျုပ်ရဲ့ စေတနာပါ၊ ကဲ... ကဲ... ကျုပ်ကို စက်ဘီးပေး'

ဒွန်းက အပင်တွေပစ်ချ၍ ကျွန်မစက်ဘီးကို ယူတွန်းကာ ခြံထဲသို့ ဝင်သွားသည်။ ကျွန်မသည် နေလောင်ထားသော ကြောင့် ညိုမောင်းနေသည့် ဒွန်း၏ ကျောကုန်းကိုကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးခံစားရသည်။ ဒွန်းသည် အပေါ်ပိုင်း ကိုယ်ဗလာကျင်း၍ ပုဆိုးတိုတိုဝတ်ပြီး အလုပ်ဆက်လုပ်နေသည်။

'ဒွန်း... ခဏနားပါဦးလား'

'မနားတော့ဘူး ဆရာမ၊ ကျုပ်...ဒီနေ့ ဒီခြံကို အပြီးလုပ်မှာ'

'အလျင်စလို မလိုပါဘူး ဒွန်းရယ်၊ ဒီမှာ ကော်ဖီလာ သောက်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန့်မက ကော်ဖီနှစ်ခွက်ဖျော်ပြီး ဒွန်းကိုခေါ်လိုက်သည်။

'ဆရာမ ညွှန့်သည်ရောအဆင်ပြေရဲ့လား'

'ပြေပါတယ် ဒွန်းရယ်၊ ဒါပေမယ့် သိတယ်မဟုတ်လား၊ သူက မြို့ကြီးသားဆိုတော့ အဟင်း…'

ဒွန်းက ကျွန့်မကို စိုက်ကြည့်သည်။ ဒွန်းအကြည့်ကြောင့် ကျွန့်မစိတ်ထဲမှာ တစ်မျိုးဖြစ်သွားရသည်။ ဒွန်းက ကျွန့်မကို အမြဲရိုရိုသေသေဆက်ဆံပြီး ဒီလိုတစ်ခါမှ မျက်ဝန်းချင်းဆုံအောင် မကြည့်ပေ။

ကျွန့်မသည် လှုပ်ရှားနေသော နှလုံးသားကို တည်ငြိမ်အောင် မနည်းထိန်းလိုက်ရသည်။

'ဆရာမကို သူက လာခေါ်တာ မဟုတ်လား'

'ကြုံကြုံဖန်ဖန် ဒွန်းရယ်၊ သူခေါ်တိုင်း ကျွန့်မကလိုက်ရမှာလား၊ ကျွန့်မ ဒီမှာ တာဝန်တွေ ရှိသေးတယ်လေ'

ကျွန့်မရဲ့ အပြောစကားကြောင့် ဒွန်းက ကျေနပ်သွားဟန်ဖြင့် ငြိမ်သက်သွားသည်။

'ကော်ဖီသောက်ဦးလေ ဒွန်း'

'ဆရာမက ကော်ဖီကြိုက်လား'





'ဆိုပါတော့ ဒွန်းရယ်၊ အမြဲတမ်းတော့လည်း မသောက်ပါဘူး၊ အခု ရဲတိုက်ပါလာလို့လေ'

'သြော်… အင်း… ဆရာမခြံဝိုင်းနောက်ဘက်မှာ ကျုပ် ကော်ဖီပင်တွေ စိုက်ပေးဦးမှပါပဲ'

ဒွန်းက ခပ်လေးလေးပြောသည်။ ဒွန်းပြောလိုက်သည့်စကားမှာ အဓိပ္ပာယ်တစ်စုံတစ်ရာပါနေမှန်း ကျွန့်မ သိပေမယ့် မသိချင်ယောင်ဆောင်ကာ…

'သြော်… ဒီမြေမျိုးမှာလည်း ကော်ဖီပင်စိုက်လို့ဖြစ်လား'

'ဖြစ်တာပေါ့ ဆရာမကလည်း၊ ဖြစ်အောင်လုပ်ရင်ဖြစ်ပါတယ်၊ ကဲ… ကဲ… ဆရာမ နားလိုက်ပါဦး၊ ကျုပ် အလုပ်ဆက်လုပ်လိုက်ဦးမယ်'

ဒွန်းက ကျွန့်မ၏ ကော်ဖီခွက်ရော သူ့ကော်ဖီပန်းကန်ပါယူပြီး ဆေးရန်ထတော့ ကျွန့်မက အတင်းဆွဲလုပြီး…

'အို… ဒွန်းကလည်း ကျွန့်မဆေးမှာပေါ့၊ ပေး… ပေး'

'ဆရာမ သွားနားပါ၊ ကျုပ်ဆေးပါမယ်၊ ညကျရင်လည်း စာသင်သွားရဦးမယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ညကျလျှင် ဆရာလေးဦးအောင်သစ်တို့ခြံမှာ နန်းကြာတို့ ဆယ်တန်းတွေကို စာသင်ပေးရန် ရှိသည်ကို သတိရလိုက်သည်။

'ဒါဖြင့် ကျွန်မ သွားနားလိုက်ဦးမယ်နော်'

'ဟုတ်ကဲ့ ဆရာမ၊ ကျုပ် ခြံထဲမှာပဲ ရှိမယ်နော်'

ကျွန်မသည် သစ်လုံးအိမ်တံခါးလေး အသာစေ့၍ ခေတ္တလဲလျောင်းလိုက်သည်။

ဒီတစ်ခါတော့ ကျွန်မစိတ်ထဲတွင် ရန်ကုန်ကို သတိရမိသည်။ ရဲတိုက်ရောက်လာတာကြောင့်လည်းဖြစ်သည်။ အထူးသဖြင့် အိမ်ဖော်တွေနှင့် ကျန်ရစ်ခဲ့သော မေမေ့ကိုပါ။ စိန်ရောင်ဂုဏ်ရောင်အမြဲပြောင်လက်ခဲ့သော မေမေသည် ယခု ဘယ်သို့ရှိအံ့မည်နည်း။

ဖေဖေဆုံးသွားပြီးကတည်းက မေမေနှင့်ခွဲခွာရတာ နှစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။ မေမေကတော့ အနေအစားမပျက်အလှမပျက်ပါ။ သမီးဖြစ်သောကျွန်မကိုလည်း ဆရာဝန်ဖြစ်ခဲ့၍ အမြဲတစေ ဂုဏ်ယူနေတတ်သည်။

ကျွန်မကိုလည်း ရန်ကုန်မှာနေပြီး အထူးကုဆရာဝန်မကြီးသာ ဖြစ်စေလိုသည်။ သို့သော် ကျွန်မကား…။ ခွင့်လွှတ်





ပါ မေမေ။ သမီးဟာ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ ခံစားရလို့ အပြစ်ကြွေးတွေကျေအောင် ဆပ်ရဦးမည်။

အပြစ်ကြွေး…။

ကျွန်မသည် ခေါင်းအုံးအောက်မှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်သည်။ ရှစ်နှစ်သား ကလေးငယ်လေးတစ်ယောက် ပြုံးရွှင်ရယ်မောနေပုံဖြစ်သည်။ ဒီကလေးကို တွေ့အောင်ရှာရမည်။ သို့ပေမယ့် အခုချိန်မှာ ဒီဓာတ်ပုံထဲက ကလေးသည် ဘယ်အရွယ်တောင် ရှိပြီလဲ။ ဘယ်လိုရှာရမလဲ။

ကျွန်မ စိတ်မောစွာ သက်ပြင်းချလိုက်မိတော့သည်။ သို့သော် ဘယ်လောက်ပဲ ခက်ခဲခက်ခဲ ကျွန်မ တွေ့အောင်ရှာရမည်။ သို့မှသာ ကျွန်မရဲ့အပြစ်အကြွေးတွေ တချို့တဝက် ကြေပျောက်သွားမည်ဖြစ်သည်လေ။ ဒါဟာ ကျွန်မရဲ့ ဘယ်တော့မှ မပြောင်းလဲတဲ့ဆုံးဖြတ်ချက်ဖြစ်သည်။

'ဆရာမ… ဆရာမ'

အိမ်တံခါးကိုလာထုမှပင် ကျွန်မ ထခဲ့သည်။ နန်းကြာတ အိမ်အဝမှာ လွယ်အိတ်ကလေးပိုက်၍ ရပ်နေသည်။

'နန်းကြာ အိမ်ထဲဝင်ခဏစောင့်နော်၊ ဆရာမ မျက်နှာသစ်လိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

ကျွန်မ ယူစရာရှိတာတွေယူပြီး နန်းကြာစက်ဘီးနှင့် ဦးအောင်သစ်တို့အိမ်သို့ ထွက်ခဲ့သည်။ ဒွန်းကတော့ ပြန်သွားလောက်ပြီ ထင်ပါရဲ့။

'ဆရာမ… မြို့က ဦးဦးက မင်းသားလား၊ အရမ်းချောတာပဲ'

နန်းကြာက ရဲတိုက်ကို စပ်စုလိုက်ခြင်းဖြစ်သည်။ ကျွန်မက ရယ်မောရ၍…

'မဟုတ်ပါဘူး သမီးရယ်၊ သူလည်း ဆရာဝန်ပါ'

'ဟင်… ဆရာဝန်ဆိုပြီး ဘာလို့ဒီမှာ ဆေးလာမကုတာလဲ၊ ဒီမှာ ဆရာဝန်လိုနေတာပဲ၊ ရန်ကုန်မှာက ဆရာဝန်တွေ အများကြီးဆို'

နန်းကြာစကားကို ကျွန်မမှာ အပြောခက်သွားပြီး ပြုံးနေလိုက်မိသည်။

ဦးအောင်သစ်အိမ်က မီးစက်မောင်းထား၍ လင်းထိန်နေသည်။

'ဒေါက်တာ လာလေ၊ ကလေးတွေက စောင့်နေကြတာ၊ ကျွန်တော်က လာမယ်တောင် မထင်ဘူး'





ဦးအောင်သစ်ဆီက ဆီးကြိုပြောလိုက်တာကြောင့် ကျွန်မ ပြုံးလိုက်မိသည်။

'လာရမှာပေါ့ရှင်၊ ကျွန်မက တာဝန်ယူထားတာပဲ၊ ကဲ… ကဲ… နောက်မှ စကားပြောကြတာပေါ့၊ စာသင်လိုက်ဦးမယ်'

ကျွန်မက စကားဖြတ်၍ ကလေးတွေကို စာသင်ရန် ပြင်လိုက်သည်။ ကျွန်မက ဆရာဦးအောင်သစ်ကျောင်းတွင် ဓိဝဗေဒနှင့် အင်္ဂလိပ်စာကို အဓိကသင်ပေးသည်။ ကျွန်မက စာကို စိတ်ပါဝင်စားစွာ သင်ပေးမိသည်။ ခဏနားတော့…

'ဆရာမ ကော်ဖီသုံးဆောင်ပါဦး'

'ဪ… ရပါတယ် ဆရာရယ်'

'ဒါနဲ့ ဆရာမသြေ့သည် ရောက်နေတယ်ဆို၊ ရန်ကုန်က ထင်တယ်'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်မ သူငယ်ချင်းပါ၊ နောက်နေ့မှ ဆရာ့ကျောင်းကို အလည်ခေါ်ခဲ့ရဦးမယ်'

ကျွန်မက အန္တေးထည်အင်္ကျီကို ဆွဲစေ့ရင်း ပြောလိုက်သည်။ ကလေးတွေ စာကျက်နေတာကို ကြည့်ပြီး…

'ကဲ… ကဲ…မှောင်လည်းမှောင်ပြီ၊ ကလေးတို့ စာ



www.burmeseclassic.com

www.burmeseclassic.com

ဆက်ကျက်ကြနော်၊ ဆရာမ ပြန်မယ်၊ နန်းကြာ သမီးလိုက်မလား'

နန်းကြာ စာကျက်နေရာမှ ခေါင်းခါသည်။

'မလိုက်တော့ဘူး ဆရာမ၊ မနက်ဖြန် အစမ်းစာမေးပွဲရှိလို့၊ အေးမအိမ်မှာပဲ လိုက်အိပ်လိုက်တော့မယ်၊ ဒီမှာက မီးနဲ့ဆိုတော့ စာကျက်ရတာ ကောင်းတယ်လေ'

'သြော်… အေး…'

ကျွန်မသည် စက်ဘီးလေးတွန်းရင်း အမှောင်ထဲမှာ တစ်ယောက်တည်း သွားရမှာစိုးရွံ့နေမိတော့သည်။ ထိုစဉ်မှာပင် မြင်းလှည်းသံကြားရသည်။ ကျွန်မက မြင်းလှည်းအကြုံထင်၍ ဝမ်းသာအားရ လှည့်ကြည့်လိုက်သည်။

မှောင်ထဲတွင် လက်နှိပ်ဓာတ်မီးရောင်နှင့်အတူ ခေါ်သံကြားလိုက်ရသည်။

'ဆရာမ'

'သြော်… ဒွန်း'

'ကျုပ် လိုက်ပို့မယ်၊ ဆရာမ တစ်ယောက်တည်းပြန်လို့ဘယ်ဖြစ်မလဲ၊ စက်ဘီးကို ခြံဝိုင်းထဲပဲ ထားခဲ့ပါ'

ဒွန်းစကားကြောင့် ကျွန်မ စက်ဘီးကို ထားလိုက်





သည်။ စက်ဘီးဝင်ထားသော ကျွန်မကို ဆရာဦးအောင်သစ်က…

'ဆရာမ မသွားသေးဘူးလား'

'ဟုတ်ကဲ့၊ အခု ပြန်တော့မှာပါ၊ လှည်းကြုံရလို့ စက်ဘီးထားခဲ့တော့မယ်'

'ဘယ်သူ့လှည်းလဲ'

'ဒွန်းပါ'

ကျွန်မစကားကြောင့် ဆရာဦးအောင်သစ် မျက်နှာပျက်သွားပြီး…

'သတိထားသွားနော် ဆရာမ'

ကျွန်မ ခေါင်းတစ်ချက်ဆတ်ပြ၍ လှည်းရှိရာသို့ လှည့်ထွက်ခဲ့သည်။

ဒွန်းဟာ ကျွန်မ လိုအပ်တိုင်း ဘာ့ကြောင့် အမြဲတမ်း ရှိနေပါသနည်း။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ရဲတိုက် စိတ်ပျက်လက်ပျက် ဖြစ်နေသည်။ အလာတုန်းက မှူးကို အပါခေါ်ရန် ဆုံးဖြတ်ထားပေမယ့် အခုလိုအခြေအနေနဲ့ဆိုလျှင် ဘယ်နည်းနှင့်မျှ မှူးလိုက်မှာ မဟုတ်ကြောင်း ရိပ်မိလိုက်သည်။

နေ့ခင်းက မှူးနှင့်အရမ်းရင်းနှီးနေသော ဟို ဒွန်းဆိုသည့် ဧတာသားအကြောင်းကို တွေးရင်း ဒေါသဖြစ်မိသည်။ ဒီကောင့်ကြောင့်များ မှူးမပြန်နိုင်တာလား။ ဒီကောင်နှင့် မှူး ဘယ်လိုများ ပတ်သက်နေလဲ။

ရဲတိုက်သည် တွေးရင်းဖြင့် အိပ်မပျော်နိုင်ဘဲ ရှိနေလေသည်။ သူ့ရင်မှာလည်း ပူလောင်လာသည်။ သူ မှူးကို သဝန်တိုမိပြီ။ ရည်းစားလူလု အရှုံးကြွဲခတ်ဆိုသလိုမျိုး ခံစားရသည်။

အချစ်ဆိုသည့် အရာကလည်း ဆန်းကျယ်လှပါသည်။





မှူးက သူ့နံဘေးတွင် အမြဲတမ်းရှိနေပြီး သူ့အပေါ် ကောင်းနေတုန်းက သူသည် စာမှစာဖြစ်ခဲ့ပြီး မှူးရဲ့ဂရုစိုက်မှုတွေကို လျစ်လျူရှုထားခဲ့သည်။

နောက်တော့ မှူး သူ့အပေါ် ခပ်တန်းတန်းဖြစ်သွားပြီး တနယ်တကျေးသို့ ပြောင်းရွှေ့သောအချိန်ရောက်မှ 'အလွမ်း' ဆိုသည့်ဝေဒနာရယ်၊ စိုးရိမ်ပူပန်မှုဆိုသည့် ဝေဒနာရယ်၊ ပြင်းထန်စွာခံစားရပြီး မှူးကို ချစ်နေသည်ဆိုသည့်အကြောင်း မိမိကိုယ်မိမိ သိရှိခဲ့ရသည်။

သူ့ အချစ်တွေတပွေ့တပိုက် အလွမ်းတွေ ကုဋေကုဋာဖြစ်လာတော့ မှူး သူ့ကို မလိုအပ်တော့ဘူးလား။ မှူးရယ်… နင့်ကို ငါလိုအပ်ပါတယ်။ ကျေးဇူးပြုပြီး ငါ့ရဲ့အချစ်တွေကို နင် လက်ခံပေးပါ။

ရဲတိုက်သည် မှူးကို တမ်းတရင်း အိပ်စက်ခြင်းတို့ ဆောင်ယူသွားသည်။

'ရဲတိုက်… ရဲတိုက်'

အသံက အဝေးကြီးမှခေါ်နေသလို ခံစားရသည်။ မိမိ ဘယ်ရောက်နေပါလိမ့်။ ဒါ မှူးအသံပဲ။

ရဲတိုက်သည် မိမိ၏ လေးလံနေသော မျက်လုံးကို

www.burmeseclassic.com



အတင်းအားယူ၍ ဖွင့်လိုက်သည်။

'ဟင်… မှူး'

အခန်းဝတွင် ရပ်နေသူက မှူးဖြစ်သည်။ စောင်ပိုင်းကြီးကို အပေါ်တစ်ပိုင်းပတ်လျက် တကယ့် တောသူမကြီးသဖွယ်။

'ဟဲ့… အိပ်ချင် ဆက်အိပ်ဦးလေ၊ နင် နိုးပြီလားလို့ ငါ လာကြည့်တာ၊ ငါက နံနက်မွေးလူနာရှိလို့ အစောကြီးဒီကို ရောက်နေတာ'

'သြော်… အေးတယ်နော်၊ ငါ မျက်နှာသစ်ပြီးလာခဲ့မယ်၊ နင် ရုံးခန်းထဲက စောင့်နေနော်'

'အေး… နင် မျက်နှာသစ်တဲ့နေရာ သိတယ်နော်'

ရဲတိုက်က မှူး ပျောက်သွားမှာစိုး၍ ကမန်းကတန်းပြောရသည်။ မှူးက ခေါင်းညိတ်ပြပြီး အခန်းဝမှ ထွက်သွားသည်။ သူက မျက်နှာသစ် အင်္ကျီလဲ၍ ကမန်းကတန်းထွက်ခဲ့သည်။

'အားပါး… အေးလိုက်တာ'

'တော်တော်အေးနေပြီလား ရဲတိုက်'

'အေး… နင် ဒီမှာ ဘယ်လိုများနေလဲဆိုတာ ငါ





စဉ်းစားလို့ မရဘူး၊ ဒီလောက် အေးစက်နေတာကို၊ ရန်ကုန်ပြန်လိုက်ခဲ့ပါ မှူးရာ'

သူ့စကားကြောင့် မှူးက ညင်ညင်သာသာပြုံးပြီး…

'ငါနဲ့ ဟိုနားဒီနားလမ်းလျှောက်လိုက်ခဲ့ပါလားရဲတိုက်ရဲ့၊ အချမ်းပြေလေ၊ ငါ မနက်စာ ကျွေးပါ့မယ်'

'အေးကွာ… သွား၊ နင့်လူနာကရော စိတ်ချရပြီလား'

မှူးက ခေါင်းညိတ်တာမို့ ထွက်ခဲ့ကြသည်။ ယခင်က ဆေးတက္ကသိုလ်(၁)ရဲ့ အလှဘုရင်မ ကော့ကျော့နေသော မှူး မျက်ခြယ်သည် ယခင်နှင့်ဆန့်ကျင်စွာ ဘီးကျော့ပတ်ကြီးပတ် အနွေးထည်အထပ်ထပ် စောင်အထပ်ထပ်နှင့်၊ မှူးရဲ့ လှပနုပျိုမှုတွေဟာ ပျောက်ဆုံးနေသည်။

ရဲတိုက်က မှူးကို ငေးကြည့်ရင်း…

'နင်ဘာလို့ ဒီမှာနေနေလဲဆိုတာ ငါစဉ်းစားလို့တောင် မရဘူး ,မှူးရယ်'

'ဒီလိုပဲပေါ့၊ ငါ့အကြောင်းနဲ့ငါပေါ့ ရဲတိုက်ရယ်'

မှူးစကားကြောင့် ရဲတိုက် မျက်လုံးပြူးသွားသည်။ မှူးမှာ ဘာအကြောင်းတွေ ရှိနေပြီလဲ။

'နင့်မှာ အကြောင်းရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်တယ်၊ ငါ့မှာ ငါ့ရည်ရွယ်ချက်နဲ့ ငါပဲ’

မှူးကပြောလည်းပြော ရှေ့မှ ခပ်သွက်သွက်လည်း လျှောက်၍ ရဲတိုက် အနောက်မှ မနည်းမီအောင် လိုက်ရသည်။

‘နင်ကလည်း မြန်လိုက်တာ’

‘ဩော်… ဒါနဲ့ ငါ့မေမေရော နေကောင်းရဲ့လား’

‘ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲ၊ နင့်ကိုပဲ စိတ်ဆိုးနေတာ၊ ဖုန်းလည်းမဆက် စာလည်းမရေးဆိုတော့၊ ကဲ…စာရေးဖို့ ပျင်းတာကထားလိုက်ဦး၊ ဖုန်းက ဘာလို့ မဆက်တာလဲ’

ရဲတိုက်က ကလေးဆိုးသဖွယ်ပြောလိုက်သည်။ မှူးက လျှို့ဝှက်စွာပြုံးရင်း…

‘ငါ့ကိုလည်း ရန်ကုန်က လူတွေ သတိမရစေချင်ဘူး၊ ငါကလည်း သတိမရချင်ဘူး ရဲတိုက်၊ ငါ့မှာလုပ်စရာတွေရှိတယ်’

‘လုပ်စရာတွေ’

ရဲတိုက်သည် မှူးပြောတာတွေ တဖြည်းဖြည်းနှင့် လိုက်လို့မမီတော့ပါ။

‘ဟုတ်တယ် ရဲတိုက်၊ ဥပမာဟာ ဒီမှာ ညဘက်ဆိုရင်



ကလေးတွေ စာသင်ပေး၊ နေ့ဘက်ဆို ဆေးရုံကလူနာနဲ့ အားမှ မအားရတာ၊ နင် လက်တွေ့မြင်ပါတယ်’

မှူးကတော့ သူ့ဆင်ခြေနှင့်သူ ဟုတ်နေသည်။ အဲဒီထဲတွင် ဒွန်းဆိုသည့် လူသားတစ်ယောက်ကိုရော အချိန်ပေးရတဲ့ အချိန်မပါဘူးလားဟု ရဲတိုက်ဝန်တိုစွာ စိတ်ထဲမှ မေးခွန်းထုတ်မိသည်။

‘နင်… ငါ့ကိုရော နည်းနည်းလေး သတိမရဘူးလား’

‘အင်း… တစ်ခါတလေတော့ အားလုံးကို သတိရပါတယ်’

မှူးရဲ့အဖြေကို ရဲတိုက် မကျေနပ်ပါ။ သို့သော် ဘာမှ ပြန်မပြောဖြစ်ချေ။ မှူးက သူ့ကို တောင်စွန်းလေးဆီသို့ ခေါ်သွားသည်။

‘ရဲတိုက် ဒီမှာ လာရပ်ကြည့်စမ်း၊ အောက်ကလေတွေ ဆီးတိုက်နေတဲ့အရသာ ဘယ်လောက်ကောင်းလဲ’

‘မှူး… ပြုတ်ကျမယ်နော်’

သူက စိုးရိမ်တကြီး ပြောလိုက်သော်လည်း မှူးက အရယ်မပျက်ဘဲ ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နင်က သိပ်ကြောက်တတ်တာပဲလား ရဲတိုက်ရယ်၊ လာရပ်ကြည့်စမ်းပါဟဲ့၊ ငါက စိတ်တွေသိပ်မွန်းကြပ်လာရင် ဒီအစွန်းလေးမှာ လာရပ်နေကြ'

'နင်… ငါ့ကို ကြောက်တယ်ပဲပြောပြော၊ နင့်ကိုငါ အဲဒီမှာ မရပ်စေချင်ဘူး မှူး၊ ငါလည်း မရပ်နိုင်ဘူး၊ အဓိပ္ပာယ်မရှိ အကျိုးမရှိတဲ့ ခံစားမှုတစ်ခုအတွက်နဲ့ ငါ့အသက်ကို အဆုံးရှုံးမခံနိုင်ဘူး'

'သြော်… ဒီလိုလား'

မှူးက သူ့ကို အဓိပ္ပာယ်ပါပါ ကြည့်ရင်း မေးခွန်းထုတ် လိုက်သည်။

'ဘာလဲ၊ နင်က ငါအဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်တွေကို လုပ်နေတယ်လို့ ပြောချင်တာလား'

မှူးက သူ့ဘက်ကို မျက်နှာချင်းဆိုင်လိုက်ရင်း မေး လိုက်သည်။

'ဒါတွေ ထားလိုက်စမ်းပါ၊ အရေးမကြီးတာတွေ နင်အဲဒီနားက ဒီဘက်ကို လာခဲ့၊ ငါ အရမ်းအသည်းယားလာပြီ'

ရဲတိုက်က မှူးကို အသည်းအသန်ခေါ်လိုက်သည်။

'ရဲတိုက်… ရဲတိုက် နင်က နင့်ကိုယ်ပဲပေးဆပ်ရမှာ



ပါ၊ ငါက လူတွေအများကြီး ပေးဆပ်စရာတွေ ရှိသေးတယ်'

'ဘာလဲ၊ နင်က ဟိုကိစ္စကို မမေ့နိုင်သေးဘူးလား'

ရဲတိုက်က ဟိုတစ်ခေါက် နယ်သွားတုန်းက ဖြစ်တဲ့ကိစ္စကို သတိရမိပြီး ပြောလိုက်ခြင်းဖြစ်သည်။ မှူးက ဘာမှ ပြန်မပြောချေ။

'ငါ သိပါပြီ မှူးရယ်၊ နင်အဲဒီကိစ္စကို မမေ့နိုင်တိုင်း လျှောက်လုပ်မနေနဲ့၊ တကယ်တော့ အဲဒီကိစ္စက ဘာမှ နင်နဲ့ မဆိုင်ဘူး၊ နင့်ကြောင့်ဖြစ်တာလည်း မဟုတ်ဘူး၊ နင့်စိတ်ထဲက ထုတ်လိုက်တော့'

'ထုတ်လို့မှ မရတာ ရဲတိုက်ရယ်'

မှူးအသံလေးက တက်ကယ့်ကို တိုးတိုးလေးနှင့် အဖျားတုန်သွားသည်။ မှူး အရမ်းခံစားနေရတာကို သူ ရိပ်မိသွားသည်။ မှူးကို သူ နှစ်သိမ့်မှဖြစ်မည်။

'လာပါမှူးရယ်၊ နင့်ကြောင့် မဟုတ်ဘူးဆိုတာ ငါ သိပါတယ်'

'ငါ သူ့သားကို ရှာတွေ့ပြီး ငါ့အပြစ်တွေကို ဝန်ခံမှပဲ၊ ငါ့စိတ်တွေ သက်သာရာရမယ် ထင်တယ်'

မှူး ဒီတစ်ခါတော့ ရဲတိုက်ကို မိမိစိတ်ထဲမှာ သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ထားရသည့် အကြောင်းတွေကို ဖွင့်ဟမိသည်။ ရဲတိုက်က မှူးရဲ့လက်တစ်ဖက်ကို ခပ်ဖွဖွ လှမ်းဆုပ်ကိုင်လိုက်သည်။

'ငါတို့ ဒီကထွက်ပြေးရအောင် မှူးရယ်၊ ငါနဲ့နင် လက်ထပ်ပြီး မြန်မာပြည်က ထွက်သွားကြမယ်၊ ငါတို့ ဟိုမှာ ပါရဂူဘွဲ့ယူကြမယ်၊ အချိန်ကြာလာတဲ့အခါ နင် ဒီကိစ္စတွေ မေ့သွားမှာပါ မှူးရယ်'

မှူးက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူး ရဲတိုက်ရယ်'

ရဲတိုက်သည် မှူးရဲ့မျက်နှာကိုသေချာစွာ စိုက်ကြည့်ပြီး-

'နင် ငါ့ကို မချစ်ဘူးလား မှူး၊ အခု မချစ်တောင် အရင်က ချစ်ခဲ့ဖူးတယ် မဟုတ်လား၊ အခု ငါ့ရဲ့ အချစ်တွေကို နင့်ကို ပေးမယ်၊ နင် လက်ခံပေးပါ'

မှူးက ခေါင်းကို တွင်တွင်ခါပြီး သူမလက်ကို ဆောင့်ရုန်းကာ ထွက်သွားလေတော့သည်။

ရဲတိုက်ရင်မှာ ဟာတာတာ…။

♥ ♥ ♥ ♥ ♥

နောက်ထပ် နှစ်ရက်နေပြီးလျှင် ရဲတိုက်ပြန်တော့မည်။ သူ ဘယ်လိုမှ မှူးကိုလည်းခေါ်လို့မရပါ။ မှူးကိုလည်း သူ့ရင်ထဲမှာရှိတာတွေ ရင်ဖွင့်ပြောပြပြီးပြီ။ မှူးက ဘယ်လိုမှ လက်ခံမည့်ပုံ မပေါ်။ သူ့ကို ငြင်းလည်း မငြင်းဆန်၊ ခေါင်းလည်း မညိတ်နှင့် သူအတော်ခံစားနေရသည်။

မှူးမျက်ခြယ်ဆိုသည့် မိန်းကလေးဟာ ဒီလောက် အသည်းမာလိမ့်မည်ဟု သူ မထင်ပါ။ သို့သော် မှူးက သူထင်ထားတာထက်ပင် ပိုဆိုးနေသည်။

ဒီနေ့ တောင်ပေါ်ဘုရား လိုက်ပို့ပေးမည်ဆို၍ သူ စောင့်နေခြင်းသာဖြစ်သည်။ မှူးနှင့်သူ နှစ်ယောက်တည်းဆိုလျှင် သူ့ရင်ထဲမှခံစားချက်တွေကို ရင်ထပ်ဖွင့်မည်ဟု ရဲတိုက် စဉ်းစားထားပါသည်။

www.burmeseclassic.com



ခဏာနေတော့ မြင်းလှည်းသံကြားရသည်။ ရဲတိုက် ထိုင်နေရာမှ ဝမ်းသာအားရ ထလိုက်သည်။ သို့သော် သူ့ရဲ့ ဝမ်းသာမှုတွေက ခဏာသာခံသည်။ အဘယ်ကြောင့်ဆိုသော် မြင်းလှည်းဦးပေါ်တွင် တူယှဉ်တွဲ၍ ထိုင်လာသော ဒွန်းဆိုသည့် ကောင်နှင့်မျိုးကို ယှဉ်တွဲ၍ တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ရဲတိုက်မျက်နှာ ချက်ချင်းတင်းမာသွားသည်။

'ရဲတိုက် ရယ်ဒီပဲလား'

'အေး… ငါ သွားတောင် မသွားချင်တော့ဘူး'

'သွားလိုက်ပါဟယ်၊ စိမ်းလန်းသာမြို့လေးကို ရောက်လို့မှ တောင်ပေါ်ဘုရားကို လိုက်မပို့ရရင် ငါတို့မြို့ကလူတွေ ရှိုင်းသွားမှာပေါ့၊ နော်… ဒွန်း'

ရဲတိုက်က မျက်စိနောက် အမြင်ကပ်လာတာကြောင့် ဘာမှ ဆက်မပြောတော့ဘဲ မြင်းလှည်းအိမ်ထဲ ဝင်ထိုင်လိုက်သည်။

'နင် အနောက်မှာလာထိုင် မျိုး၊ ငါတစ်ယောက်တည်း ပျင်းတယ်'

'အေးပါ၊ နင် အပျင်းပြေဖို့အတွက် ငါ လာပါပြီ'

မျိုးက စနောက်ရင်း မြင်းလှည်းနောက်ပိုင်းမှာ လာ





ထိုင်တာကြောင့် ရဲတိုက်မှာ ကလေးတစ်ယောက်ပမာ ကျေနပ်သွားသည်။

ဘုရားက တောင်ကုန်းနှင့် တော်တော်လေးမြင့်သော နေရာတွင်ရှိသည်။ ထို့ကြောင့် သူတို့မြင်းလှည်းကို လမ်းခုလပ်တွင် အပ်ထားခဲ့ပြီး ခြေလျင်တက်ရသည်။ ရဲတိုက်က မျိုးရဲ့ ဆွဲခြင်းကို ကြည့်ပြီး…

'အဲဒီခြင်းတွေက ဘာလုပ်ဖို့လဲ'

'သြော်… ရေသောက်ဖို့တို့၊ တောင်ပေါ်ရောက်ရင် ဘုရားပန်းကပ်ဖို့တို့ပေါ့၊ နင် မောမှ ငါ့ဆီက ရေလာတောင်း မသောက်နဲ့'

မျိုးက ရဲတိုက်ကို ရန်တွေ့သလို ပြောသည်။ ရဲတိုက်က ရေခြင်းတွေကိုကြည့်၍ ကူဆွဲရင်ကောင်းမလားဟု စဉ်းစားနေခိုက်မှာပင်…

'ပေး… ပေး… ဆရာမဲ့ ကျုပ် ဆွဲမယ်'

ဒွန်းက အတင်းလုဆွဲတာကြောင့် ရဲတိုက် မျက်နှာလွှဲလိုက်သည်။ ပြီးတော့ အလိုလိုနေရင်း ဒွန်းကို စိတ်တိုမိသည်။ ယခုလို နေရာမျိုးကျတော့ သူက ဘာမှအသုံးမဝင်သလို။ ရဲတိုက် ခံစားရသည်။ တောင်က တော်တော်လေး တက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ မောနေပြီလား ရန်ကုန်သားကြီးရဲ့'

'မျုး… နင်နော်၊ ငါ့ကို မခနဲ့နဲ့၊ ဒီမှာ မောရတဲ့အထဲ'

'အေးပါဟာ၊ အားတင်းလိုက်ပါဦး သူငယ်ချင်းလေးရေ'

မျုးနှင့်အတူပါလာသော ဒွန်းက စကားမပြောတတ်သည့် လူအလား တိတ်ဆိတ်စွာ လိုက်ပါလာသည်။ ခဏသစ်ပင်အောက်မှာ နားကြတော့…

'ဒီလိုမှန်းသိ နန်းကြာကို ခေါ်လာပါတယ်၊ ဒါပေမဲ့ စာမေးပွဲက အရေးကြီးတယ်လေ'

'ဒါနဲ့ ငါပြန်ရင် နင့်မေမေကို ဘာမှာလိုက်ဦးမလဲ မျုး'

'ငါ စာရေးပေးလိုက်မယ်လေ၊ နောက် နင် ခဏခဏ မလာနဲ့နော်၊ တော်ကြာ ငါ့ကြောင့် အလုပ်တွေပျက်ကုန်မယ်'

မျုးစကားကြောင့် ရဲတိုက်က ပြုံးလိုက်ရင်း…

'လာမှာပဲ၊ ငါက တွေ့ချင်နေသူကိုး၊ နင် ရန်ကုန်ကို မပြန်မချင်း ငါ့ကို အဖြေမပေးမချင်းပေါ့'

'နင် အဓိပ္ပာယ်မရှိတာတွေသိပ်မပြောစမ်းပါနဲ့ ရဲတိုက်ရယ်'

'ဟ… နင့်အတွက် အဓိပ္ပာယ်မရှိပေမယ့် ငါ့အတွက် အဓိပ္ပာယ်ရှိတယ် မျုးရဲ့'

ထိုစဉ်မှာပင် ဘယ်အချိန်က ဘယ်လိုပျောက်သွားမှန်း မသိသော ဒွန်းက ပြန်ရောက်လာသည်။ လက်ထဲမှာလည်း လိမ္မော်သီးတွေ၊ ပန်းသီးတွေ တပွေ့တပိုက်နဲ့ပေါ့။

'ဆရာမ စားဖို့၊ ကျုပ်သွားခူးလာတာ၊ လတ်လတ်ဆတ်ဆတ်ပဲ စားကြည့်ပါဦး'

မျုးက သူမကို ထိုတောသားပေးသော ပန်းသီးနှင့် လိမ္မော်သီးများကို သူ့ထံ ပစ်ပေးသည်။

'ငါ မစားချင်ဘူး'

မျုးက ဘာမှမပြောဘဲ ပန်းသီးတွေကို တရွှမ်းရွှမ်း ကိုက်စားနေသည်။

'နင့်ဟာက ရေလည်းမဆေးဘူး'

ဒွန်းက ရဲတိုက်လက်ထဲမှ ပန်းသီးတွေ ပြန်ယူရင်း…

'ကျုပ် စမ်းချောင်းမှာ ရေသွားဆေးပေးမယ်'

'ဆေးပေးလိုက်စမ်းပါ ဒွန်းရယ်၊ ဒီရန်ကုန်သားကိုကြီးကျယ်ကို'

မျုးက သူ့ကို မျက်စောင်းထိုးရင်း ပြောသည်။ ဒွန်းမရှိတာနှင့် သူက အခွင့်ကောင်းယူပြီး…

'မျုး… နင် ငါ့ကိုချစ်တယ် မဟုတ်လား'







www.burmeseclassic.com

www.burmeseclassic.com



'နင်ဘာတွေပြောနေတာလဲ ရဲတိုက်ရယ်၊ နင်ဘာတွေဖြစ်နေတာလဲ'

'ငါဘာဖြစ်လဲ နင်မသိဘူးလား၊ ဒီမှာ မှူး… နင် ငါ့ကို အရင်က ဂရုစိုက်တာတွေ လိုက်လျောတာတွေ ငါ့နားမှာ ကျောင်းတုန်းက အမြဲနေတာတွေ အဲဒါတွေဟာ ငါ့ကိုနင် ချစ်လို့ မဟုတ်ဘူးလား၊ ပြောစမ်းပါဦး'

ရဲတိုက် သည်းမခံနိုင်တော့ဘဲ မှူးမျက်ခြယ်၏ ပခုံးနှစ်ဖက်ကို ကိုင်ဖျှုပ်၍ မေးလိုက်မိလေတော့သည်။ မှူးက သူ့လက်ကို ဖယ်ရင်း…

'နင် ငါ့ကိုလွှတ်စမ်း ရဲတိုက်၊ နင် ထင်သလို မဟုတ်ဘူး၊ အဲဒီတုန်းက နင့်ကို လိုက်လျောပြီး ဆက်ဆံခဲ့တာ ဟုတ်တယ်၊ အဲဒီတုန်းက ငါ ကလေးစိတ်နဲ့ နင်က ကျောင်းမှာ နာမည်ကြီးဆိုတော့ နင့်အချစ်ကို လိုချင်ခဲ့တာ၊ အဲဒါ တကယ့်အချစ်မဟုတ်ခဲ့ဘူး၊ အဲဒီအတွက် နင့်ကိုဝေဒနာပေးသလို ဖြစ်သွားရင် ငါ တောင်းပန်တယ်'

မှူးက သူ့ကို ပြတ်သားစွာ ရင်ဆိုင်ပြောလိုက်သည်။

'ဒါဖြင့်… နင်… နင်… ငါ့ကို မချစ်ဘူးလို့ ပြောတာပေါ့'

'အေး… ဟုတ်တယ်'





ရဲတိုက်သည် မှူး၏ စကားကြောင့် အရှမ်းခံစားသွားရသည်။ ခေါင်းငိုက်စိုက်ချလျက် ခပ်ငေါင်ငေါင်ဖြစ်သွားသည်။ ထိုစဉ်မှာပင် ဒွန်းက ပြန်ရောက်လာပြီး ရဲတိုက်လက်ထဲ ပန်းသီးတွေ လာထည့်ပေးသည်။ စိတ်တိုနေသော ရဲတိုက်က ပို၍မဲစရာဖြစ်သွားပြီး–

'တောက်… ဒါတွေက တစ်မျိုး'

ဟုပြောကာ ပန်းသီးတွေကို လွှင့်ပစ်လိုက်သည်။

ရဲတိုက်ရဲ့အပြုအမူတွေကို မှူးက စိတ်တိုသွားပြီး…

'ဟဲ့… ပန်းသီးတွေနဲ့ ဘာဆိုင်လို့လဲ၊ နင် မဆိုင်တာ လျှောက်မမဲနဲ့၊ သူများက စေတနာနဲ့ ပန်းသီးတွေကို သွားလည်းဆေးပေးရသေးတယ်၊ နင်ဟာ စေတနာနဲ့ မတန်ဘူး'

မှူးရဲ့ စကားကြောင့် ရဲတိုက် ပိုစိတ်တိုသွားပြီး ထိုင်ရာမှ ထလျှောက်သွားလိုက်သည်။ လမ်းက တောလမ်းဖြစ်၍ သွားချင်သလို သွားလို့မရပေ။ သူ့လမ်းရိုးအတိုင်းလိုက်၍ လမ်းပြနှင့် သွားရခြင်းဖြစ်သည်။

ရဲတိုက်မှာ စိတ်ပေါက်ပေါက်နှင့် ထွက်လာပြီးကာမှ ဘယ်ရောက်လို့ ရောက်နေမှန်း မသိတော့ချေ။ တောဒီလောက်ထူမှန်း ယခုမှပင် သူသိတော့သည်။

ရဲတိုက်… ရဲတိုက်…။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံတော့ကြားသည်။ သို့သော် သူ့ကိုယ်သူ ဘယ်နေရာရောက်နေမှန်း မသိတော့ သူပြန်ထူးသည်။

'ရဲတိုက်… ရဲတိုက်… နင် ဘယ်မှာလဲ'

'ဒီမှာ… ငါ ဒီမှာ'

သူ့အသံက ပွဲတင်ထပ်သွားပေမယ့် လူက မရောက်လာ။ သူ အမောတကော လမ်းလိုက်ရှာသည်။ သို့ပေမယ့် မတွေ့။ ဒီနေရာမှာ တဝဲလည်လည်ဖြစ်နေသည်။ ဒီတောမှ ရဲတိုက် နောင်တရသွားသည်။ ဘာ့ကြောင့်မို့ ဒွန်းကို ခေါ်လာရတာလဲဆိုသည်ကို သဘောပေါက်သွားသည်။

သို့သော် သူသဘောပေါက်တာ နှောင်းခဲ့ပြီ။

'ရဲတိုက်… ရဲတိုက်'

ခေါ်သံက တဖြည်းဖြည်း ဝေးသွားသည်။ ရဲတိုက် စိတ်ပျက်လက်ပျက်နှင့် သစ်ပင်တစ်ပင်အောက်တွင် ထိုင်ချလိုက်သည်။

သူဘာလုပ်ရပါ့မလဲ။

သူ သွေးပျက်စ ပြုလာသည်။

♥ ♥ ♥ ♥ ♥



'ဘယ်လိုလုပ်ကြမလဲ ဒွန်း'

ကျွန်မတို့သည် ရဲတိုက်ကို ဘယ်လိုမှ ရှာမရသည့်အဆုံး၌ ဒွန်းကို အားကိုးတကြီး မေးလိုက်မိတော့သည်။ လူလည်း ခြေကုန်လက်ပမ်းကျနေပြီ။

'မျက်စိမှောက်တာ နေမှာပါ၊ ကျုပ်တို့လည်း တတ်နိုင်သလောက် ရှာပြီးပြီပဲဗျာ၊ ဒါဖြင့် ဒီလိုလုပ် ဆရာမကို ကျုပ် တောင်အောက်ကို ပြန်ပို့မယ်၊ ဆရာမက လူတွေကို အကြောင်းကြားလိုက်၊ ကျုပ်တို့ တောနင်းရှာမယ်'

ကျွန်မက နာရီတစ်ချက်ကြည့်ပြီး…

'အချိန်သိပ်လင့်နေမလား၊ ရဲတိုက်က ဘာမှသိတာ မဟုတ်ဘူး၊ ဒုက္ခပဲ'

'စိတ်မပူပါနဲ့ ဆရာမရယ်၊ နေမဝင်ခင်တော့ ပြန်တွေ့တန်ကောင်းပါရဲ့၊ တောက အနက်ကြီးမှ မဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် စိတ်မောစွာ သက်ပြင်းတစ်ချက်ရှိုက်၍ ထိုင်ရာမှ ထလိုက်သည်။ ကျွန်မကြောင့် ဖြစ်ရတာဟု စိုးရိမ်မကင်းဖြစ်မိသည်။

'မစိုးရိမ်ပါနဲ့ ဆရာမ'

ဒွန်းက ကျွန်မကို နှစ်သိမ့်ပေမယ့် ရဲတိုက် ခုလိုဖြစ်ရတာ ကျွန်မ တာဝန်မကင်းဟု ထင်မှတ်မိသည်။ နောက်ဆုံးအကြိမ်အဖြစ် ကျွန်မ တော်အုပ်ဘက်သို့ ကြည့်၍…

'ရဲတိုက်ရေ… ရဲတိုက်'

'အူး… ငါဒီမှာဟေ့'

အသံက နေရာအရပ်ရပ်က ထွက်ပေါ်လာသည်။ ပဲ့တင်သံကြောင့် ထွက်ပေါ်လာသည့် နေရာအတိအကျကို မှန်းလို့မရ။ ကျွန်မ စိတ်မောစွာ ဒွန်းကို ကြည့်လိုက်သည်။

'စိတ်လျှော့ပါ ဆရာမရယ်၊ ကျုပ် တွေ့အောင်ရှာပေးမယ်လို့ ကတိပေးတယ်'

ဒွန်းက ကတိကို ခိုင်ခိုင်မာမာပေးသည်။

'ဆရာမ ပြန်ရအောင်၊ တောင်အောက်ရောက်ရင် ဆရာမ မြို့ပြန်ပြီး မြို့ကလူတွေကို လွှတ်လိုက်ပါ'

ကျွန်မက မပြန်ချင်ပြန်ချင်နှင့် ပြန်ခဲ့ရသည်။ ဒွန်းက





ပြန်ခါနီး ကျွန်မကို စိုက်ကြည့်၍

'ကျုပ်ကို ယုံပါ၊ ဆရာမ သူငယ်ချင်းကို မတွေ့မချင်း ကျုပ် ပြန်မလာဘူး၊ ကျုပ် အသက်ပဲသေသေ တွေ့အောင်ရှာပေးပါ့မယ်'

ဒွန်းက ခိုင်မာစွာ ပြောလိုက်ပြီး တောင်ပေါ်သို့ လှည့်ထွက်သွားသည်။

'ဒွန်း'

'ဆရာမ စိတ်ချမယ်နော်'

ဒွန်းက ခေါင်းညိတ်ပြတာကြောင့် ကျွန်မ ပြန်ခဲ့သည်။ မြို့ရောက်တော့ လူကြီးတွေကို အကျိုးအကြောင်း ပြောပြပြီး တောင်ပေါ်တက်ခိုင်းရသည်။ မြို့ထဲမှ ကာလသားတွေစုပြီး တောင်ပေါ်တက်သွားကြသည်။

ကျွန်မကတော့ ဆရာလေး ဦးအောင်သစ်၏ စာသင်ကျောင်းထဲတွင် တိတ်ဆိတ်စွာ ထိုင်နေမိသည်။ စိတ်ကလည်း တော်တော်မကောင်းဖြစ်နေသည်။

'ဆရာမ စိတ်ကိုလျှော့ပါဗျာ၊ ပြန်တွေ့မှာပါ၊ အားလုံးရှာနေကြတာပဲ'

ဆရာလေးဦးအောင်သစ်က နှစ်သိမ့်ပေမယ့် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ရင်မှာမအေးနိုင်ပါ။ ရဲတိုက်သာ တစ်ခုခုဖြစ်သွားလျှင် အားလုံးက ကျွန်မကို ဝိုင်း၍အပြစ်တင်ကြမည်သာ ဖြစ်သည်။

အချိန်တို့က ကုန်လွန်ခဲ့ပြီ။

နာရီက ကြည့်တော့ ညဆယ်နာရီဖြစ်သည်။

ထိုစဉ်မှာပင် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းကို မြင်ရသည်။ ပြန်လာကြပြီထင်ပါရဲ့။ ကျွန်မ ထိတ်ခနဲ ဝမ်းသာသွားပြီး လက်နှိပ်ဓာတ်မီးကို ယူ၍ မီးရောင်လာရာဘက်ဆီသို့ လျှောက်သွားလိုက်သည်။

'ဆရာမလား ဝေ့'

'ဟုတ်တယ်၊ တွေ့လား၊ ရှာတွေ့ပြီလား'

ကျွန်မက အမောတကော မေးလိုက်ရင်း လူအုပ်စုရှိရာသို့ ခပ်သွက်သွက် သွားလိုက်သည်။

'တွေ့တယ် ဝေ့'

'ရဲတိုက်… ရဲတိုက်'

ကျွန်မသည် ရဲတိုက်ကို မြင်တော့ ဝမ်းသာအားရဖြစ်ပြီး ရဲတိုက်နား လျှောက်သွားမိသည်။

'ရဲတိုက်… နင် ဘာမှ မဖြစ်ဘူးနော်'

'ငါက ဘာမှမဖြစ်ဘူး၊ ဖြစ်တာက သူ'





ကျွန်မသည် ရဲတိုက် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်မိသည်။ စောင်ပုခတ်တစ်ခုကို လူနှစ်ယောက်ထမ်းလာသည်။

'ဟင်… ဘယ်သူ ဘာဖြစ်လာလို့လဲ'

ကျွန်မသည် အားလုံးကိုကျော်၍ စောင်ပုခက်ကို လှပ်ကြည့်လိုက်သည်။

'ဒွန်း'

'ဟုတ်တယ် မှူး၊ သူ သွေးထွက်လွန်နေတယ်၊ ဆေးရုံသွားမှ ဖြစ်မယ်'

'ဘာ… ဘာဖြစ်လာတာလဲ'

ကျွန်မသည် စိုးရိမ်တကြီး မေးလိုက်မိသည်။ ရဲတိုက်က မျက်နှာအပျက်ပျက်ဖြင့်…

'ငါ့ကို ရှာတွေ့ပြီး ပြန်အလာ၊ ငါ ခြေတစ်ချက်ချော်ထဲချော်သွားလို့ ဒွန်းက ငါ့ကို လှမ်းဆွဲတယ်၊ အဲဒီမှာ လက်တစ်ဖက်က ညောင့်လား ငုတ်လား ထောက်မိသွားတယ်၊ တောက်လျှောက် လိမ့်ဆင်းတာကြောင့် လက်တွေရော၊ ခြေထောက်တွေရော ကွဲရှပြီး သွေးထွက်လွန်နေတယ်'

'ဖြစ်ရလေ ဒွန်းရယ်'

ကျွန်မသည် ခပ်မျော့မျော့သာ ရှိတော့သော ဒွန်းကို

www.burmeseclassic.com



စိတ်ပူစွာကြည့်ရင်း ဆေးရုံသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့မိသည်။ ရင်မှာ ဒွန်းအတွက် ပူပန်ခြင်းတွေက ကြီးစိုးလို့လာပြန်သည်။

ညနေခင်းက ကျွန်မရှေ့တွင် အကောင်းပကတိရှိနေသော ဒွန်းသည် ယခုတော့ စောင်ပုခက်ပေါ်တွင် ခပ်မှောမှောသာ။ ဘုရားတရားမလို့ ဒွန်း ဘာမှ မဖြစ်ပါစေနဲ့။

ကျွန်မနှင့်ဒွန်း လမ်းခွဲခါနီးပြောသော ဒွန်းရဲ့စကားတွေ ပြန်ကြားယောင်လာမိသည်။

'ကျုပ်ကိုယုံပါ၊ ဆရာမသူငယ်ချင်းကို မတွေ့မချင်း ကျုပ်ပြန်မလာဘူး၊ ကျုပ်အသက်ပဲ သေသေ တွေ့အောင်ရှာပေးပါ့မယ်'

ဟု ပြောသော ဒွန်း၏စကားတွေကို ကြားယောင်လာမိသည်။

'ဒွန်း…'

ကျွန်မမှာ စိတ်ပူပြီးရင်း ပူနေရသည်။ အားလုံးက ဆေးရုံသို့ တန်းသွားကြသည်။

'ရဲတိုက်… သူက နင့်ကို အသက်ပေးပြီး ရှာပေးမယ်လို့ ငါ့ကို ကတိပေးသွားတာ'





ကျွန်မက အသံတုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။ ရင်ထဲမှာလည်း တော်တော်ခံစားရသည်။

ဆေးရုံရောက်တော့လည်း လိုအပ်သည်များကို မမှားမယွင်းအောင် သေချာဂရုစိုက်ပြီး လုပ်ကိုင်နေမိသည်။ ရဲတိုက်ကတောင် ကျွန်မကို သတိပေးရသည်။

'နင် စိတ်ငြိမ်ငြိမ်ထားစမ်းပါ မှူးရယ်'

'ငါ စိတ်ငြိမ်ငြိမ်ထားလို့ ဘယ်လိုလုပ်ရမှာလဲ ရဲတိုက်ရယ်'

ကျွန်မသည် ခုတင်ပေါ်တွင် ခပ်မှောမှောသာ ရှိသော ဒွန်းကို စိတ်မကောင်းဖြစ်စွာ ကြည့်လိုက်သည်။

'သူ သွေးထွက်လွန်နေတယ်၊ သွေးတစ်ပုလင်းလောက်သွင်းလိုက်မှ ထင်တယ်'

ကျွန်မသည် ရုတ်တရက် သွေးဘယ်မှာ ရှာရမှန်းမသိဖြစ်သွားသည်။

အိုသွေးအမျိုးအစားမို့ ရှားပါးလှသည်။

'သူ့ကို သွေးသွင်းရမယ် ရဲတိုက်'

'ငါ့သွေးသွင်းလေ၊ ငါ့သွေးလည်း အိုပဲ'

ရဲတိုက်ထံမှ သွေးကို အလှူယ်တကူရရှိ၍ တော်တော့

www.burmeseclassic.com



သည်။

'ဒီလိုကျတော့လည်း နင်က စိတ်ကောင်းရှိသားပဲ'

'စိတ်ကောင်းရှိရမှာပေါ့ဟ၊ ငါ့ကို အသက်စွန့်ပြီး ကယ်ထားတဲ့သူပဲလေ'

ကျွန်မသည် ရဲတိုက်ထဲမှ တစ်စက်ချင်းကျနေသော သွေးတွေကိုကြည့်ရင်း သက်ပြင်းမောတစ်ချက် ရှိုက်လိုက်သည်။ အချိန်တို့က ကုန်လွန်ခဲ့လှသည်။

ဒွန်းက သတိမရသေးပါ။

ကျွန်မ စိတ်မောစွာ ထိုင်နေမိတော့သည်။

♥ ♥ ♥ ♥ ♥



ညက နှစ်နာရီခန့်…။

'ဟင်း… ဟင်း…'

လူနာထံမှ ညည်းသံထွက်ပေါ်လာ၍ ကျွန်မ ဆတ်ခနဲ ဖြစ်သွားသည်။ သွေးသွင်းထားသောပုလင်းကို ဖြုတ်ယူရင်း…

'ဒွန်း… ဒွန်း… သတိရပြီလား'

'ဆရာမ… ဆရာမ…'

ဒွန်းက မျက်လုံးမပွင့်သေးဘဲ ကျွန်မကိုခေါ်နေသည်။

'ဘာလဲ ပြောလေ၊ ဆရာမရှိတယ် ဒွန်း'

ဒွန်းရဲ့မျက်ဝန်းတွေက ခပ်စင်းစင်းပွင့်လာသည်။ နှုတ်ခမ်းတွေက လှုပ်ရှားလာသည်။

'ဆရာမကို ပြောစရာရှိတယ်'

'ပြောလေ ဒွန်း၊ ဆရာမ နားထောင်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သေသွားရင် ဆရာမ မသိမှာစိုးလို့ လျှို့ဝှက်ချက်တစ်ခု ပြောပြမလို့'

ဒွန်းက ဖြည်းညင်းလေးလံစွာ ပြောသည်။

'ပြောပါ ဒွန်းရယ်၊ ဆရာမ နားထောင်နေပါတယ်၊ ပြီးတော့ ဒွန်းမသေနိုင်ဘူး၊ စိတ်ချ၊ ဆရာမတို့ အစွမ်းကုန် ကြိုးစားသားတယ်'

ကျွန်မက ဒွန်းကို အားပေးစကားပြောသည်။ ဒွန်းက ခေါင်းခါသစ်း၍…

'ကျုပ် အခုပြောမယ့်စကားက ဆရာမအတွက် အရေးကြီးတယ်'

ဒွန်းက ပြောရင်း သူ့ရဲ့အိတ်ကပ်ထဲမှ တစ်စုံတစ်ရာအား ထုတ်ယူလိုက်ပြီး ကျွန်မလက်ထဲ ထည့်လိုက်သည်။

'ဟင်…'

ကျွန်မသည် ထိုဓာတ်ပုံကို ကြည့်ရင်း အရမ်းအံ့သြသွားသည်။ ဒီဓာတ်ပုံလေးဟာ ကျွန်မဆီမှာ ရှိသည့် ကျွန်မရှာဖွေနေသည့်ကလေးငယ်၏ပုံနှင့် အတူတူပင်ဖြစ်သည်။

'ဒါ… ဒါ…'

'ဟုတ်ပါတယ်၊ ကျုပ်ဟာ ဆရာမလက်ထဲမှာ ဆုံး





သွားခဲ့တဲ့ ဦးသက်ခိုင်ရဲ့သားပဲ၊ အဖေနဲ့ ကျုပ်ဟာ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့တာပါ'

'ဟင်… ဒါဆို ရှင်… ရှင်'

ကျွန်မသည် အရမ်းအံ့သြလွန်း၍ ဘာပြောရမှန်း မသိအောင်ပင် ဖြစ်သွားသည်။ ဒီလောကကြီးက ဒီလောက်ဆန်းကျယ်ပြီး တိုက်ဆိုင်လှချည်လား။

'ကျုပ်ဟာ ကျုပ်အဖေဆုံးတော့ သတင်းရလို့ လိုက်စုံစမ်းကြည့်တော့ ခင်ဗျားလက်ပေါ်မှာ ဆုံးသွားတယ်လို့ သိရတယ်'

'ဟုတ်ပါတယ်၊ ရှင့်ကို သူ့အမွေတွေလွှဲပေးဖို့ ရှေ့နေတစ်ယောက်နဲ့ဆက်သွယ်ဖို့ရေးထားတဲ့ စာတစ်စောင် သူ့ပိုက်ဆံအိတ်ထဲမှာ တွေ့ခဲ့တယ်၊ အဲဒါကို ပေးချင်လို့ ကျွန်မ လိုက်စုံစမ်းခဲ့ရတာပါ၊ ဒါဆို ရှင်ဟာ ကျွန်မကို အစောကြီးကတည်းက သိနေခဲ့တာပေါ့'

ကျွန်မသည် ဒွန်းကို အဖြစ်အပျက်ကို နားမလည်နိုင်စွာ မေးလိုက်မိသည်။

'ဟုတ်တယ်၊ ကျုပ်လည်း ကျုပ်အဖေဆုံးတာ ဆရာမကြောင့်ဆိုပြီး လက်စားချေမယ်ဆိုပြီး တစ်ယူသန်ခဲ့မိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့… ဒါပေမဲ့…'

ဒွန်းက ဆက်မပြောတော့ချေ။ သူ့ရဲ့ မျက်ဝန်းတွေက တလက်လက် တောက်ပလာခဲ့သည်။

'ကျုပ်… ကျုပ် အမှန်အတိုင်း ဝန်ခံပါ့မယ်၊ ကျုပ် ဆရာမကို လက်စားချေဖို့ ဆရာမနားကပ်ခဲ့တာ အမှန်ပါ၊ ဒါပေမဲ့ ကျုပ် ဆရာမကို သိပ်ချစ်သွားခဲ့တယ်'

'အို…'

'ကျုပ် ဆရာမကို စိတ်ချမ်းသာစေချင်တယ်ဗျာ၊ ဆရာမ ဘယ်လိုသဘောရလဲ'

ဒွန်းက ကျွန်မလက်ကိုခပ်ဖွဖွဆုပ်ကိုင်ရင်း ပြောလိုက်သည်။

'ကျွန်မလည်း ရှင့်ကို ပေးဆပ်ချင်ပါတယ် ဒွန်းရယ်'

ကျွန်မ ရင်ထဲမှ တကယ့်ကို လှိုက်လှဲစွာ ပြောလိုက်မိသည်။

'ကျွန်မကြောင့် ရှင့်အဖေ…'

'အို… ဆရာမကြောင့် မဟုတ်ရပါဘူးဗျာ၊ ဒီလောက် စိတ်ထားနူးညံ့တဲ့ ဆရာမကြောင့် မဖြစ်နိုင်ပါဘူး၊ ကံတရားကြောင့်ပဲ နေမှာပါ'





နောက်တစ်နေ့နံနက်တွင် ကားဂိတ်သို့ ဒွန်းရော ကျွန်မပါ ရဲတိုက်ကိုလိုက်ပို့ကြသည်။

ကျွန်မက ရဲတိုက်ကို အားတုံ့အားနာကြည့်ရင်း…

'ရဲတိုက်… ငါ…'

ကျွန်မက ရဲတိုက်ကို တစ်ခုခုဖြေသိမ့်ရန် စကားပြောရန်အလုပ် ရဲတိုက်က လက်ကာပြပြီး…

'ငါ အားလုံးကို နားလည်သွားပြီ မှူး၊ ဒွန်း ကိုယ့်အသက်ကိုကယ်တဲ့အတွက် ဒီတစ်သက် မင်းကျေးဇူးကို မမေ့ပါဘူးကွာ၊ ကိုယ့်သူငယ်ချင်းကို ကောင်းကောင်းဂရုစိုက်ပါ'

'စိတ်ချပါ ကိုရဲတိုက်၊ ဆရာမဟာ ကျုပ်ဘဝရဲ့တစ်ခုတည်းသော ဖြေသိမ့်ရာပါ'

'အောင်မယ်…ဒွန်းကလည်း ငါ့ရဲ့အတိတ်ကအိပ်မက်ဆိုးတွေကို ဖြေသိမ့်ပေးနိုင်တဲ့ တစ်ခုတည်းသော ဖြေသိမ့်ရာပါနော်'

ကျွန်မကလည်း အားကျမခံ ပြန်ပြောလိုက်မိတော့သည်။ ရဲတိုက်ကတော့ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ သဘောထားကြီးခြင်းတို့ကို ပွေ့ပိုက်လျက် ကားပေါ်တက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒွန်းနှင့် မျုးမျက်ခြယ်တို့မှာ တစ်ယောက်လက်ကိုတစ်ယောက်တင်းတင်းဆုပ်၍ ကားလေး၏ နောက်မြီးကိုငေးကြည့်နေကြတော့သည်။ သူတို့ကား တစ်ယောက်ကိုတစ်ယောက် မရှိမဖြစ် လိုအပ်ကြသည့် ထာဝရလက်တွဲသွားကြမည့် ချစ်သူနှစ်ဦးပင် ဖြစ်တော့သည်။

## ပန်းမြတ်အင်ကြင်း

BURMESE CLASSIC .com

www.burmeseclassic.com